ပန- ကား၊ ဝိပုလကသိဏာလာဘိနော- ပြန့်ပြောကျယ်ဝန်းသောကသိဏ်း၌ စျာန်ကိုရခြင်းရှိသည်ဖြစ်၍၊ တသ္မိံ ကသိဏေ- ထိုဝိပုလကသိဏ်း၌၊ သမာပန္နဿ- သမာပတ်၀င်စားသော ပုဂ္ဂိုလ်၏၊ အန္တောသမာပတ္တိယံ- ၌၊ ပဝတ္တိတ ရူပါ ရူပဓမ္မေ-တို့ကို၊ သောကောတိစ- ဟူ၍ဆိုး၊ ကသိဏ ပရိစ္ဆေဒန္တေန- ကသိဏ်း အပိုင်းအခြား၏ အဆုံးအားဖြင့်၊ အနန္တောတိစ- အဆုံး အပိုင်းအခြားမရှိဟူ၍ဆိုး၊ ဂဏှန္တဿ- ယူသောပုဂ္ဂိုလ်၏၊ လောကော-သည်၊ အန္တ၀ါ- အဆုံးအပိုင်းအခြားမရှိ၊ ဣတိ- သို့၊ ဂဟဏာကာရပ္ပ၀တ္တာ - သော၊ ဒိဋ္ဌိ- တည်း၊ သာ-ထို အနန္တ၀ါဒိဋ္ဌိသည်၊ သဿတဒိဋ္ဌိပိ- သည်လည်း၊ ဟောတိ၊ ဥစ္ဆေဒဒိဋ္ဌိပိ(ဟောတိ)။

တံ ဇီ၀ံ တံ သရီရန္တိ-ကား၊ဘေဒနဓမ္မဿ- ပျက်ခြင်းသဘောရှိသော၊ သရီရဿေ၀ - ခန္ဓာငါးပါးအပေါင်းဟူသော ကိုယ်၏သာလျှင်၊ ၀ါ- ကိုသာလျှင်၊ ဇီ၀န္တိ- အသက်ကောင်ဟူ၍၊ ဂဟိတတ္တာ-ယူအပ်သည်၏အဖြစ်ကြောင့်၊ သရီရေ- ကိုယ်သည်၊ ဥစ္ဆိဇ္ဇမာနေ-ပြတ်လေသော်၊ ဇီ၀မွိ- အသက်ကောင် သည်လည်း၊

အန္တ၀ါ။ ။ကသိဏ်းဝန်းက ကျဉ်းနေသောကြောင့် ထို ကသိဏ်း၏ ပတ်၀န်းကျင်၌ အပိုင်းအခြားအဆုံးရှိသလို ပဋိဘာဂနိမိတ် ထင်လာသောအခါ ထိုပဋိဘာဂနိမိတ်ကိုအာရုံပြု၍ သမာပတ်၀င်စားခဲ့သောအခါ ထိုသမာပတ်အတွင်း၌ ဖြစ်သော ရုပ်တရား နာမ်ဘရားဟူသော လောကလည်း အဆုံးအပိုင်းအခြား ရှိ၏ဟုပင် ယူသည်။ [အန္တောဃသဒ္ဒ အတ္ထိဟိ အန္တ၀ါ (သောကော)။]

ဥစ္စိဇ္ဇတိ-ပြတ်၏၊ ဣတိ-သို့၊ ဥစ္ဆေဒဂဟဏာကာရပဝတ္တာ-ဥစ္ဆေဒဟု ယူပုံ အခြင်းအရာအား ဖြင့်ဖြစ်သော၊ ဒိဋ္ဌိ-တည်း၊ ဒုတိယပဒေ-ဒုဘိယပုဒ်၌၊ (အညံ ဇီဝံ အညံ သရီရံဟူသော ဒုတိယပုဒ်၌၊) သရီရတော-မှ၊ အညဿ-အခြား သော၊ ဇီဝဿ-အသက်ကောင်၏၊ ဝါ-ကို၊ ဂဟိတတ္တာ-ကြောင့်၊ သရီရေ-ကိုယ်သည်၊ ဥစ္ဆိဇ္ဇမာနေပိ-ပြတ်ပါသော်လည်း၊ ဇီဝံ-အသက်ကောင်သည်၊ နဥစ္ဆိဇ္ဇတိ-မပြုတ်၊ (မြဲ၏၊) ဣတိ-သို့၊ သဿတဂ္ဂဟဏာကာရပဝတ္တာ-သဿတဟု ယူပုံ အခြင်းအရာအား ဖြင့် ဖြစ်သော၊ ဒိဋ္ဌိ-တည်း။

ဟောတိ တထာဂတော ပရံ မရဏာတိ အာဒီသု- အစရှိသောပါဠိရပ်တို့၌၊ သတ္တော-သတ္တဝါသည်၊ တထာဂတောနာမ-တထာဂတ မည်၏၊ စ-ဆက်၊ သော-ထိုသတ္တဝါသည်၊ မရဏာ-သေရာအခါမှ၊ ပရံ-နောက်၌၊ ဟောတိ-ရှိ၏၊ ဣတိ-သို့၊ ဂဏှာတော-ယူသောပုဂ္ဂိုလ်၏၊ ပဌမာ-ရှေးဦးစွာသော အယူသည်၊ သဿတဒိဋ္ဌိ-သဿတဒိဋ္ဌိတည်း၊ (သော-ထိုသတ္တဝါသည်၊ မ ရဏာ-မှ၊ ပရံ-၌၊) နဟောတိ-မရှိတော့၊ ဣတိ- ဂဏှတော-၏၊ ဒုတိယာ-၂ ခုမြောက် အယူသည်၊ ဥစ္ဆေဒဒိဋ္ဌိ-ဓာည်း၊ (သော မရဏာ ပရံ) ဟောတိစ-အချို့လည်း ရှိသေး၏၊ နဟောတိစ-အချို့လည်းမရှိတော့၊ ဣတိ ဂဏှတော၊ တတိယာ-၃ ခုမြောက်အယူသည်၊ ကေစ္စသဿတဒိဋ္ဌိ-တည်း၊ (သော မရဏာ ပရံ) နေဝ ဟောတိ-ရှိသည်လည်းမဟုတ်၊ နနဟောတိ-မရှိသည်လည်းမဟုတ်၊ ဣတိ ဂဏှတော, စတုတ္ထာ-၄ ခုမြောက်အယူသည်၊ အမရဝိက္ခေပဒိဋ္ဌိ-တည်း။

သရီရတော အညဿ၊ ၊ဇီဝဟူသောအယူသည် အတ္တာဟူသောအယူနှင့် သဘောတူ၏၊ "သရီရ"ဟူသည် ဥပါဒါနက္ခန္ဓာ ၅ ပါးအပေါင်းဟူသောကိုယ်တည်း၊ [အနုဋီကာ၌ကား "ရူပက္ခန္ဓာကိုသာ သရီရ"ဟု ယူ၏၊] "သရီရမှ တပါးသော ဇီဝ" ဟူရာ၌ "ခန္ဓာငါးပါးမှ အလွတ်ဖြစ်သော ဇီဝ (အသက်ကောင်)ရှိသေး၏" ဟု ယူပါသလော, အဘယ်သို့ယူသနည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား "အညံဇီဝံ"၌ ဇီဝဟူသောအယူသည် ဥပါဒါနက္ခန္ဓာ ၅ အပေါင်း၌ ဖြစ်စေကာမူ ရူပက္ခန္ဓာ၌ဖြစ်စေအခြားနာမ်ခန္ဓာ၌ဖြစ်စေ စွဲစွဲမြဲမြဲမယူပဲ ထိုခန္ဓာ ၅ ပါးမှ တမျိုးတခြားဟု (မိစ္ဆာအယူရှိ သူကိုယ်တိုင်)ကြံဆအပ်သော အသက်ဇီဝကို "အညံ ဇီဝံ-ခန္ဓာ ၅ ပါးဟူသာသရီရမှ တမျိုးတခြား ဇီဝ"ဟုဆိုထားသည်၊ [အညံဇီဝန္တိ၊ ပေ၊ဂဏှာတိ၊-ဋီကာ၊ဋီကာ၌ "ယဒိ ပဝတ္တာကိ"ဟုဆိုသောကြောင့် "ခန္ဓာ ၅ ပါး၌မဖြစ်သော(ခန္ဓာ ၅ပါးမှအလွတ် သက်သက်ဟူသော)ဇီဝအယူသည်း ရှိသေး၏"ဟု အဓိပ္ပါယ်ရ၏။]

အမရာဝိက္ခေပဒိဋ္ဌိ။ ။အမရာ-မသေသကဲ့သို့ မပြီးမပြတ်နိုင်သော (တနည်း) အမရာမည်သော ငါးသည် ဖမ်း၍မမိနိုင်သကဲ့သို့, မေးသောပုဂ္ဂိုလ်က သူ၏အယူကို ဖမ်း၍ မမိနိုင်သောကြောင့် အမရာမည်သော ငါးနှင့်တူသော+ဝိက္ခေပ-မေးသူ၏ စကားကို အမျိုးမျိုးအဖုံဖုံ ပယ်ရှားကြောင်းဖြစ်သော၊ ဒိဋ္ဌိ-မိစ္ဆာအယူ၊ [အကျယ်ကို သိလက္ခန် ဗြဟ္မဇာလသုတ်အဖွင့်၌ ရှုပါ။]

သည်၊(အသို့)၊ကုတိ ဧဝံ-သို့၊ ဥပပဇ္ဇမာနော-သည်၊(ဟောတိ)၊ဧဝံ-ဤသို့လျှင်၊ သေယျမာနော-သေယျမာန်၎င်း၊ (မြတ်သူဟူ၍ ဖြစ်သောမာန်၎င်း၊) သဒိသမာနော-၎င်း၊(တန်းတူသူဟူ၍ ဖြစ်သောမာန်၎င်း၊)ဟီနမာနေ-၎င်း၊(ယုတ်ညံ့သူဟူ၍ဖြစ်သောမာန်၎င်း၊)ကုဘိ-သို့၊ တယော-နှင့်သော၊ ကုမေမာနော-ဤမာနတို့သည်၊ တိဏ္ဏံ-၃ ယောက်ကုန်သော၊ ဇနာနံ-လူတို့၏ (သန္တာန်၌)၊ ဥပပဇ္ဇန္တိ-ဖြစ်ကုန်၏။

ဟိ-ခဲ့၊သေယျာဿာပိ-မြတ်သူ၏လည်း၊ အဟံ-သည်၊ သေယျော-မြတ်သူသည်၊(အသို့)၊သဒိသော-တန်းတူသူသည်၊ (အသို့)၊ ဟီနော-ယုတ်ညံ့သူသည် (အသို့)၊ကုတိ-သို့၊ တယော-နှင့်သော၊ မာနော-တို့သည်၊ ဥပပဇ္ဇန္တိ၊သဒိသဿာပိ-တန်းတူသူ၏လည်း၊ (အဟံ သေယျော အသို့၊ သဒိသော အသို့၊ ဟီနော အသို့၊ကုတိ တယော မာနော ဥပပဇ္ဇန္တိ၊)ဟီနဿာပိ-ယုတ်ညံ့သူ၏လည်း၊ (အဟံ သေယျော အသို့၊ သဒိသော အသို့၊ ဟီနော အသို့၊ ကုတိ တယော မာနော ဥပပဇ္ဇန္တိ၊) တတ္ထ-ထို ၃ မျိုးသောမာန်တို့တွင်၊ ဝါ-ထို ၃ မျိုးသော လူတို့တွင်၊ သေယျဿ-သေယျပုဂ္ဂိုလ်၏၊ သေယျမာနော၀ - သေယျမာန် သည်သော၊ ယာထာ၀မာနော-ဟုတ်မှန်သောမာန်တည်း၊ ကုတရေ-သေယျမာန်မှ တပါးကုန်သော၊ ဒွေ-၂ ပါးသော သဒိသမာန်, ဟီနမာန်တို့သည်၊ အယာထာ၀မာနော-မဟုတ်မှန်သောမာန်တို့တည်း၊ သဒိသဿ-သဒိသပုဂ္ဂိုလ်၏၊ သဒိသမာနော၀-သည်သော၊ ယာထာ၀မာနော၊ ကုတရေ ဒွေ အယာထာ၀မာနော၊ ဟီနဿ-ဟီနပုဂ္ဂိုလ်၏၊ဟီနမာနော၀-သည်သော၊ ယာထာ၀မာနော၊ကုတရေ-ဟီနမာန်မှ တပါးကုန်သော၊ ဒွေ-၂ ပါးသော သေယျမာန် သဒိသမာန်တို့သည်၊ အယာထာ၀မာနော-တို့တည်း။

ကုမိနော-ဤသေယျာဟမသို့ အစရှိသောစကားဖြင့်၊ ကိ-အဘယ်အနက်ကို၊ ကထိတံ-ဟောတော်မူအပ်သနည်း၊ (ဟောတော်မူလိုသနည်း)၊ ကေဿ-တယောက်သောပုဂ္ဂိုလ်၏(သန္တာန်၌)(တနည်း)ကဲ့သ-တယောက်တယောက်သော ပုဂ္ဂိုလ်၏ (သန္တာန်၌)၊ (ဝိစ္ဆာလောပ၊) တယော-၃ ပါးကုန်သော၊

တယော မာနော။ ။သေယျပုဂ္ဂိုလ် အစစ်ဖြစ်ပါလျက် သူ့ကိုယ်သူ သူမျှားနှင့် တန်းတူသူဟုလည်း ထင်နိုင်၏၊အစွမ်းသတ္တိမရှိသောကြောင့်သူ့ကိုယ်သူသူမျှားအောက် ယုတ်ညံ့သူဟုလည်း ထင်နိုင်၏၊ထို့ကြောင့် သေယျပုဂ္ဂိုလ်မှာ မာန် ၃ မျိုးဖြစ်နိုင်သည်၊ သဒိသပုဂ္ဂိုလ်မှာလည်း သူ့ကိုယ်သူ အထင်ကြီး၍ ငါမြတ်သူဟုလည်း ထင်နိုင်၏၊ သူ့ကိုယ်သူအထင်သေး၍ ငါဟာအောက်တန်းကျသူဟုလည်းထင်နိုင်၏၊ဟီနပုဂ္ဂိုလ်မှာလည်း သူ့ကိုယ်သူအထင်ကြီး၍ ငါမြတ်သူဟုလည်း ထင်နိုင်၏၊သူမျှားနှင့် တန်းတူသူဟုလည်း ထင်နိုင်၏၊ ထို့ကြောင့် ‘‘ဤမေ တယော မာနာ တိဏ္ဏံ ဇနာနံ ဥပပဇ္ဇန္တိ-မာန် ၃ မျိုးတို့သည်လူ ၃ မျိုးတို့သန္တာန်၌ ဖြစ်ကုန်၏’’ ဟုဆိုရသည်။

(တနည်း) တဒေ်ဃာ-၃ပါး ၃ပါးကုန်သော၊ မာနာ-တို့သည်၊ ဥပပဇ္ဇန္တိ-နှ်၏၊ ကွတိ-ဤအနက်ကို၊ ကထိတံ-ဟောတော်မူအပ်ပြီ၊ ပန-ဆက်၊ ခုဒ္ဒကဝတ္ထုကေ-ခုဒ္ဒကဝတ္ထုပါဠိတော်၌၊ ပဌမကမာနဘာဇနီယေ-ရှေးဦးစွာဖြစ်သော မာနကို ဝေဘန်ရာ နိဒ္ဒေသ၌၊ ဧကော-တပါးသော၊ မာနော-သည်၊ တိဏ္ဏံ-၃ယောက်ကုန်သော၊ ဇနာနံ-လူတို့၏(သန္တာန်၌)၊ဥပပဇ္ဇတိ-၏၊ကွတိ-သို့၊ကထိတော-ပြီ။ [“ဧကဿ တယော မာနာ ဥပပဇ္ဇန္တိ”ဟုငင်း, “ဧကော မာနောတိဏ္ဏံ ဇနာနံ ဥပပဇ္ဇတိ”ဟုငင်း စကားအသုံးကဲ့သော်လည်း အဓိပ္ပါယ်တူပင်-ဟူလို။]

မာနကရဏာဝသေန-မှတ်ထင်မှုကို ပြုခြင်း၏ အစွမ်းကြောင့်၊ မာနော-မည်၏၊ [မိမိကိုယ်ကို သေယျာဟုထင်ထင်, သဒိသဟုထင်ထင်, ဟီနဟုထင်ထင် ထို မှတ်ထင်မှုဟူသမျှကို“မညတိ-မှတ်ထင်တတ်၏”ဟူသောဝိဂြိုဟ်အရ“မာန” ဟု ခေါ်သည်။] မညနာ မညိတတ္တန်-ဟူသောသဒ္ဒါတို့သည်၊အာကာရဘာဝနိဒ္ဒေသာ-အာကာရကို ညွှန်ပြကြောင်း ဘာဝအနက်ကို ညွှန်ပြကြောင်းသဒ္ဒါတို့တည်း။[မညနာသည် အခြင်းအရာကို ညွှန်ပြသော အာကာရနိဒ္ဒေသ, မညိတတ္တံသည် ဘောအနက်ကို ညွှန်ပြသော ဘာဝနိဒ္ဒေသတည်း။] ဥဿီတဋ္ဌေန-အထက်၌ စိုက်ထောင်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ (တက်ကြွတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊) ဥန္နတိ-ဥန္နတိမည်၏၊ ယသ-အကြောင်ပုဂ္ဂိုလ်၏ (သန္တာန်၌)၊ ဥပပဇ္ဇတိ၊ တံပုဂ္ဂလံ-ကို၊ ဥန္နာမေတိ-အထက်သို့ ညွှတ်စေတတ်၏၊ (တက်ကြွစေတတ်၏၊) ဥက္ခိပိတ္တာ-မြှောက်ပင့်၍၊ ထမေတိ-ထားတတ်၏၊ ဣတိ-ထို့ကြောင့်၊ ဥန္နာမော-မည်၏၊ [ဥန္နာမေတိကို ကြည့်၍ “ဥန္နာမော”ဟု ရှိစေ၊ ဥပုဗ္ဗ နမုဓာတ်, ကာရိတ်ကြေ, ဏပစ္စည်း၊] သမုဿိတဋ္ဌေန-အလွန် စိုက်ထောင်တတ်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ (အလွန်တက်ကြွတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊) ဓဇော- အလံနှင့်တူ၏၊ ဥက္ခိပနဋ္ဌေန-မြှောက်ပင့်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ စိတ္တံ-ကို၊ သမ္ပဂ္ဂဏှာတိ-ချီမြှောက်တတ်၏၊ ဣတိ-ကြောင့်၊ သမ္ပဂ္ဂါဟော-မည်၏။

ဗဟူသု-များစွာကုန်သော၊ ဓဇေသု-အလံတို့တွင်၊ အစ္ဆုဂ္ဂတဓဇော-အလွန်မြင့်တက်သော အလံကို၊ ကေတု-ကေတုဟူ၍၊ ဝုစ္စတိ-၏၊ မာနောပိ-သည်လည်း၊ ပုနပ္ပုနံ-အဖန်ဖန်၊ ဥပ္ပဇ္ဇမာနော-ဖြစ်သကဲ့သို့၊ အပရာပရေ-အခြားအခြားသောမာနတို့ကို၊ဥပါဒါယ-ကပ်ယူ၍၊(ထောက်စာ၍၊)အစ္ဆုဂ္ဂတဋ္ဌေန-အလွန်မြင့်တက်သည်၏အဖြစ်ဟူသော အနက်ကြောင့်၊ ကေတုဝိယ-အမြင့်ဆုံးအလံနှင့်တူ၏၊ ဣတိ-ကြောင့်၊ ကေတု-မည်၏၊[ကေတုဝိယာတိကေတု၊]ကေတုံအမြင့်ဆုံးအလံကဲ့သို့ အလွန်မြင့်တက်ခြင်းကို၊ ဣစ္ဆတိ-လိုလားတတ်၏၊ ဣတိ-ကြောင့်၊ ယေတုကမျှ-မည်၏၊ [စိတ်ကို ရသည်၊ ကေဝုံ ကာမေတီတိ ကေတု ကာမော၊ (ပုဂ္ဂိုလ်)၊ ကေတုကာမဿ+ဘာဝေါ ကေတုကမျှ၊ ဤသို့ ဝိဂ္ဂဟ

အကျယ် ပြုသင့်၏။] တသ-ထိုအမြင့်ဆုံး အလံကဲ့သို့ အလွန်မြင့်တက်ခြင်းကို လိုလားသောစိတ်၏၊ ဘာဝေါ-ဖြစ်ကြောင်း ဖြစ်ရာတည်း၊ ကေတုကမျတာ-ရာ၊ ပန-ဆဲက်၊ သာ-ထို ကေတုကမျတာသည်၊ စိတ္တသ-၏၊ကေတုကမျတာ-ကေတုကမျတာတည်း၊အတ္တနော-အတ္တ၏၊(ကေတုကမျတာ-ကေတုကမျတာသည်၊)န-မဟုတ်၊ တေန-ကြောင့်၊ ကေတုကမျတာ စိတ္တသာတို့-ဟူ၍၊(ဘဂဝတာ) ဝုတ္တံ-ပြီ၊ ဟိ-မှန်၊ မာနသမ္မယုတ္တံ-မာနနှင့်ယှဉ်သော၊ စိတ္တံ-သည်၊ ကေတုံ-အမြင့်ဆုံး အလံကဲ့သို့ အလွန်မြင့်တက်ခြင်းကို၊ ဣစ္ဆတိ-လိုလား၏၊ တသစ-ထိုအမြင့်ဆုံး အလံကဲ့သို့ အလွန်မြင့်တက်ခြင်းကို လိုလားသော စိတ်၏လည်း၊ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာသည်၊ ကေတုကမျတာ-မည်၏။ကေတုသဒ်ါတော-အမြင့်ဆုံး အလံကဲ့သို့ အလွန် မြင့်တက်ခြင်းဟု ဆိုအပ်သော၊ မာနော-တည်း၊ ဣတိ-မှတ်အပ်၏။

ဣဿာနိဒ္ဒေသေ-၌၊ ယာ၊ ပေ၊ ဣဿာတိ-ကား၊ ပရေသံ-သူတပါးတို့၏၊ ဧတေသု လာဘာဒီသု-ဤလာဘ်အစရှိသည်တို့၌၊ (ဣဿာ၌စပ်၊) ဣမေသံ-ဤသူတို့အား၊ဣမိနာ-ဤလာဘ်ဖြင့်၊ [ဤသက္ကာရဖြင့်,စသည်အားလုံးကိုတခုစီစဲ့ပါ၊] ကိ-အဘယ်အကျိုးရှိအံ့နည်း၊ ဣတိ-သို့၊ ပရသမ္ပတ္တိ ခီယနလက္ခဏာ-သူတပါးစည်းစိမ်ကို ရှုတ်ချခြင်းလက္ခဏာရှိသော၊ ယာ ဣဿာ-အကြင်ငြူစူခြင်းသည်၊ (အတ္ထိ)၊တာတ္ထ-ထို လာဘ စသည်တို့တွင်၊ လာဘောတိ-ကား၊ စီဝရာဒီနံ-သင်္ကန်း အစရှိကုန်သော၊ စတုန္နံ-န်သော၊ ပစ္စယာနံ-တို့ကို၊ ပဋိလာဘေ-ရခြင်းတည်း၊ [အခြားနေရာ၌ လာဘောအရ ၄ ပါးသောလာဘ်ကိုသာ ဖွင့်၏။ ဤ၌ကား ထိုလာဘ်ကို ရခြင်းတိုင်အောင် ယူရသည်၊]ဟိ-မှန်၊ ဣဿုကီ-ငြူစူခြင်းရှိသော၊ ပုဂ္ဂလော-သည်၊ ပရဿ-သူတပါး၏၊ တံလာဘံ-ထိုပစ္စည်းကိုရခြင်းကို၊ ခီယတိ-ရှုတ်ချ၏၊ဣမဿ-ဤသူအား၊ဣမိနာ-ဤရခြင်းဖြင့်၊ကိ-နည်း၊ ဣတိ-သို့၊ နဣဿတိ-လာဘ်ရခြင်းကိုအလိုမရှိ၊ သက္ကာရောတိ-ကား၊ သုကတာနံ-ကောင်းစွာ ပြုအပ်ကုန်သော၊ သုန္ဒရာနံ-ကောင်းကုန်သော၊ တေသံယေဝ ပစ္စယာနံ-ထိုပစ္စည်းတို့ကိုပင်လျှင်၊ ပဋိလာဘော-ရခြင်းတည်း။

ဣဿုကီ။ ။(နဣစ္ဆတိနေရာဝယ် "ဣဿတိ" ဟု ရှိလျှင်စာသွားဖြောင့်သည် ဣဿာ+အဿအတ္ထိတိဣဿုကီဟုပြု၊ "ဒိဿန္တိညေဝိပစ္စယာ" ဟူသော မောဂ္ဂလ္လာန်ဏာဒိ(၁၂၀)သုတ်ဖြင့် ဥကီပစ္စည်း သက်။

သက္ကာရော။ ။အခြားနေရာ၌ သမ္မာ+ကာရော သက္ကာရော-ကောင်းစွာပြုအပ်အထူးတလည်ပြုအပ်သောပစ္စည်း၄ပါးတို့ကို "သက္ကာရ" ဟုဆိုသည်၊ ဤ၌ကောင်းစွာပြုအပ် အထူးတလည်ပြုအပ်သော ထိုပစ္စည်း၄ပါးကို ရခြင်းတိုင်အောင် ယူစေလို၍ "ပဋိလာဘော" ဟုဖွင့်သည်၊ ဌာနပစ္စည်း၏ အမည်ကို ဌာနီရခြင်း၌ တင်စားသော ဌာန္ဝါ။ ပစာတည်း၊ လာဘောတုန်းကလည်း နည်းတူ။

ဂရုကာရောတိ-ကား၊ ဂရုကြိယာ-အလေးပြုခြင်းတည်း၊ ဘာရိယကရဏ်-လေးလံသည်၏ အဖြစ်ကို ပြုခြင်းတည်း၊ [ပေါ့ပေါ့ဆဆမပြုပဲ ထမ်းဆောင်အပ်သော တာဝန်တခုအနေအားဖြင့် ပြုခြင်းကို "ဘာရိယကရဏ" ဟု ခေါ်၏] မာနနဋ္ဌိ-ကား၊ မနေန-စိတ်ဖြင့်၊ ပိယကရဏံ - ခွစ်မြတ်နိုးမှုကို ပြုခြင်းတည်း။ ["မာနိယတေ-မြတ်နိုးခြင်း၊ မာနနံ-ခြင်း" ဟုပြု၊] ဝန္ဒနဋ္ဌိ-ကား၊ ပဉ္ဆပ္ပတိဋ္ဌိတေန-ငါးပါးသော အင်္ဂါတို့ဖြင့် ရှေးရှုတည်ခြင်းဖြင့်၊ ဝန္ဒနံ-ရှိခိုးခြင်းတည်း၊ ပူဇနာတိ - ကား၊ ဂန္ဓမာလာဒီဟိ-နံ့သာ, ပန်းအစရှိသည်တို့ဖြင့်၊ ပူဇနာ-ပူဇော်ခြင်းတည်း၊ ကျဿာယ ဝနဝသေန-ကျဿာဖြစ်ခြင်း၏အစွမ်းဖြင့်၊ ကျဿာ-မည်၏၊ ကျဿာကာရော-ကျဿာ၏ ဖြစ်ပုံအခြင်းအရာသည်၊ ကျဿာယနာ-မည်၏၊ [ကျဿာယ + အယနာကျဿာယနာ၊] ကျဿာယိတဘာဝေါ-ကျဿာဖြင့် ဖြစ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ ကျဿာယိတတ်-မည်၏၊ ဥဿုယာဒီနိ-ဥဿုယ အစရှိသော သဒ္ဒါတို့သည်၊ ကျဿာဒိဝေါဝစနာနိ-ကျဿာအစရှိသော သဒ္ဒါတို့၏ ဝေါဝုစ်ပရိယာယ်တို့တည်း၊ [ကျဿာနှင့် ဥဿုယာ, ကျဿာယနာနှင့်ဥဿုယနာ, ကျဿာယိတတ်နှင့် ဥဿုယိတတ်တို့ ပရိယာယ်ဖြစ်ကြသည်၊ "ဥဿုယ-ဒေါသာဝိဟရဏော" ဟု ဓာတ်ကျမ်းရှိ၏၊ ထို့ကြောင့် စိတ်ဖြင့်ငြူစူခြင်းကျဿာသည် နှုတ်ဖြင့်ပြောသောအခါ ဥဿုယဖြစ်၏။]

ပန်—ဆက်၊ ကျမိဿာ ကျဿာယ-ဤကျဿာ၏၊ ခိယနလက္ခဏံ-ပရလာဘစသည်တို့၌ ရှုတ်ချခြင်းလက္ခဏာကို၊ အာဂါရိကေနာပိ-အိမ်၌တည်သူ လူဝတ်ကြောင်အားဖြင့်ဝင်း၊ အနာဂါရိကေနာပိ - အိမ်ယာမရှိသော ရဟန္တရဟန်းအားဖြင့်ဝင်း၊ ဒိပေတဗ္ဗံ-ပြထိုက်၏၊ ဟိ-ခဲ့၊ အာဂါရိကော—အိမ်၌ တည်သူလူဝတ်ကြောင်သည်၊ ကေစ္စော-အချို့သည်၊ ကသိဝါဏိဇ္ဇာဒီသု-လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အစရှိသည်တို့တွင်၊ အညတရေန - တပါးပါးသော၊ အာဇီဝေန-အသက်မွေးဝမ်းကြောင်းဖြင့်၊ အတ္တာနော—၏၊ပုရိသကာရံ-ယောကျ်းတို့ ပြုအပ်သောလုံ့လကို၊ နိဿာယ-မှီ၍၊ ဘဒ္ဒကံ-ကောင်းသော၊ ယာနံဝါ-လှည်း, လှေစသောယာဉ်ကိုသော်၎င်း၊ ဝါဟနံဝါ-ဆောင်တတ်သော ဆင်မြင်းစသည်ကို သော်၎င်း၊ ရတနံဝါ—ရတနာကိုသော်၎င်း၊လဘတိ-ရ၏၊ အပဏော-အခြားသူသည်၊ တဿ-ထိုယောကျ်း၏၊ အလာဘတ္ထိကော-လာဘ်ရခြင်းဖြင့် အလိုမရှိသည်၊ (ဟုတွာ)၊ တေန လာဘေန-ဖြင့်၊ နတုဿတိ - မနှစ်သက်၊

ပဉ္ဆပ္ပတိဋ္ဌိတေန။ ။ပဉ္ဆဟိ-လက်ခြေနဖူး, တတောင်ဒူးဟူသော ငါးပါးသော အင်္ဂါတို့ဖြင့်+အဘိမုခံ+ဋ္ဌိတေန- ရှိခိုးအပ်သောပုဂ္ဂိုလ်ဘက်သို့ရှေးရှု+တည်ခြင်းအားဖြင့်)၊ -သိလက္ခန်ဋီကာသစ်,သာမညဖလသုတ်၊ ဤအဖွင့်ကိုကြည့်၍ "ပဉ္ဆဟိ+ပတိဋ္ဌိတော ပဉ္ဆပ္ပတိဋ္ဌိတော-ငါးပါးသော ကိုယ်အင်္ဂါတို့ဖြင့် ရှေးရှုတည်ခြင်း" ဟု ပြုပါ။ [ပတိသဒ္ဒါသည် အဘိမုခအနက်ဟော။]

ကဒါ-အဘယ်အခါ၌၊ ဧသော-ဤသူသည်၊ ဣမာယသမ္ပယုတ္တော်ယာ-ဤပြည့်စုံခြင်းမှ၊ ပရိဟာယိတ္ဝာ – ဆုတ်ယုတ်၍၊ ကပဏော – အထီးကျန်မဲ့ လူဆင်းရဲသည်၊ ဟုတ္ဝာ, စရိဿတိနုခေါ - လှည့်လည်ရပါလတံ့နည်း၊ ဣတိ-သို့၊စိန္တေတ္ဝာ-ကြံ၍၊ ဧကေန-တခုသော၊ ကာရဏေန-အကြောင်းကြောင့်၊ တသ္မိ-ထို ပုဂ္ဂိုလ်သည်၊ တာယသမ္ပတ္တိယာ-ထိုပြည့်စုံခြင်းမှ၊ (ထိုစည်းစိမ်မှ၊) ပရိဟီနေ-ဆုတ်ယုတ်လသော်၊ အတ္တာမနော-မိမိစိတ်ရှိသည်။(နှစ်သက်ဝမ်းမြောက်သည်၊) ဟောတိ–၏။

အနာဂါရိကောပိ - အိမ်ယာမရှိသော ရဟဲ့ရဟန်းသည်လည်း၊ ဧကော-အချို့သည်၊ ဣဿာမနကော - ဣဿာနှင့်ယှဉ်သောစိတ်ရှိသည်၊ (ဟုတ္ဝာ)၊ အညံ-အခြားသောပုဂ္ဂိုလ်ကို၊ အတ္တာနော-၏၊ သုတ, ပရိယတ္တိအာဒီနိ-ကြားနာအပ်သောအတတ်, သင်ယူအပ်သော ပရိယတ်အစရှိသည်တို့ကို၊ နိဿာယ-မှီ၍၊ ဥပ္ပန္နလာဘာဒိသမ္ပတ္တိ-ဖြစ်သောလာဘ်အစရှိသည်တို့၏ ပြည့်စုံခြင်းကို ဒိဿွာ-မြင်ရ၍၊ကဒါဠ္ဟိ၊ ဧသော–ဤပုဂ္ဂိုလ်သည်၊ ဣမေဟိလာဘာဒီဟိ–ဤလာဘ်အစရှိသည်တို့မှ၊ ပရိဟာယိသတိနုခေါ – ဆုတ်ယုတ်ပါလတံ့နည်း၊ ဣတိ စိန္တေတ္ဝာ, ယဒါ-၌၊ တံ-ထိုပုဂ္ဂိုလ်ကို၊ ဧကေန-ဖြစ်သော၊ ကာရဏေန-ကြောင့်၊ ပရိဟီနံ-ယုတ်လျော့သည်ကို၊ ပဿတိ-မြင်ရ၏၊ တဒါ-၌၊ အတ္တာ မနောဟောတိ၊ ဧဝံ-ဤသို့လျှင်၊ ဣဿာ-သည်၊ ပရသမ္ပတ္တိဒိယနလက္ခဏာ-သူတပါးစည်းစိမ်ကို ရှုတ်ချခြင်းလက္ခဏာရှိ၏၊ ဣတိဧဒံတပ္ပဋာ-၏။

မစ္ဆရိယနိဒ္ဒေသေ-၌၊ ဝတ္ထုတော – ဝတ္ထုအားဖြင့် (မစ္ဆရိယ၏တည်ရာအာရုံအားဖြင့်၊) မစ္ဆရိယဒဿနတ္ထံ-မစ္ဆရိယကိုပြခြင်းအကျိုးငှာ၊ (အာရမဏိကဖြစ်သော ပစ္စယကိုပြခြင်းအကျိုးငှာ၊)ပဠာ၊ပေ၊ မစ္ဆရိယန္တိအာဒိ-အစရှိသော စကဝါးရပ်ကို၊ (ဘဂဝတာ)ဝုတ္တံ၊ တတ္ထ-ထိုပဠာမစ္ဆရိယာနိ အာဝါသမစ္ဆရိယံ အစရှိသောစကားရပ်၌၊ အာဝါသေ–နေရာ၌၊ (ကျောင်းစသည်၌၊) မစ္ဆရိယံ-ဝန်တိုသူ၏ အဖြစ်သည်၊ အာဝါသမစ္ဆရိယံ – မည်၏ [မစ္ဆရဿ-ဝန်တိုသူ၏+ဘာဝေါ+မစ္ဆရိယံ။] သေသပဒေသုပိ - ကြွင်းသော ပုဒ်တို့၌လည်း၊ (အာဝါသမစ္ဆရိယပုဒ်မှကြွင်းသော လာဘမ့စ္ဆရိယအစရှိသောပုဒ်တို့၌လည်း) ဧသေဝနယော၊ အာဝါသောနာမ–အာဝသမည်သည်၊ သကလာရာမောပိ-အလုံးစုံသော ကျောင်းတိုက်သည်ၚင်း၊ ပရိဝေဏံပိ – ပရိဝုဏ် သည်ၚင်း၊ [ကျောင်းတိုက်ကြီးအတွင်းဝယ် အသီးသီးသော အကာအရံရှိသောကျောင်းကို ''ပရိဝုဏ်''ဟု ခေါ်သည်၊] ကေဝဝရကောပိ–တိုက်ခန်းတခုသည်ၚင်း၊ (ကျောင်းတကျောင်းဝယ်အခန်းတခုသည်ၚင်း၊) ရတ္တိဋ္ဌာန ဒိဝါဋ္ဌာနာဒီနိပိ–ညဉ့်နေရာအရပ်, နေ့နေရာအရပ် အစရှိသည်တို့သည်ၚင်းတည်း၊ တေသု-ထိုအာဂါသတို့၌၊ ဝသန္တော-နေသောပုဂ္ဂိုလ်တို့သည်၊သုခံ-ချမ်းသာစွာ၊ ဝသန္တီ

နေကြရကုန်၏၊ ပစ္စယေ-ပစ္စည်း ၄ ပါးတို့ကို၊ လဘန္တီ-ရကြကုန်၏၊ ကောတပါးသော၊ ဘိက္ခု-သည်၊ ဝတ္တာသမ္မန္နဿဝ-ဝတ်အကျင့်နှင့် ပြည့်စုံသည် သာလျှင်ဖြစ်သော၊ ပေသလဿ-သီလကို ချစ်မြတ်နိုးသော၊ ဘိက္ခုနော-၏၊ တတ္ထ-ထိုကျောင်းသို့၊ အာဂမန်-လာခြင်းကို၊ နုဇ္ဈတိ-မလိုလား၊ အာဂတော-လာသည်၊ (သမာနော)ပိ-ဖြစ်ပါ၁သော်လည်း၊ ခိပ္ပံ-လျင်စွာ၊ ဂစ္ဆတု-ပြန်သွား ပါစေသတည်း၊ ဣတိ,စိန္တေသိ-ပြီ၊ ဣဒံ-ဤ မစ္ဆရိယသည်၊ အာဝါသမစ္ဆရိယံ နာမ-မည်၏၊ (ကျောင်း၌ ဝန်တိုခြင်းမည်၏၊) ပန-ဆက်၊ ဘဏ္ဍုနကာရကာ ဒီနံ-ငြင်းခုံမှုကိုပြုတတ်သူ အစရှိသူတို့၏၊ တတ္ထ-ထိုကျောင်း၌၊ ဝါသံ-နေခြင်း ကို၊ အနိစ္ဆတော-အလိုမရှိသော ပုဂ္ဂိုလ်၏၊ အာဝါသမစ္ဆရိယံနာမ-အာဝါသ မစ္ဆရိယမည်သည်၊ န ဟောတိ-မဟုတ်။

ဥပဋ္ဌာကကုလံပိ-အလုပ်အကျွေးအမှုံးသည် ၎င်း၊ ဉာတိကုလံပိ-ဆွေမျိုးသည်၎င်း၊ ကုလန္တိ-ကုသမည်၏၊ (တနည်း) ကုလန္တိ-ကား၊ ဥပဋ္ဌာကကုလံပိ-သည်၎င်း၊ ဉာတိကုလံပိ-သည်၎င်းဟူး၊ တတ္ထ-ထိုအမျိုးတို့၌၊ အညဿ-အခြားပုဂ္ဂိုလ်၏၊ ဥပသင်္ကမနံ-ချဉ်းကပ်ခြင်းကို၊ အနိစ္ဆတော-အလိုမရှိသော ပုဂ္ဂိုလ်၏၊ ကုလမစ္ဆရိယံ-အမျိုး၌ဝန်တိုခြင်းသည်၊ ဟောတိ၊ ပန-ဆက်၊ ပါပပုဂ္ဂလဿ-ယုတ်မာသောပုဂ္ဂိုလ်၏၊ ဥပသင်္ကမနံ-ကို၊ အနိစ္ဆန္တော်ပိ-အလိုမရှိပါသော်လည်း၊ မစ္ဆရီနာမ-ဝန်တိုခြင်းရှိသူ မည်သည်၊ န ဟောတိ၊ ဟိ-မှန်၊ သော-ထို ယုတ်မာသောပုဂ္ဂိုလ်သည်၊ တေသံ-ထိုအမျိုးတို့၏၊ ပသာဒဘေဒါယ-ကြည်ညိုခြင်း၏ ပျက်စီးခြင်းငှါ၊ ပဋိပဇ္ဇတိ-ကျင့်တတ်၏၊ (ထို့ကြောင့် ထိုပုဂ္ဂိုလ်မျိုး၏ မိမိ ဥပဋ္ဌာက,ဉာတိတို့၌ မချဉ်းကပ်စေလိုခြင်းသည် မစ္ဆရိယ မဖြစ်ပါ-ဟူလို။) ပန-ကား၊ ပသာဒံ-ကြည်ညိုခြင်းကို၊ ရက္ခိတုံ-စောင့်ရှောက် ခြင်းငှါ၊ သမတ္ထသေဝ-စုံမှီးနိုင်သည် သာလျှင်ဖြစ်သော၊ ဘိက္ခုနော-၏၊ တတ္ထ-ထိုအမျိုးသို့၊ ဥပသင်္ကမနံ-ကို၊ အနိစ္ဆန္တော-အလိုမရှိသူသည်၊ မစ္ဆရီနာမ-ဝန်တိုခြင်းရှိသူ မည်သည်၊ ဟောတိ။

လာဘောတိ-ကား၊ စတုပစ္စယလာဘော ၀-၄ ပါးသော ပစ္စည်းတို့ကိုရခြင်း ပင်တည်း၊[ကွယ်သာတုန်းက စတုပစ္စယလာဘနှင့်တူသောကြောင့် "လာဘော ဝ" ဟု သန္နိဋ္ဌာနာဝစာရဏ ထည့်သည်၊] တံ-ထိုလာဘ်ကို၊ အညဿိ-မိမိမှတပါးသော၊ သီလဝန္တေယေဝ- သီလရှိသောပုဂ္ဂိုလ်သည်ပင်၊ လဘန္တေ-ရလေသော်၊ မာ လဘတု-မရပါစေ သတည်း၊ ဣဘိ-သို့၊ စိန္တေန္တသ-ကြံစည်သောပုဂ္ဂိုလ်၏၊ လာဘမစ္ဆရိယံ-လာဘမစ္ဆရိယသည်၊ ဟောတိ၊ပန-ဆက်၊ ယော-အကြင် ပုဂ္ဂိုလ်သည်၊ သဒ္ဓါဒေယျံ-သဒ္ဓါဖြင့် ပေးလှူအပ်သော ပစ္စည်းကို၊ ဝိနိပါတေတိ-ဖေါက်ဖေါက်ပြန်ပြန် ကျစေ၏၊ (ဖရိုဖရဲ ဖြစ်စေ၏၊) အပရိဘောဂ ဒုပ္ပရိဘောဂါဒိဝသေန-မသုံးစွဲခြင်း, မကောင်းသဖြင့် သုံးစွဲခြင်း အစရှိသည်တို့၏

အစ္ဓမ်ိးဖြင့်၊ ဝိနာသေတိ-ပျက်စီးစေ၏၊ (ဖျက်ဆီး၏၊) ပူတိဘာဝံ၊ ပုပ်ဆွေးသည်၏အဖြစ်သို့၊ ဂန္ဆန္တံပိ—ရောက်သွေ့ပစ္စည်းကိုလည်း၊ အညဿ—အခြားပုဂ္ဂိုလ်အား၊ နဒေတိ—မပေး၊ တံ—ထို မပေးရက် မသုံးရက်သောပုဂ္ဂိုလ်ကို၊ ဒိဿွာ-မြင်၍။ ဣမံ—ဤပစ္စည်းကို၊ သေ—ဤပုဂ္ဂိုလ်သည်၊သစေ နု လဘေယျ—အကယ်၍ မရပါမူကား၊ အညော - ဤပုဂ္ဂိုလ်မှတပါးသော၊ သီလဝါ—သီလရှိသော ပုဂ္ဂိုလ်သည်၊ (သစေ)လဘေယျ၊ အကယ်၍ရပါမူကား၊(ဧဝံသတိ)၊ ပရိဘောက်—သုံးဆောင်အပ်သည်၏အဖြစ်သို့၊ ဂစ္ဆေယျ-ရောက်ရာ၏၊ ဣတိ-သို့၊ စိန္တေန္တိဿ-ကြံစည်သောပုဂ္ဂိုလ်၏၊ မစ္ဆရိယံနာမ- မစ္ဆရိယမည်သည်၊နတ္ထိ။

သရီရဝဏ္ဏောပိ-ကိုယ်အဆင်းသည်၎င်း၊ ဂုဏဝဏ္ဏောပိ-ဂုဏ်ကျေးဇူးသည်၎င်း၊ ဝဏ္ဏောနာမ—ဝဏ္ဏာမည်၏၊ တတ္ထ-ထို သရီရဝဏ္ဏ,ဂုဏဝဏ္ဏ၂မျိုးတို့တွင်၊ သရီရဝဏ္ဏော—ကိုယ်အဆင်း၌၊ မစ္ဆရိ -ဝန်တိုခြင်းရှိသော၊ ပုဂ္ဂလော—သည်၊ (ဟောတိ၌စပ်၊) ပရော-တပါးသောပုဂ္ဂိုလ်သည်၊ ပါဿဒိကော-ကြည်ညိုခြင်းကို ဖြစ်စေတတ်၏၊ ရူပဝါ-ရုပ်ရှိ၏(ရုပ်ချောဏ်၊)ဣတိ-သို့၊ဝုတ္တော-ပြောဆိုအပ်သော်၊ တံ - ထိုဂုဏ်ကို၊ ကထေတုကာမော - ပြောဆိုခြင်းငှာအလိုရှိသည်၊ နဟောတိ၊ ဂုဏဝဏ္ဏမစ္ဆရီ—ဂုဏ်ကျေးဇူး၌ ဝန်တိုခြင်းရှိသောပုဂ္ဂိုလ်သည်၊ သီလေန—သီလအားဖြင့်၎င်း၊ ဓုတင်္ဂေန — ဓုတင်အားဖြင့်၎င်း၊ ပဋိပဒါယ—ပဋိပတ်အကျင့်အားဖြင့်၎င်း၊ အာစာရေန-မျိုးရိုးအကျင့်အားဖြင့်၎င်း၊ ဝဏ္ဏံ—ဂုဏ်ကျေးဇူးကို၊ ကထေတုကာမော-သည်၊ နဟောတိ။

ဓမ္မောတိ-ကား၊ ပရိယတ္တိဓမ္မောစ -ပရိယတ္တိဓမ္မသည်၎င်း၊ ပဋိဝေဓဓမ္မောစ—ပဋိဝေဓဓမ္မသည်၎င်းတည်း၊ တတ္ထ-ထို ပရိယတ္တိဓမ္မ, ပဋိဝေဓဓမ္မတို့-တွင်၊ အရိယသာဝကာ—အရိယာသာဝကတို့သည်၊ ပဋိဝေဓဓမ္မံ - ထိုထွင်း၍ သိအပ်ပြီးသော မဂ်ဖိုလ်နိဗ္ဗာန်တရားကို၊ နမစ္ဆရာယန္တိ - ဝန်မတိုကြကုန်၊အတ္တနာ—သည်၊ ပဋိဝိဒ္ဓဓမ္မေ—ထိုးထွင်း၍သိအပ်ပြီးသော မဂ်ဖိုလ်နိဗ္ဗာန်တရား၌၊ [ပဋိဝေဓံ၌စပ်၊ ရှေးနိဿယ၌ "တို့ကို" ဟုပေး၏၊ရှေ့၌"ပဋိဝေဓမ္မံ"ဟုကဝုစ်ရှိခဲ့သည်။]သဒ္ဒေဝကဿ-နတ်နှင့်တကွဖြစ်သော၊လောကဿ—သတ္တဝါအပေါင်း၏၊ ပဋိဝေဓံ—ထိုးထွင်း၍သိခြင်းကို၊ ဣစ္ဆန္တိ-အလိုရှိကြကုန်၏၊ပန—ထိုသို့ပင်

သဒ္ဓါ၊ ပေ၊ ဝိနာသေတိ။ ။သဒ္ဓါဃ+ဒေယျော သဒ္ဓါဒေယျော၊ ကံ ကံ၏အကျိုးကိုယုံကြည်သော သဒ္ဓါတရားဖြင့် ပေးလှူအပ်သောပစ္စည်း၊ ထိုပစ္စည်းကို လုံးလုံးမသုံးစွဲပဲ ပုပ်သည့်တိုင်အောင်ဆွေးသည့်တိုင်အောင်ထားခြင်း,လူတို့ကိုပေးကမ်းခြင်း, ဝိနည်းနှင့် မလျော်ရာဝယ်သုံးစွဲခြင်းအစရှိသောအားဖြင့် ပျက်စီးစေခြင်းကို"ဝိနိပါတ" ဟု ခေါ်သည်၊ အပရိဘောဂ၊ပေ၊ ဝိနာသေတိကား "သဒ္ဓါဒေယျံ ဝိနိပါတေတိ"၏ အဓိပ္ပာယ်ဖွင့်တည်း၊ ဝိနည်း၌ ထိုကဲ့သို့သော ပုဂ္ဂိုလ်သည် သဒ္ဓါဒေယျ ဝိနိပါတဒုက္ကဋ် အာပတ်သင့်၏။

သူတပါး:ကို သိစေလိုကြပါသော်လည်း၊ တံ ပဋိဝေဓံ - ထိုမိမိရအပ်ပြီးသော ပဋိဝေဓတရား:ကို၊ ပရေ-တပါး:သောပုဂ္ဂိုလ်တို့သည်၊ နဇာနန္တိ - မသိပါစေကုန်သတည်း၊ ဣတိ-သို့၊ ဣစ္ဆန္တိ--အလိုရှိကြကုန်၊[မိမိ၏အရိယာဖြစ်ကြောင်း ကို အခြား:သောသူတို့ မသိစေလိုကြ-ဟူလို။] ပန--ကား၊ တန္တိဓမ္မဝေဝ--ပါဋိဓမ္မဉ်သာ၊ ဓမ္မမစ္ဆရိယံနာမ-မြွမစ္ဆရိယမည်သည်၊ ဟော်တော်၊ [နိဒဿနနည်း:အား:ဖြင့် "တန္တိဓမ္မကိုသာ ညှဉ်ပြသော်လည်း" အဋ္ဌကထာ,ဋီကာ,နိဿယအဓိပ္ပာယ်အား:လုံး:ဥ်ပင် ဓမ္မမစ္ဆရိယ ဖြစ်နိုင်သည်၊] တေန--ထိုဓမ္မမစ္ဆရိယနှင့်၊ သမန္နာဂတော--သော၊ ပုဂ္ဂလော--သည်၊ ဂူဠှံ-လျှို့ဝှက်အပ်သော၊ယံဂန္ထံဝါ-အကြင် ပါဋိကျမ်း:ဂန်ကို သော်၎င်း၊ [ဂန္ထောတိ ပါဋိ၊]ယံ ကထာမဂ္ဂံဝါ-အကြင် အဋ္ဌကထာအစဉ်ကိုသော်၎င်း၊ ဇာနာတိ--တတ်သိ၏၊[ကထာမဂ္ဂေါတိ အဋ္ဌကထာ ပဗန္ဓော၊-ဋီ၊] တံ- ထိုပါဋိကျမ်း:ဂန်ကို၊ ဝါ-ထိုအဋ္ဌကထာအစဉ်ကို၊ အညံ-အခြား:ပုဂ္ဂိုလ်ကို၊ ဇာနာပေတုကာမော-သိစေခြင်း:ငှာ အလိုရှိသည်၊ န ဟောတိ၊ပန-ဆက်၊ ယော-အကြင်ပုဂ္ဂိုလ်သည်၊ ပုဂ္ဂလံ-ကို၊ ဥပပရိက္ခိတ္ဝာ-နှိုင်း:ချိန်၍၊ ဓမ္မာနုဂ္ဂဟေန--ဓမ္မကို ချီမြှောက်ခြင်း အား:ဖြင့်သော်၎င်း၊ ဓမ္မံ-ကို၊ ဥပပရိက္ခိတ္ဝာ-၍၊ ပုဂ္ဂလာနုဂ္ဂဟေနဝါ-ပုဂ္ဂိုလ်ကိုချီမြှောက်ခြင်း:အား:ဖြင့်သော်၎င်း၊နဒေတိ၊ အာယံ--ဤပုဂ္ဂိုလ်သည်၊ ဓမ္မမစ္ဆရိနာမ နဟောတိ။

တတ္ထ-ထိုဓမ္မာနုဂ္ဂဟ ပုဂ္ဂလာနုဂ္ဂဟ ၂ မျိုး:တို့တွင်၊ [ဓမ္မာနုဂ္ဂဟေန နံ ဒေတိ နာမ" စသည်၌ စပ်၊](တနည်း)တတ္ထ-ထိုပုဂ္ဂိုလ်တို့တွင်၊ [ကေစ္စော ပုဂ္ဂလော စသည်၌ စပ်၊] ကေစ္စော-သော၊ ပုဂ္ဂလော--သည်၊ လောလော --လျှပ်ပေါ်လော်လီသည်၊ ဟော်တော်၊ ကာလေန - တရံတခါ၌၊သမဏော- သည်၊ ဟော်တော်-ဖြစ်၏၊ ကာလေန--၌၊ဗြာဟ္မဏော-ပုဏ္ဏား:သည် (ဟော်တော်)၊ ကာလေန--၌၊ နိဂဏ္ဌော-နိဂဏ္ဌသည်၊ (ဟော်တော်)၊ [ကေစ္စော ပုဂ္ဂလော လောလောဟော်တော်ကို "ကာလေန သမဏောဟော်တော်" စသည်ဖြင့်ဖွင့်သည်။]ဟိ-ဆက်၊[ယောဇနာ၌ ဟိကို ဝိသေသတ္ထဟု ဖွင့်၏။] ယောဘိက္ခု-သည်၊ (နဒေတိ၌စပ်၊) အယံ ပုဂ္ဂလော-ဤလျှပ်ပေါ်လော်လီသောပုဂ္ဂိုလ်သည်၊ ("အာလုဠိဿတိ"၌စပ်၊) ပဓေဏီအာဂတံ-အစဉ်အဆက်အား:ဖြင့်လာသော၊ တန္တိ-ပါဋိကိုဎင်း၊သဏ္ဌံ-သိမ်မွေ့သော၊ သုခုမံ--နူး:ညံ့သော၊ ဓမ္မန္တရံ--တရား:တမျိုး:ကိုဎင်း၊ ဘိန္ဒိတ္ဝာ--ဖျက်ဆီး၍၊ အာလုဠိဿတိ-မွေ့နှောက်ချောက်ချား:လတံ့၊ ဣတိ-ဤသို့ကြံ၍၊ နဒေတိ၊ အာယံ-ဤပုဂ္ဂိုလ်သည်၊ ပုဂ္ဂလံ-ကို၊ဥပပရိက္ခိတ္ဝာ-၍၊ ဓမ္မာနုဂ္ဂဟေန-အား:ဖြင့်၊ နဒေတိနာမ-မပေး:သူမည်၏။

ပန-ကား၊ ယော--အကြင်ပုဂ္ဂိုလ်သည်၊ (နဒေတိ၌စပ်၊) အယံဓမ္မော--ဤတရား:တော်သည်၊ သဏ္ဌော--သိမ်မွေ့၏၊ သုခုမော-နူး:ညံ့၏၊ အယံပုဂ္ဂလော--သည်၊(ဣမံ ဓမ္မံ-ကို၊) သစေ ဂဏှိဿတိ--အကယ်၍သင်ယူလတံ့အုံ၊(ဝေဝံသတိ-

ဤသို့ သင်ယူလသော်၊)အညံ့ - အရဟာတ္တဖိုလ်ကို၊ ဗျာကရိတွာ — ဖြေဆို၍၊ အတ္တာနံ—မိမိကို၊ အာဝိကတွာ— ထင်စွာပြု၍၊ (ထင်ရှားအောင် လုပ်၍၊) နဿိဿတိ-ပျက်စီးရှာတော့လတံ့၊[ဥတ္တရိမနုဿဓမ္မကိုပြော၍ပါရာဇိကကျရှာတော့လတံ့၊]ဣတိ-ဤသို့ကြံ၍၊ နဒေတိ၊ အယံ-ဤပုဂ္ဂိုလ်သည်၊ ဓမ္မံ-ကို၊ ဥပပရိက္ခိတွာ—၍၊ ပဂ္ဂလာနံဂဟဏေန—အားဖြင့်၊ နဒေတိနာမ၊ ပန—ကား၊ ယော—အကြင်ပုဂ္ဂိုလ်သည်၊ အယံ-ဤပုဂ္ဂိုလ်သည်၊ ဣမံဓမ္မံ—ကို၊ သစေဂဏှိဿတိ—အံ့၊ (ဧဝံသတိ)၊အမှာကံ—ငါတို့၏၊ သမယံ—အယူကို၊ ဘိန္ဒိတုံ—ဖျက်ဆီးခြင်းငှါ၊ သမတ္ထော-စွမ်းနိုင်သူသည်၊ ဘဝိဿတိ၊ ဣတိ—ဤသို့ကြံ၍၊နဒေတိ၊အယံ—ဤပုဂ္ဂိုလ်သည်၊ ဓမ္မမစ္ဆရိနာမ—တရားဌ္ဌ ဝန်တိုခြင်းရှိသူမည်သည်၊ ဟောတိ။

ပဋ္ဌသု-နံသော၊ ဣဒမသုမစ္ဆရိယေသု-တို့တွင်၊ တာဝ-ကုလမစ္ဆရိယစသည်တို့မှ ရှေးဦးစွာ၊(နိဒ္ဒိဋ္ဌေန—ဓသော၊) အာဝါသမစ္ဆရိယေန-ကြောင့်၊ ယက္ခော ဝါ—ဘီလူးသည်သော်၎င်း၊ ပေတော ဝါ—ပြိတ္တာသည်သော်၎င်း၊ ဟုတ္ဝာ, တဿေဝ အာဝါသဿ-ထိုကျောင်း၏ပင်၊ သက်ဝရံ-အမြဲကို၊ သီသေန—ဦးခေါင်းဖြင့်၊ဥက္ခိပိတွာ-ချီမြှောက်၍၊(ရွက်၍)၊ ဝိစရတိ-လှည့်လည်ရတတ်၏ကုလမစ္ဆရိယေန-ကြောင့်၊ တသ္မိံ ကုလေ — ထိုအမျိုးသည်၊အညေသံ— အခြားသောပုဂ္ဂိုလ်တို့အား၊ဒါနမာနာဒီနိ-ပေးလှူခြင်း, မြတ်နိုးခြင်းအစရှိသည်တို့ကို၊ ကဒါရောန္တော-ပြုလသော်၊ဒိသွာ-မြင်၍၊ [“တသ္မိံ ကုလေ,ကရောန္တော” နေရာဝယ် “တံကုလံ,ကရောန္တံ”ဟုရှိလျှင် ကောင်းမည်။]မမ-ငါ၏၊ ဣဒံကုလံ -ဤအမျိုးသည်၊ ဘိန္နံဝတ- ပျက်စီးချေပါ့တကား၊ ဣဘိ-သို့၊ စိန္တဲ့ယတော - ကြံစည်သော ပုဂ္ဂိုလ်၏၊ လောဟိတမိ - သွေးသော်မှလည်း၊ မုခတော - ခံတွင်းမှ၊ ဥဂ္ဂစ္ဆတိ-အန်ထွက်တတ်၏၊ ကုစ္ဆိဝိရေစနမိ - ဝမ်း၏လျှာသက်ခြင်းသည်သော်လည်း၊ ဟောတိ-ဖြစ်တတ်၏၊ အန္တာနိပိ-အူတို့သော်မှလည်း၊ ခဏ္ဍာခဏ္ဍာနိ-အပိုင်းပိုင်းတို့သည်၊ ဟုတ္ဝာ,နိက္ခမန္တိ - ထွက်တတ်ကုန်၏၊ လာဘမစ္ဆရိယေန-ကြောင့်၊ သံဃဿ ဝါ-၏သော်၎င်း၊ ဂဏဿ ဝါ-၏သော်၎င်း၊ သန္တကေဥစ္စာဖြစ်သော၊ လာဘေ-လာဘ်၌၊ မစ္ဆရာယိတွာ-ဝန်တို၍၊ (အခြားသံဃာ, အခြားပုဂ္ဂိုလ် သုံးစွဲသွားမည်ကို ဝန်တို၍၊)ပုဂ္ဂလိကပရိဘောဂံဝိယ-ပုဂ္ဂလိကပစ္စည်းကို သုံးဆောင်ခြင်းကို ကဲ့သို့၊ပရိဘုဉ္ဇိတွာ — သုံးဆောင်၍၊ (ကိုယ်တယောက်ထည်း သုံးဆောင်၍၊) ယက္ခော ဝါ-သည်သော်၎င်း၊ပေတော ဝါ-သည်သော်၎င်း၊ မဟာအဇဂရော ဝါ — စပါးကြီးမြွေကြီးသည်သော်၎င်း၊ ဟုတ္ဝာ၊နိဗ္ဗတ္တတိ - ဖြစ်ရတတ်၏။

သရီရဝဏ္ဏ ဂုဏဝဏ္ဏမစ္ဆရေန - ကိုယ်အဆင်း, ဂုဏ်ကျေးဇူး၌ ဝန်တိုခြင်းကြောင့်၎င်း၊ ပရိယတ္တိမေမ မစ္ဆရိယေနစ- ပရိယတ်တရား၌ ဝန်တိုခြင်းကြောင့်၎င်း၊ အတ္တနော ဝ-မိမိ၏သာလျှင်၊ ဝဏ္ဏံ-အဆင်းကို၊ ဝါ - ဂုဏ်ကျေးဇူးကို၊

ဝဏ္ဏောတို့—ချီးမွမ်းခြင်း၏၊ ပရေသံ-သူတပါးတို့၏၊ ဝဏ္ဏော-အဆင်းဌာန်၊ ဝါ—ဂုဏ်ကျေးဇူးဌာန်၊ (ဒေါသံ ဝဒန္တော်ဌာန်စပ်၊)သော-ဤအဆင်းသည်၊ ကိ ဝဏ္ဏော-အဘယ်အဆင်းတဲ့နည်း၊(တနည်း)သော-ဤဂုဏ်ကျေးဇူးသည်၊ကိ ဝဏ္ဏော-အဘယ် ဂုဏ်ကျေးဇူးတဲ့နည်း၊ ဣတိ—သို့၊ တံတံ ဒေါသံ-ဆိုထိုအပြစ်ကို၊ ဝဒန္တော—ပြောဆိုသည်၊ (ဟုတ္တာစ-ဖြစ်၍၎င်း၊ ဝါ-ဖြစ်ခြင်းကြောင့်၎င်း၊)ပရိယတ္တိမမံ—ပရိယတ်တရားကို၊ ကဿစိ-တစုံတယောက်အား၊ ကိဉ္စိ-တစုံတခု သောတရားကို၊ အဒေန္တော-မပေးသည်၊(ဟုတ္တာ)စ-၍၎င်း၊ ဝါ-ကြောင့်၎င်း၊ ဒုဗ္ဘဏ္ဏောစေဝ-မကောင်းသော အဆင်းရှိသည်၎င်း၊ ဝါ-မကောင်းသောဂုဏ် သဘင်းရှိသည်၎င်း၊ ဒဋ္ဌမ္မဂေါစ—အရိယိုသော ခံတွင်းရှိသည်၎င်း၊ (သွားရည် တမျှားမျှားကျသော ခံတွင်းရှိသည်၎င်း၊) ဟောတိ-၏။

အပိစ-သည်သော မကဒသး၊ အာဝါသ မစ္ဆရိယေန-ကြောင့်၊ လောဟ ဂေဟော-သံအိမ်၌၊ပစ္စတိ-ကျက်ရ၏၊ကုလမစ္ဆရိယေန-ကြောင့်၊အပ္ပလာဘော—နည်းသော လာဘ်ရှိသည်၊ ဟောတိ-ဖြစ်ရ၏။ လာဘမစ္ဆရိယေန -ကြောင့်၊ ဂူထနိရယေ-ဘင်ပုပ်ငရဲ၌၊ နိဗ္ဗတ္တတိ - ဖြစ်ရ၏၊ ဝဏ္ဏမစ္ဆရိယေန - ကြောင့်၊ ဘဝေဘဝေ—ဘဝဘဝတိုင်း၌၊ နိဗ္ဗတ္တာသ-ဖြစ်ရသူ၏၊[“ဘဝေ နိဗ္ဗတ္တာသ”ဟု ရှိလျှင် ကောင်းမည်ထင်သည်၊“သံသရာဘဝ၌ ဖြစ်ရသူမှာ”ဟု ဆိုလိုသည်။] ဝဏ္ဏောနာမ-အဆင်းမည်သည်၊ ဝါ-ဂုဏ်သတင်း မည်သည်၊ န ဟောတိ-မရှိ၊ ဓမ္မမစ္ဆရိယေန—ကြောင့်၊ ကုက္ကုဋနိရယေ-ပြာပူငရဲ၌၊နိဗ္ဗတ္တတိ-ဖြစ်ရ၏၊ ဣတိ-ဤသို့ မှတ်အပ်၏။

မစ္ဆရာယနဝသေန-ဝန်တိုမှု ဖြစ်ခြင်း၏ အစွမ်းကြောင့်၊မစ္ဆေရံ—မစ္ဆေရမည်၏၊ မစ္ဆရာယနာကာရော-ဝန်တိုမှု၏ ဖြစ်ခြင်းဟူသော အခြင်းအရာသည်၊ မစ္ဆရာယနာ—မည်၏၊ မစ္ဆေရေန - ဝန်တိုခြင်းဖြင့်၊ အယိတာသ - ဖြစ်သော ပုဂ္ဂိုလ်၏၊ မစ္ဆေရသမင်္ဂိနော—ဝန်တိုခြင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏၊[မစ္ဆေရေန အယိတသကိုအဓိပ္ပါယ်ဖွင့်သည်၊]ဘာဝေါ— ဖြစ်ကြောင်း၊ဖြစ်ရာတည်း၊မစ္ဆရာယိတတ္တံ—ဝန်တိုခြင်းဖြင့် ဖြစ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ၊ (သမ္ပတ္တိ

ကိ ဝဏ္ဏောပေါဟောတိ။ ။ယောဇနာ၌ “သော ဇနော ကိ ဝဏ္ဏောတိ ဝတ္တာ”ဟုဆို၍“ကော ဝဏ္ဏော ယဿဲတိ ကိ ဝဏ္ဏော”ဟု ဗဟုဗ္ဗိဟိ ပြုလေသည်၊ ထိုအလို“သော-ဤသူသည်၊ ကိ ဝဏ္ဏော — အဘယ်အဆင်းရှိသူနည်း” ဟုပေး၊ ပရေသံဝဏ္ဏကို ကြည့်၍ “သော-ဤအဆင်းသည်၊ ကိ ဝဏ္ဏော-အဘယ်အဆင်းတဲ့နည်း၊ (သဒ္ဒါရုဝဏ္ဏအတွက်၊) သော-ဤဂုဏ်ကျေးဇူးသည်၊ကိ ဝဏ္ဏော-အဘယ်ဂုဏ်ကျေးဇူးတဲ့နည်း (ဂုဏဝဏ္ဏအတွက်၊)ဤသို့ ၂ နက်ပေးမှ အဋ္ဌကထာ ဆရာ၏ အာဘော်ကျမည် ထင်သည်၊ ဒုဗ္ဗဏ္ဏောစေဝကား သဒ္ဒါရုဝဏ္ဏ ဂုဏဝဏ္ဏ မစ္ဆရိယ၏ အကျိုးတည်း၊ “ဒဋ္ဌမ္ဘဂေါစ”ကား ပရိယတ္တိမမ္မမစ္ဆရိယ၏အကျိုးတည်း။

ယော—စည်းစိမ်တို့သည်၊) မယှမေဝ-ငါ၏၊(ဥစ္စာသည်သာ)၊ ဟောန္တု-ဖြစ်စေ
ကုန်သတည်း၊ အညဿ—အခြားသူ၏ (ဥစ္စာသည်)၊မာဟောန္တု-မဖြစ်ပါစေ
ကုန်လင့်၊ ဣတိ—သို့၊ သဗ္ဗာပိ-နှင်သော၊ အတ္တနော-၏၊ သမ္ပတ္တိယော-တို့ကို၊
ဗျာပေတုံ—အခြားသူ၌ နှံ့စေခြင်းငှာ၊ နု ဣစ္ဆတိ—အလိုမရှိ၊ ဣတိ—ကြောင့်၊
ဝိဝိစ္ဆော—ဝိဝိစ္ဆမည်၏၊ဝိဝိစ္ဆဿ — အခြားသူ၌ နှံ့စေခြင်းငှာ အလိုမရှိသူ၏၊
ဘာဝေါ-တည်း၊ ဧဝံဝိစ္ဆံ - အခြားသူ၌နှံ့စေခြင်းငှာ အလိုမရှိသူ၏ ဖြစ်ကြောင်း
ဖြစ်ရာ၊ တေံ-ဤဧဝံဝိစ္ဆဟူသော အမည်သည်၊ မုဒုမစ္ဆရိယဿ—နူးညံ့သော
မစ္ဆရိယ၏၊ နာမံ—ဘည်း။

အနာဒရော—ခပေးကမ်းမှု၌ လေးစားခြင်းမရှိသူကို၊ ကဒရိယော—ကဒရိယ
ဟူ၍၊ ဝုစ္စတိ-၏၊ တဿ—ထို ပေးကမ်းမှု၌ လေးစားခြင်းမရှိသူ၏၊ ဘာဝေါ—
တည်း၊ ကဒရိယံ-ရာ၊ တေံ-ဤကဒရိယဟူသောအမည်သည်၊ ထဒ္ဓမစ္ဆရိယဿ—
ကြမ်းတမ်းသောမစ္ဆရိယ၏၊နာမံ—တည်း၊ ဟိ-မှန်၊ တေန-ထိုကဒရိယမစ္ဆရိယ
နှင့်၊ သမန္နာဂတော-သော၊ ပုဂ္ဂလော-သည်၊ ပရိပ္ပိ—သူတပါးကိုလည်း၊ ပရေ

ဧဝံဒိစ္ဆံ။ ။ဝိစ္ဆာဒ္ဒ ဝိသဒ္ဒါသည် ဗျာပန (ပြန့်နှံ့စေခြင်း) အနက်ဟောတည်း၊
ဗျာပေတုံ+ဣစ္ဆာဝိစ္ဆာ = ပြန့်နှံ့စေခြင်းငှာအလို၊ ဝါ-ပြန့်နှံ့စေလိုခြင်း၊ ရှေ့ဝိသဒ္ဒါ
သည်အဘာဝ (မရှိခြင်း) ပဋ္ဌသေဓအနက်ကိုဟော၏၊နတ္ထိ+ဝိစ္ဆာယသ့ဘဝိဝိစ္ဆော
ပြန့်နှံ့စေခြင်းငှာ အလိုမရှိသူ၊ [ဤသို့ပြုမှ ရိုးရာကျ၏၊ ''ဗျာပေတုံ နဣစ္ဆတိတိ'' ကား
ဝိဂြိုဟ်ပြသာတည်း၊ မှန်၏၊ ဆဋ္ဌီအသ့ာထ္ထိ-ဗဟုဗ္ဗီဟိဝဂ္ဂဟုများသည်ကတ္တုသာဓနနှင့်
သဘောတူ၏၊တဿီလတ္ထပစ္စည်းတို့ကို ကတ္တုသာဓနဟောပုံကိုသတိပြုပါ၊ ရှေးနိသ့ယ
တို့၌ ''ဗျာပိတုံ+ဣစ္ဆတိတိ ဝိစ္ဆော၊ နှ+ဝိစ္ဆော ဝိဝိစ္ဆော''ဟု ပြု၏၊] ဝိဝိစ္ဆဿ+
ဘာဝေါ ဧဝံဝိစ္ဆံဒ္ဓကား ဘောအနက် ဏာပစ္စည်းသက်။

ကဒရိယော၊ပေ၊အနာဒရော။ ။အနာဒရောကို ''မစ္ဆရိယေန ဒါနေ အာဒရ
ရဟိတော = မစ္ဆရိယကြောင့်ပေးကမ်းခြင်းဌ္ဍ လေးစားခြင်းမှကင်းသူ''ဟု ဋီကာဖွင့်
၏၊''နတ္ထိ+အာဒရောယဿ့ာတိ အနာဒရော''ဟုပြုပါ၊ ထိုအနာဒရပုဂ္ဂိုလ်ကို''ကဒရိ
ယ''ဟု ခေါ်ရာဌ္ဍကားဝိဂြိုဟ်ဝါကျ ကြံဘွယ်မလို၊ အထင်ရှဒ္ဒိသဒ္ဒါဟု သိစေလို၍ဝုစ္စတိ
ဟု ဖွင့်သည်၊ [သက္ကတဌ္ဍ''ကဒရ်ထျ''ဟုရှိ၏ ''အရ်ထျ''သည့် ပါဠိဌ္ဍ ''အတ္ထော+
ယသ့ဿအတ္ထိတိအတ္ထိယော = ဥစ္စာရှိသူ, ဥစ္စာရှင်''ဟု ဖြစ်၏၊ကုစ္ဆိတော+အတ္ထိယော
ကဒတ္ထိယော- (ပေးကမ်းမှုမရှိသည့်အတွက်) စက်ဆုပ်ဘွယ်ကောင်းသောဥစ္စာရှင်၊
ထို''ကဒရ်ထျ-ကဒတ္ထိယ''မှ ပါဠိဌ္ဍ ''ကဒရိယ'' ဖြစ်လာသည်ဟု ကြံသင့်၏] ရှေး
နိသယဌ္ဍ''ကုစ္ဆိတော+အရိယော-သတ္တာတည်း၊ကဒရိယော''ဟုပြုလေ၏။

ထဒ္ဓမစ္ဆရိယ။ ။မိမိဥစ္စာကိုသူတပါးဌ္ဍမပြန့်နှံ့စေလို (မပေးလို) သောမစ္ဆရိယ
သည် အလွန်ဆိုးဝါးသော မစ္ဆရိယမဟုတ်သောကြောင့် ၊ မုဒုမစ္ဆရိယမည်၏၊
ဤကဒရိယ မစ္ဆရိယကား သူတပါးပေးနေသည်ကိုပင် တားမြစ်လောက်အောင်
ကြမ်းတန်းသောကြောင့် ထဒ္ဓမစ္ဆရိယ ဖြစ်သည်။

သံ—သူတပါးတို့အား၊ ဒဒမာနံ—ပေးနေသည်ကို၊ နိဝါရေတိ-တားမြစ်တတ်သေး၏၊ (ပိတ်ပင်တတ်သေး၏၊)စ—သာဓကကား၊ကဒရိယော၊ ပေ၊ဘောဇနံ တိ-ဟူသော၊တေံ-ဤဂါထာစကားကို၊(ဘဂဝတာ) ပိ—သည်လည်း၊ ဝုတ္တံ-ပြီ။

[ကဒရိယော — မပေးရက်သဖြင့် စက်ဆုပ်ဖွယ်ဉစ္စာရှင်ဖြစ်သော၊ (ရှေးနိသယဌ္ဌ "စက်ဆုပ်ဖွယ်သတ္တဝါဖြစ်သော"ဟု ပေး၏၊) ပါပသက်ပေါ—ယုတ်မာသော အကြံအစည်ရှိသော၊ မိစ္ဆာဒိဋ္ဌိ - မှားသောအယူရှိသော၊ [မိစ္ဆာ+ဒိဋ္ဌိ ယသာတိ မိစ္ဆာဒိဋ္ဌိ၊ ဂါထာဖြစ်၍"မိစ္ဆာဒိဋ္ဌိကော"ဟုမရှိပဲ မိစ္ဆာဒိဋ္ဌိဟု ရှိရသည်။]အနာဒရေ—ပေးကမ်းမှုဌ် လေးစားခြင်းမရှိသော၊ (ပုဂ္ဂလေ—သည်၊)ယာစ မာနာနံ—တောင်းလာသူတို့အား၊(ဂါထာဖြစ်၍ ဆန္ဒာနုရက္ခဏာနိဂ္ဂဟီတ်ချေထားသည်၊)ဘောဇနံ - အစားအသောက်ကို၊ ဒဒမာနံ-ပေးသူကို၊ နိဝါရေတိ—တားမြစ်တတ်သေး၏၊ (ပိတ်ပင်တတ်သေး၏၊)သဂါထာဝဂ္ဂ—ကောသလသံယုတ်-တတိယဝဂ်,ပုဂ္ဂလသုတ်။]

ယာစကေ—တောင်းလာသူတို့ကို၊ဒိသ္ဝာ-မြင်၍၊ ဝါ—မြင်လသော်၊ကဋ္ဌကဘာဝေန—ခါးစပ်သည်၏အဖြစ်ကြောင့်၊ စိတ္တံ-ကို၊ အဉ္ဇတိ သင်္ကော်စေတို့—တွန့်စေ၏၊ ဣတိ, ကဋ္ဌကဉ္ဇကော-မည်၏၊ တဿ — ထိုခါးစပ်သည့်အတွက် စိတ်ကိုတွန့်စေသောပုဂ္ဂိုလ်၏၊ဘာဝေါ—တည်း၊ ကဋ္ဌကဉ္ဇကတာ-ရာ၊အပရောနယော-တနည်းကား၊ ကဋ္ဌစ္ဆဂ္ဂါဟော—ဇွန်းဖျားဖြင့် ထမင်းခူးယူခြင်းကို၊ (ထမင်းခူးယူကြောင်း ဇွန်းဖျားကို၊) ကဋ္ဌကဉ္ဇကတာ—ဟူ၍၊ ဝုစ္စတိ၊ဟိ-ခဲ့၏၊

ကဋ္ဌကဉ္ဇကတာ။ ။အခွံခတ်သည် ဂတိအနက်ကို ဟော၏၊ ကာရိတ်ပစ္စည်းအကြေကြီ၊"သွားစေ"ဟူသည်တွန့်သွားစေခြင်းတည်း၊ ထို့ကြောင့်"သင်္ကော်စေတိဟု အဓိပ္ပါယ်ထွက်ဖွင့်သည်၊ စိတ္တံ-ကို၊ အဉ္ဇေတိ-တွန့်သွားစေတတ်၏၊ ဣတိ အဉ္ဇကော၊ ကဉ္စုပစ္စည်းဖြင့် "အဉ္ဇကော"ဟု ရှိသင့်၏၊ သို့သော် စာအုပ်တို့၌ "အဉ္ဇုကော"ဟု ရှိသောကြောင့် ဏုကပစ္စည်းဟု ကြံပါ၊ ကဋ္ဌကေန-ခါးစပ်သည်၏ အဖြစ်ကြောင့် (ဘာဝပွဓာန)၊ အဉ္ဇကော-စိတ်ကို တွန့်သွားစေတတ်သော ပုဂ္ဂိုလ်တည်း၊ ကဋ္ဌကဉ္ဇကော၊ တဿ+ဘာဝေါ ကဋ္ဌကဉ္ဇကတာ၊ ငရုတ်သီးပါသောအစာကို စားရာ၌ငရုတ်သီး၏ ခါးစပ်ခြင်းကြောင့် နောက်တွန့်သွားသကဲ့သို့,ထို့အတူယာစကတို့ကို မြင်သော အခါ ခါးစပ်သကဲ့သို့ ထင်ရသောကြောင့် စိတ်ကိုတွန့်သွားစေတတ်သည်၊ ထိုသို့ တွန့်သွားစေခြင်း၏ ဖြစ်ကြောင်းတရားဟူသည် ဤ မစ္ဆရိယပင်တည်း။ [ရှေးနိသယဌ္ဌ "ကဋ္ဌကဘာဝေန-အမှိုက်ဝင်သကဲ့သို့ မျက်စိစပ်သည်အဖြစ်ဖြင့်"ဟုပေးလေသည်။]

အပရောနယော။ ။ဤနည်းဌကား ပုဒ်ပြိုးပုံကို အထူး မစိစစ်ပဲ ကဋ္ဌကဉ္ဇကသဒ္ဒါ၏ကဋ္ဌစ္ဆဂ္ဂါဟအနက်ကိုဟောသော အနိပ္ပန္န ပါဠိပဒိကပုဒ်ဖြစ်ကြောင်းကိုပြလို၍ "ဝုစ္စတိ"ကြိယာဖြင့် မိန့်သည်၊ ဋီကာဌ်"ကဋ္ဌစ္ဆဂ္ဂါဟော ဝိယာတိ ကဋ္ဌစ္ဆဂ္ဂါဟော" ဟု ဥပမာတဒ္ဓိတ်ဖွင့်၏၊ ထို့ကြောင့်"သမတိတ္ထိက ပုဏ္ဏော်ဃ"စသော အကျဉ်းဝါကျ၌

သမာတိတ္ထိကပုဏ္ဏာယ—နခမ်းအရစ်နှင့်အညီအမျှပြည့်သော၊ဥက္ခလိယာ- ထမင်း အိုးခွဲ၊ ဘတ်ဆံ—ထမင်းကို၊ဂဏ္ဌန္တော—ခူးယူသူသည်၊ သပ္ပတော ဘားဂေန-အလုံး စုံသောအဘိုတို့အားဖြင့်၊(ပတ်ဝန်းကျင်အားလုံး၌၊)သက်ဋ္ဌိတေန- ကောင်းစွာ ကုပ်သော၊ (ကုပ်သည့်အတွက် အဖျားတွန့်နေသော၊) [“သက်စိတေန—တွန့်သော”ဟုလည်း မူကဲ့ရှိ၏၊] အဂ္ဂကဋ္ဌဆ္ဆုနာ—အဖျားဖြစ်သော ဇွန်းဖြင့်၊ ဂဏ္ဌာတိ-ခူးယူအံ့ ၊(ဧဝံသတိ-သော်၊) ပူဇရတွာ — ဇွန်းတခုလုံးကိုပြည့်စေ၍၊ ဂဟေတုံ—ခူးယူခြင်းငှာ၊ နသက္ကောတိ (ယထာ)—မစွမ်းနိုင်သကဲ့သို့၊ ဧဝံ-တူ၊ မစ္ဆရိပုဂ္ဂလသဿ-ဝန်တိုခြင်းရှိသော ပုဂ္ဂိုလ်၏၊ စိတ္တံ—သည်၊ သက်စတိ—ထက်ဝန်းကျင် တွန့်နေ၏၊ တသ္မိံ-ထိုစိတ်သည်၊သက်စိတေ-ထက်ဝန်းကျင် တွန့်လသော်၊ ကာယောပိ-ကိုယ်သည်လည်း၊ တထေဝ-ထိုစိတ်အတူသာလျှင်၊ သက်စတိ-တွန့်၏၊ ပဋိကုဋ္ဌတိ-ဆုတ်၏၊ ပတိနိဝတ္တတိ-နစ်၏၊ နသမ္မသာရယတိ—ကောင်းစွာမပြန့်၊ ဣတိ-ကြောင့်၊ မစ္ဆေရံ—မစ္ဆေရကို၊ ကဋ္ဌကဋ္ဌကတာတိ--ဟူ၍၊ ဝုတ္တံ—ဟောတော်မူအပ်ပြီ။

နသက္ကောတိတိုင်အောင်ဥပမာနဝါကျ၊ဧဝံ စသည်ကိုဥပမေယျဝါကျဟုခွဲပါ၊ဇွန်းက ကုပ်နေ(တွန့်နေ)သောကြောင့်ထိုဇွန်း၏အဖျားဖြင့် ထမင်းကို ကော်ခတ်ယူသော အခါဇွန်းပြည့်အောင် မယူနိုင်သကဲ့သို့, ထို့အတူ မစ္ဆရိယရှိသော ပုဂ္ဂိုလ်လည်း အာဝါသစသည်တို့၌ သိမ်းပိုက်ထားသောကြောင့် ပြန်ပြန့်ပြူးပြူးမရှိပဲ့ တွန့်နေသလိုဖြစ်သည်ဟု ဆိုလိုသည်။

သမ္ပတောဝါ၊ပေါနသက္ကောတိ။ ။“သမ္ပတောဘာဂေနသက်ဋ္ဌိတေန”ဟူသည် ဇွန်း၏အဖျားဝယ်ကုပ်နေ(တွန့်နေ)သောဇွန်းတည်း၊“ယောက်မ”ဟုလည်းပေးကြ၏၊ သိဟိုဠ်၌မူ“အဂ္ဂဂ်ကဋ္ဌဆ္ဆုနာ—အဖျားဖျား ဖြစ်သော ဇွန်းဖြင့်” ဟု ဝိစ္ဆာရှိ၏၊ ထိုဇွန်းဖြင့် အထပ်ထပ်ခပ်ယူသည်ဟု ဆိုလိုဟန်တူ၏၊အထပ်ထပ်ကော်ခပ်ရှုယူသော်လည်း ထိုဇွန်း(ယောက်မ)ကို ပြည့်အောင်ယူ၍ မရနိုင်—ဟူလို၊ [ယထာဟိကဋ္ဌဆ္ဆု ဂ္ဂါဟော ယထာ ပုတ္တော ဘတ္တော နသမ္မသာရယတိ၊ဧဝံ မစ္ဆရိယမ္မိ အာဝါသာဒိသူတိ-ဋီကာ။] ဤဥပမာ၌ မစ္ဆရိပုဂ္ဂိုလ်၏ စိတ်တွန့်နေပုံသည် အဂ္ဂကဋ္ဌဆ္ဆု၏ တွန့်နေပုံနှင့်တူ၏၊ စိတ်၏တွန့်ခြင်းကြောင့် တကိုယ်လုံးပေးကမ်း စွန့်ကြဲရာ၌ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေခြင်း မပြန့်နှံ့ခြင်းသည် အဂ္ဂကဋ္ဌဆ္ဆု၏ မပြန့်ခြင်းနှင့်တူ၏၊ ထိုသို့ ဖြစ်ရခြင်းသည် မစ္ဆရိယကြောင့်ဖြစ်ရကား မစ္ဆရိယကို“ကဋ္ဌကသဆ္ဆုက+ဘာဝေါကဋ္ဌကဆ္ဆုကတာ” ဟု ဆိုသည်။

ပါဠိတော်အနက်ပေးပုံ။ ။“ယာကဋ္ဌကဆ္ဆုကတာ-အကြင်တောင်းရမ်းသူတို့ကို မြင်လျှင်ခါးစပ်သည်၏အဖြစ်ကြောင့် စိတ်ကိုတွန့်စေတတ်သောပုဂ္ဂိုလ်၏ဖြစ်ကြောင်း ဖြစ်ရာသည်၊ (တနည်း) ယာ ကဋ္ဌကဆ္ဆုကတာ—အကြင် ဇွန်းအဖျားဖြင့်ထမင်းကို ခူးယူခြင်းကဲ့သို့မပြန့်နှံ့သောစိတ်ကိုယ်ဘို၏ဖြစ်ကြောင်းဖြစ်ရာသဘောတရားသည်” ဟု ပါဠိတော်၌အနက်ပေးပါ။

အဂ္ဂဟိဘတ္တံ စိတ္တာသသာတိ - ကား ၊ ပရေသံ- သူတပါးတို့အား၊ ဥပကာရကရဏော - လျော်သောကျေးဇူးကိုပြုခြင်း၌၊ ဒါနာဒိနာ- ပေးခြင်းအစရှိသော၊ အာကာရေန - အခြင်းအရာအားဖြင့်၊ ယထာ - အကြင်အခြင်းအရာအားဖြင့် ပိတ်ချုပ်အပ်သော်၊နာ သမ္ပသာရယတိ-မပြန့်နှံ့ ၊ဧဝံ - ဤသို့ မပြန့်နှံ့နိုင်လောက်အောင်သော အခြင်းအရာအားဖြင့်၊စိတ္တာသ - ၏၊ ဝါ-ကို၊အာဝရိတ္ဝာ - ပိတ်ချုပ်၍၊ ဂဟိဘဘာဧဝါ-ယူအပ်သည်၏ အဖြစ်သည်၊(အတ္ထိ)၊ ပန - ဆက်၊ ယသ္မာ-ကြောင့်၊ မစ္ဆရိ—ဝန်တိုခြင်းရှိသော၊ ပုဂ္ဂလော-သည်၊ အတ္တနော-၏၊ သန္တကံ-ဥစ္စာကို၊ ပရေသံ-တို့အား၊ အဒါတုကာမော—ဒေးခြင်းငှာ အလိုမရှိသည်၊ ဟောတိ၊ ပရသန္တကံ— သူဘပါးဥစ္စာကို၊ဂဏှိတုကာမော—ယူခြင်းငှာ အလိုရှိသည်၊ ဟောတိ၊ တသ္မာ, ဣဒံ အစ္ဆရိယံ —ဤအံ့ဩြဘွယ်ကောင်းသော ပစ္စည်းသည်၊(အာဝါသစသည်သည်၊)မယှံမေဝ-ငါ၏ဥစ္စာသည်သာ၊ဟောတု-ဖြစ်ပါစေသဘည်း၊ အညဿ - အခြားသူ၏ဥစ္စာသည်၊ မာ (ဟောတု) -မဖြစ်ပါစေသဘည်း၊ ဣတိ — သို့၊ ပဝတ္ထိဝသေန - ဖြစ်ခြင်း၏အစွမ်းကြောင့်၊ အသာထိုမစ္ဆရိယ၏၊ အတ္တာ၊ ပေ၊ လက္ခဏတာ- မိမိစည်းစိမ်ကိုလျှို့ဝှက်ခြင်းလက္ခဏာရှိသည်၏အဖြစ်ကိုထင်း၊ အတ္တသမ္ပတ္တိဂူဟဏလက္ခဏတာဝါ—မိမိစည်းစိမ်ကိုယူခြင်းလက္ခဏာရှိသည်၏ဖြစ်ကိုထင်း၊ ဝေဒိတဗ္ဗာ - ၏၊ ဣမသ္မိံ ဂေဟစ္ဆကေ—၌၊ သေသံ-ကြွင်းသောပုဒ်အပေါင်းသည်၊ဥတ္တာနမေတ္ထဝ-သာ။

အဂ္ဂဟိတတ္တာံ။ ။“အာ+ဂဟိတ”ဟုခွဲ၊အာဥပသာရသည်အာဝရဏအနက်ဟောတည်း၊ ထို့ကြောင့် “အာဝရိတ္ဝာ+ဂဟိတဘာဝေါ”ဟုဖွင့်သည်။သူတပါးတို့အားလျော်သောကျေးဇူးပြုရာ၌စွန့်ကြဲပေးကမ်းခြင်းစသော အခြင်းအရာအားဖြင့် မပြန့်နှံ့လောက်အောင် (ဒါနစသည်မပြုဖြစ်အောင်)စိတ်ကိုပိတ်ချုပ်၍ ယူထားနိုင်သောသဘောတရား။

ပရသန္တကံဂဏှိတုကာမော။ ။ဤစကားသည် “မစ္ဆရိယက ပရသန္တကကို လိုချင်ခြင်းသဘောရှိသည်”ဟု ပြလိုသောစကားမဟုတ်၊ မစ္ဆရိယဖြစ်ရာ၌သူတပါးစည်းစိမ်ကို လိုချင်သောလောဘက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုတတ်ကြောင်းပြလို၍ ဆိုအပ်သောစကားဖြစ်သည်။

အတ္တသမ္ပတ္တိနိဂူဟနာ။ ။သူတပါးတို့နှင့်ဆက်ဆံသည်ဖြစ်စေ, မဆက်ဆံသည်ဖြစ်စေ “အာဝါသ”စသည်ကိုသူတပါး၏ဥစ္စာနှင့်မဖြစ်စေလိုခြင်းသည် အတ္တသမ္ပတ္တိ(မိမိ၏ပစ္စည်း,မိမိရယူရန်ရှိသောပစ္စည်း)ကို+လျှို့ဝှက်ဝန်တိုခြင်း၏လက္ခဏာတည်း။ [အာဝါသာဒီ၊ပေ၊မာ အညဿာတိ ပဝတ္တိဝသေန အတ္တသမ္ပတ္တိနိဂူဟနလက္ခဏတာစယောဇေတဗ္ဗာ၊—ဋီကာ။]

အတ္တသမ္ပတ္တိဂဟဏာ။ ။သူတပါးတို့နှင့်ဆက်ဆံသည်ဖြစ်စေ, မဆက်ဆံသည်ဖြစ်စေ“အာဝါသ”စသည်ကိုမိမိ၏ဥစ္စာချည်းသာ ဖြစ်စေလိုခြင်းသည်အတ္တသမ္ပတ္တိ-မိမိစည်းစိမ်ကို+ဂဟဏ—ယူငင်သိမ်းပိုက်ခြင်း လက္ခဏာတည်း၊ [အာဝါသာဒီ၊ပေ၊

ပန—ဆက်၊ ဣမာနိ သံယောဇနာနိ—တို့ကို၊ ကိလေသပ္ပဓိပါဠိယာပိ—ကိလေသာ အစဉ်အားဖြင့်လည်း၊ အာဟရိတုံ—ဆောင်ပြခြင်းငှာ၊ ဝဋ္ဋတိ—သင့်၏၊ မဂ္ဂပ္ပဓိပါယာပိ—အားဖြင့်လည်း၊ (အာဟရိတုံဝဋ္ဋတိ၊) ကိလေသပ္ပဓိပါဠိယာ—အားဖြင့်၊ ကာမရာဂပဋိဃသံယောဇနာနိ—တို့ကို၊ အနာဂါမိမဂ္ဂေန—သည်၊ ပဟီယန္တိ-ပယ်အပ်ကုန်၏၊ မာနသံယောဇနံ-ကို၊ ၊အရဟတ္တမဂ္ဂေန-သည်၊ (ပဟီယတိ)၊ ဒိဋ္ဌိဝိစိကိစ္ဆာသီလဗ္ဗတပရာမာသာ-တို့ကို၊သောတာပတ္တိမဂ္ဂေန (ပဟီယန္တိ)၊ ဘဝရာဂသံယောဇနံ—ကို၊ အရဟတ္တမဂ္ဂေန (ပဟီယတိ)၊ ဣဿာမစ္ဆရိယာနိ—တို့ကို၊ သောတာပတ္တိမဂ္ဂေန (ပဟီယန္တိ)၊ အဝိဇ္ဇာ-အဝိဇ္ဇာသံယောဇဉ်ကို၊အရဟတ္တမဂ္ဂေန (ပဟီယတိ) မဂ်ပ္ပဓိပါဋိယာ—အားဖြင့်၊ ဒိဋ္ဌိ၊ပေ၊မစ္ဆရိယာနိ—တို့ကို၊သောတာပတ္တိမဂ္ဂေန (ပဟီယန္တိ)၊ ကာမရာဂပဋိဃာ—တို့ကို၊ အနာဂါမိမဂ္ဂေန (ပဟီယန္တိ) မာနဲ့ဘဝရာဂအဝိဇ္ဇာ—မာနသံယောဇဉ်, ဘဝရာဂသံယောဇဉ်, အဝိဇ္ဇာသံ၊ယောဇဉ်တို့ကို၊ အရဟတ္တမဂ္ဂေန (ပဟီယန္တိ) ဣတိ—ဤသို့မှတ်အပ်၏။

ဂန္ထဂေါစ္ဆကော—ဥ၊ (အတ္တောဝေံ ဝေဒိတပ္ပော၊) နာမကာယံ—ကို၊ ဂန္ထံ တိ—ထုံးဖဲ့ဘတ်၏၊ စုတိပဋိသန္ဓိဝသေန—စုတိပဋိသန္ဓေ၏အစုမ်းဖြင့်၊ ဝဋ္ဋသ္မိ—ဝဋ်ဆင်းရဲ၌၊ ဃဋေတိ—ဆက်စပ်တတ်၏ ၊[ဂန္ထံတိကို အဓိပ္ပါယ်ဖွင့်သည်၊]

မယ္ဟမေဝ ဟောတူတိ ပဝတ္တိဝသေန အတ္တာသမ္မတ္တိဂ္ဂဟဏလက္ခဏတာ၊—ဋီကာ၊] အဋ္ဌကထာ၌“မယ္ဟမေဝ ဟောတု,မာ အညဿ”ဟုအာကာရ၂မျိုးကိုအတ္တာသမ္မတ္တိနိဂ္ဂဟန, အတ္တာသမ္မတ္တိဂ္ဂဟဏ ၂မျိုးနှင့် အစဉ်အတိုင်း မတွဲဘဲရသင့်သလို ရှေ့နောက်ပြောင်းလဲ၍တွဲပါ၊ ယထာလာဘ ယောဇနာနည်းဖြစ်ပါသည်—ဟူလို။

ဣမာနိ၊ပေ၊အာဟရိတုံ။ ။သံယောဇဉ်ဟူသည်လည်း ကိလေသာဝဝပါးနှင့် သဘောတူပင်တည်း၊ ထို့ကြောင့်ကိလေသာအစဉ်အားဖြင့် ပယ်သောအခါ ကာမရာဂသံယောဇဉ်ဟူသော လောဘ,ပဋိဃသံယောဇဉ်ဟူသော ဒေါသကိုအနာဂါမိမဂ်သည်ပယ်အပ်၏—ဟု ဆို၏၊[ဘဝရာဂ မဟုတ်သော လောဘဟူသ၍ကိုကာမရာဂဟု ဆိုသော မူလဋီကာအလို အရဟတ္တမဂ်ကျမှ ပယ်နိုင်လိမ့်မည်။]

ဣဿာ မစ္ဆရိယ။ ။ဣဿာ,မစ္ဆရိယ သံယောဇဉ်တို့သည်အလွန်ကြမ်းသောကိလေသာများဖြစ်ကြ၏၊ ထို့ကြောင့် သောတာပတ္တိမဂ်ကပင်ပယ်ရသည်၊ မှန်၏—သူများဂုဏ်သိရှိသူ့စည်းစိမ်ဟူသည် သူ၏ ကံ,ဥာဏ်, ဝီရိယကြောင့်ဖြစ်ပေါ်လာရကား မိမိမှာ နေသာပါ၏၊ သို့ပါလျက် ထိုစည်းစိမ်ကို မနာလိုသောဣဿာသည် အလွန်ကြမ်း၏၊ မိမိစည်းစိမ်ကိုနှမြောဝန်တိုနေသော မစ္ဆရိယလည်းထို့အတူပင်၊ ထို့ကြောင့် “တချို့သည် တရားအားထုတ်၍ အတော်ပေါက်ပြီဟု ဆိုရလောက်မှ ဘုန်းကြီးများကိုဆွမ်းမလောင်းချင်”ဟု ကြားရသည်မှာတကယ်တရားအစစ်ပေါက်ခြင်း ဟုတ်နိုင်ပါမည်လော၊တတိယပါဋိဒေသနီယသိက္ခာပုဒ်၌လာသော သောတာပန်သို့းခင်ပွန်း၂ယောက်မှာသံဃာတော်များအားဆွမ်းလောင်းလွန်း၍ရဟန်းတော်များကိုပင် ဆွမ်းမခံရဟု တားမြစ်တော်မူရပါသေးသည်။

ဣတိ-ကြောင့်၊ ကာယဂန္ထော-မည်၏၊ သဗ္ဗညုဘာသိတမ္မိ-သဗ္ဗညု ဘုရားရှင်သည် ဟောတော်မူအပ်သော တရားကိုသော်မှလည်း၊ ပဋိက္ခိပိတ္ထာ-ပယ်မြစ်၍၊ [အဘိနိဝိသတိ ဠ္ဟစပ်၊ ပိသဒ္ဒါ သမ္ဘာဝနာဇောတကာ၊ သဗ္ဗညု ဘာသိတ်ကို တောင်မှ ပယ်သေး၏၊ အခြားသူတို့ ဟောအပ်သော တရားကို ပယ်ခြင်းမှာ ပြောဘွယ်ရာမရှိဟု ဂရဟာကိုဆည်း၊] လောကော-လောကသည်၊ သဿတောဒး အခါခပ်သိမ်း ထင်ရှားရှိ၏၊ (မြဲ၏၊) ဣဒမေဝ-ဤ သဿတောလောကော ဟူသော စကားသည်သာ၊ သစ္စံ-မှန်၏၊ အညံ-အခြားသော စကားသည်၊ မောသံ-အနက်မမှီး အချီးနှီးသာတည်း၊ ဣတိ-သို့၊ ဣမိနာအာကာရေန-ဤ အခြင်းအရာအားဖြင့်၊ အဘိနိဝိသတိ-စွဲစွဲမြဲမြဲ နှလုံးသွင်း၏၊ ဣတိ-ကြောင့်၊ ဣဒံသစ္စာဘိနိဝေသော-မည်၏။

ပန-ဆက်၊ ယသ္မာ-ကြောင့်၊ အဘိဇ္ဈာကာမရာဂါနံ-အဘိဇ္ဈာကာယဂန္ထ, ကာမရာဂတို့၏၊ ဝိသေသော-သည်၊ အတ္ထိ၊ တသ္မာ-ကြောင့်၊ အဘိဇ္ဈာကာယဂန္ထသ-၏၊ ပဒဘာဇနေ-၌၊ ယော၊ ပေ၊ ကာမရာဂေါတိ-ဟူ၍၊ အဝတ္ထာ-ဟောတော်မမူပဲ၊ (ကာမရာဂတုန်းကကဲ့သို့ ဟောတော်မမူပဲ)၊ ယောရာဂေါ သာရာဂေါတိ အာဒိ-အစရှိသော စကားရပ်ကို၊ (ဘဂဝတာ)ဝုတ္တံ၊ [ကာမရာဂနှင့် မတူသောကြောင့် တမျိုးဟောဟော်မူသည်-ဟူလို၊] ဣမိနာ-ဤ ယောရာဂေါ သာရာဂေါအစရှိသော စကားရပ်ဖြင့်၊ ဘေဒဋ္ဌော-၌၊ ဖြဟ္မာနံ၊ ပေ၊ ဟောတီတိ-ဟူသော၊ ယံ အကြင်စကားကို၊ (မယာ)ဝုတ္တံ-ပြီ၊ တံ-ထိုစကားကို၊ ဆဝုတ္တံ-ခကောင်းစွာ ဆိုအပ်ပြီ၊ ဣတိဝေဒိတဗ္ဗံ၊ ပရတော-နောက်၌၊ ကိလေသေ ဂေါစ္ဆကေပိ-၌ဖြစ်သည်း၊ သေဝနယော-ဘည်း၊ ထဒပတွာ သိလဗ္ဗတပရာမာသန္တိ ဣဓ-ဟူသော ဤပါဠိ၌၊ ယသ္မာ, သိလဗ္ဗတပရာမာသော-သည်၊ ဣဒမေဝသစ္စန္တိအာဒိနာ-အစရှိသော၊ အာကာရေန-အားဖြင့်၊ နာဘိနိဝိသတိ-စွဲစွဲမြဲမြဲ နှလုံးမသွင်း၊ ပန-အနှယကား၊ သိလေန သုဒ္ဓိတိ အာဒိနာနေဝ-အစရှိသော အခြင်းအရာအားဖြင့်သာလျှင်၊ အဘိနိဝိသတိ-၏၊ တသ္မာ-ကြောင့်၊ မိစ္ဆာဒိဋ္ဌိဘူတံ-မိစ္ဆာဒိဋ္ဌိ ဖြစ်၍ဖြစ်သည်၊ (သမာနံ)ပိ-သော်လည်း၊ တံ-ထို

ထဒပတွာ သိလဗ္ဗတပရာမာသန္တိ ဣဓ၊ ပေ၊ အာဟ။ ။စာအုပ်တို့၌ "ထဒပတွာသိလဗ္ဗတပရာမာသန္တိ ဣဒံ" ဟု ကံပုဒ်အဖြစ်ဖြင့် တွေ့ရ၏၊ နောက်၌ "ထဒပတွာတိ အာဟ" ဟု ဤထဒပတွာကိုပင် အာကာရအဖြစ်ဖြင့် ဆိုပြန်၏၊ ကံအာကာရတို့သည် သဒ္ဒါအားဖြင့် မတူရ၊ အနက်အဓိပ္ပာယ်အရသာ တူရသည်၊ ဤ၌ သဒ္ဒါအားဖြင့်လည်း အလုံးစုံမဟူ၊ အနက်အဓိပ္ပာယ်အားဖြင့်လည်း အလုံးစုံ မတူသောကြောင့် "ဣဒံ" ဟု မရှိသင့်၊ "ဣဓ" ဟု အာဓာရသာ ရှိသင့်၏၊ [ထဒပတွာ သိလဗ္ဗတပရာမာသံတိ ဣဓ သည် အပေါင်းအာဓာရ, ထဒပတွာကား အစိတ်အာဓေရ်ဟု စပ်ပါ၊ ထဒပတွာ သိလဗ္ဗတ ပရာမာသံဟူသော ဤပါဠိဋ္ဌံ(ဤပါဠိထည်းက)ထဒပတွာ-ဟူလို။]

သီလဗ္ဗဘပဏ္ဍမာသကို၊ ပဋိက္ခိပန္တော—ပယ်မြစ်တော်မူလိုသည်၊ (ဟုတ္တာ—၍၊ ဝါ—ခကြောင့်၊)ထပေဘွာတိ-ဟူ၍၊(ဘဂဝါ)အာဟ-ပြီ။

နိဝရဏဂဂါစ္ဆကဿ-၏၊ ထိနမိဒ္ဓနိဒ္ဒေသေ-၌၊ စိတ္တဿ အကလ္လဝတာတိ—ကား၊စိတ္တဿ-၏၊ ဂိလာနဘာဝဝါ—မကျန်းမာသည်၏ အဖြစ်သည်၊ (အတ္ထိ)၊ ဟိ—မုန်၊ ဂိလာနော-မကျွန်းမာသူကို၊ အကလ္လကောတိ—အကလ္လက ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ ဝိနယေပိ—ဝိနည်းပါဠိတော်၌လည်း၊နာဟံ ဘဒန္တေ အကလ္လကောတိ-တပည့်တော် မ့ကျွန်းမာသူမဟုတ်ပါဘုရားဟူ၍၊ ဝုတ္တံ—ဒလျာက်အပ်ပြီ၊ အဂမ္ဘီရတာတိ—ကား၊ စိတ္တဒဂလဿသန်ဒါတော၀—စိတ်၏ မကျွန်းမာသည်၏ အဖြစ် ဟု ဆိုအပ်သည့်သာလျှင် ဖြစ်သော၊ အကမ္မညဝတာကာရော—ထိုထိုအမှုဌ် မဂကာင်းသည်၏အဖြစ်ဟူသော အခြင်းအရာသည်၊(အတ္ထိ)။

သြလီယနာတိ-ကား၊ သြလီယနာကာရော - တဲ့ရရဲ့ဆဲ့ခြင်းဟူသော အခြင်းအရာသည်၊(အတ္ထိ)၊ ဟိ—ခဲ့၊ ဣရိယာပထိကစိတ္တံ—ဣရိယာပုထ်ကို ထောက်ပံ့တတ်သော စိတ်သဿ်၊ဣရိယာပထံ-ကို၊သန္ဓာဒရတံ့—ကောင်းစွာ ဆောင်ထားခြင်းငှါ၊(ထောက်ပံ့ခြင်းငှါ၊)အာသဏ္ဍောန္တံ—မစ္ဆမ်းနိုင်လသော်၊ (ထိန မိဒ္ဓနှင့် ယှဉ်နခြင်းကြောင့် မစ္ဆမ်းနိုင်လသော်၊) ရုဒ္ဓ—သစ်ပင်၌၊ ဝဂ္ဂုလိ—လင်းနို့သည်၊(သြလီယတိ)ဝိယ-တဲ့ရရဲ့ဆဲ့သကဲ့သို့ ၎င်း၊ ခီဒလ—တံသင်း၌၊ (နံရံဝယ် ရိုက်ထားအပ်သော သံဝုတ်စသည်၌၊) လဂ္ဂိဘဖာဏိတဝါရကော—ဆဲ့ခိုတ်အပ်သော တင်လဲအိုးသည်၊(သြလီယဘိ)ဝိယစ-ကဲ့သို့၎င်း၊(တထာ) သြလီယတိ—တဲ့ရရဲ့ဆဲ့၏၊ တဿ—ထိုစိတ်၏၊ တံ အာကာရံ-ထို အခြင်းအရာကို၊ (တဲ့ရရဲ့ဆဲ့သကဲ့သို့ ဖြစ်ပုံအခြင်းအရာကို၊) သန္ဓာယ-ရည်ရွယ်၍တော်မူ၍၊သြလီယနာတိ—

အကမ္မညတာကာရော။ ။ကမ္မနိ+သာဓု ကမ္မညံ၊ န+ကမ္မညံ အကမ္မညံ၊ ထိန မိဒ္ဓနှင့်ယှဉ်နေသောကြောင့်ထိုထို အမှုကိစ္စ၌ မကောင်းမွန်,မခန့်ငြားသောစိတ်၊အကမ္မညဿ+ဘာဝေါ အကမ္မညတာ၊ အကမ္မညတာဝေ+အာကာရော အကမ္မညတာကာရော၊''အာကာရော'' ဟု အဝိထည့်၍ ဖွင့်သဖြင့် တာပစ္ဆာညီး (ဘာဝပစ္ဆာညီး)၏ ဇာတ် ဂုဏ် ကြိယာစသော အနက်၅မျိုးတို့တွင် ကြိယာအနက်ဟောဟု ပြသည်။

ဣရိယာပထိကစိတ္တံ။ ။ဣရိယာပထံ+သန္ဓာရေတိတိ ဣရိယာပထိကံ၊ ဣရိယာပုထ်ကို ဆောင်ထားတတ်သော စိတ်ဟူသည်''အပ္ပနာဇဝန''ဆဋ္ဌိသကား,ယာပထလည်း,ဖွဲ့ဘည်းခိုင်စေ၊တထွေဝုံဋ္ဌော,ကာဇောဘိညာ,ဒွိတ္တိ ံသာကား,နှစ်ဖြာဝိညတ်ကိုလည်း တတ်၏''ဟူသော စိတ် ၅၈ ပါ၊ပင်တည်း၊ ''၅၈ ပါးလုံးပင် သြလီယနဖြစ်၏''ဟုကားမယူရ၊အပ္ပနာဇောတို့သည် မည်သည့်အခါမျှ သြလီယန ဖြစ်ကြသည်မဟုတ်၊ ထို့ကြောင့်''ဣရိယာပထိကစိတ္တံ သြလီယတိ'' အရထိန မိဒ္ဓနှင့် ယှဉ်သောစိတ်များကိုသာယူပါ၊ [တဉ္စပန ဗလဝထိနမိဒ္ဓသဟဂတ စိတ္တံ ဣရိယာပထံ သန္ဓာရေတုံ အသက္ကော နာမိတိ ဝုတ္တံ၊-ဋီကာ။]

ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ-ပြီ၊ ဒုတိယပဒံ-သံလိယနာဟူသော ဒုတိယပုဒ်ကို၊ ဥပသဂ္ဂဝသေန-သံဥပသာရပုဒ်၏အစ္ဈမ်းဖြင့်၊ ဝစိုတံ-တိုးပွားစေအပ်ပြီ။[သြလီယနာကို သံဥပသာရပုဒ်ဖြင့် တိုးခဲ့လျှင်"သမောလီယနာ"ဟု ဖြစ်သင့်၏။]

လီနံတိ-ကား၊ အဝိပ္ပါရိကတာယ - ပြန့်နှံ့ခြင်းမရှိသည်၏အဖြစ်ကြောင့်၊ ပဋိကုဋ္ဌိတံ-တွန့်ဆုတ်ခြင်း သဘောတရားတည်း၊ ဣတရေ-လီနံသဒ္ဒါမှတပါးကုန်သော၊ ဒွေ-၂ပါးသော လီယနာ လီယိတတ္တံဟူသော သဒ္ဒါတို့သည်၊အာကာရဘာဝနိဒ္ဒေသာ-အာကာရကို ညွှန်ပြကြောင်း,ဘာဝကို ညွှန်ပြကြောင်း သဒ္ဒါဘို့တည်း၊ ထိနန္တိ-ကား၊သပိပိဏ္ဍော-ထောပတ်စိုင်သည်၊ (ထောပတ်ခဲသည်၊ အဝိပ္ပါရိကော)ဝိယ-ပြန့်နှံ့ခြင်း မရှိသကဲ့သို့၊(တထာ)အဝိပ္ပါရိကတာယ-ထိုထို အာရုံ၌ ပြန့်နှံ့ခြင်း မရှိသည်၏အဖြစ်ဖြင့်၊ဃနဘာဝေန တခဲနက်၏အဖြစ်ဖြင့်၊ [အဝိပ္ပါရိကတာယကို ထပ်ဖွင့်သည်၊] ဌိတံ-တည့်သော သဘောတရားတည်း၊[ထိနံဋ္ဌ ထာဓောတ်,ဋ္ဌာနအနက်ဟော၊"ထာတိ တိဋ္ဌတီတိ ထိနံ" ထာ၏ အာကို ဣပြု။] ထိယနာတိ-ထိယနာ ဟူသော သဒ္ဒါသည်၊ အာကာရနိဒ္ဒေသော-အာကာရကိုညွှန်ပြကြောင်းသဒ္ဒါတည်း၊(မပြန့်ကြဲပုံအခြင်းအရာကို ညွှန်ပြကြောင်း သဒ္ဒါတည်း၊) ထိယိတဘာဝေါ-တခဲနက်အားဖြင့် ဖြစ်သောတည်တန့်သောစိတ်၏ ဖြစ်ကြောင်း၊ဖြစ်ရာသည်၊ထိယိတတ္တံ-မှည်၏၊ ["ထိနေန+အယိတံ ထိယိတံ၊ "ထိနယိတ"ဟု ဆိုလိုလျက် နကို ဧခြု၊ ထိယိထသ+ဘာဝေါ ထိယိဝတ္တံ"ဟု ပြု၊] အဝိပ္ပါရဝသေနေဝ-ပြန့်နှံ့ခြင်း ၊မရှိသည်၏ အစ္ဈမ်းကြောင့်သာလျှင်၊ ထဒ္ဓတာ-ထန့်သည်၏ အဖြစ်တည်း၊ (တခဲနက်၏ အဖြစ်တည်း၊)ဣတိ အတ္ထော။

ကာယဿာတိ-ကား၊ ခန္ဓတ္တယသင်္ခါတသ-စေတသိက် ခန္ဓာ ၃ပါး အပေါင်းဟု ဆိုအပ်သော၊ နာမကာယဿ-နာမကာယ်၏၊ အကလ္လတာ အကမ္မညတာတိ-ဟူသော ပုဒ် ၂ပါး အပေါင်းသည်၊ဟဒဂ-ဥ်၊(ထိနနိဒ္ဒေသဥ်၊)ဝုတ္တနယမေဝ-ဆိုအပ်ပြီးသောနည်းရှိသည်သာ၊ မေဒဿာ-မိုဃ်းတိမ်သည် အာကာသံ-ကို၊(သြနယ္ဟတိ)ဝိယ-ဖုံးလွှမ်းတတ်သကဲ့သို့၊(တထာ)ကာယံ-နာမကာယကို၊သြနယ္ဟတိ-ဖုံးလွှမ်းတတ်၏၊ဣတိ, သြနာဟော-မည်၏၊၊ [အဝပုဗ္ဗ,နဟ-ဗန္ဓနေဟူသော ဓာတ်တည်း၊ဖွဲ့ခြင်းကိုပင်"ဆာဒေတိ အဝတ္ထရတိ"ဟု ဋီကာဖှင့်သည်၊] သဗ္ဗတောဘာဂေန-အလုံးစုံသော အဖိုအားဖြင့်၊သြနာဟော-ဖုံးလွှမ်းတတ်သော သဘောတရားသည်၊ ပရိယောနာဟော-မည်၏၊ အတ္တန္တရေ-အတွင်း၌,(စိတ်၌)၊ သမောရုန္ဓတိ-ထက်ဝန်းကျင် ပိတ်ချုပ်ထားတတ်၏၊ ဣတိ-ကြောင့်၊အန္တောသမောရောဓော-မည်၏၊ [စိတ်ကိုအခြားအာရုံ၌ ပြန့်၍ မသွားစေပဲ ငိုက်၍နေသောအားဖြင့် နာမကာယကို ပိတ်ချုပ်ထားတတ်သည်-ဟူလို၊] ဟိ-ဥပမာဆောင်,ထင်အောင်ပြအံ့၊ နဂရေ-ကို၊ရုန္ဓိတွာ-ပိတ်ဆို့၍၊

ဂဟိတေ-ရန်သူတို့က ယူထားအပ်ပြီးသော်၊ မနုဿာ—မြို့နေသူ လူတို့သည်၊ ဗဟိ—မြို့ပြင်ဘက်သို့၊ နိက္ခမိတုံ - ထွက်ခြင်းငှာ၊ နလဘန္တိ ယထာ - နှံသကဲ့သို့၊ ဧဝံပိ-တူလည်း၊ မိဒ္ဓေန-သည့်၊ သမောရုဒ္ဓါ-ထက်ဝန်းကျင် ပိတ်ချုပ်အပ်ကုန်သော၊ ဓမ္မာ - စေတသိက်ခန္ဓာတရားတို့သည်၊ ဝိပ္ပါရဝဝသေန - အာရုံတပါးသို့ ပြန့်နှံ့ခြင်း၏ အစွမ်းဖြင့်၊ နိက္ခမိတုံ-ထွက်ခြင်းငှာ၊ (ထွက်ခွင့်ကို၊)နလဘန္တိ—န်၊ တသ္မာ, အန္တောသမောရောဓေတိ—ဟူ၍၊ (ဘဂဝတာ)ဝုတ္တံ-ပြီ။

မေဓတိ-ညှဉ်းဆဲတတ်၏၊ ဣတိ, မိဒ္ဓံ-မိဒ္ဓမည်၏၊ အကမ္မညဘာဝေန-ထိုထို အမှုဌာနကောင်းသည်၏အဖြစ်ဖြင့်၊ဝိဟံသတိ-ညှဉ်းဆဲတတ်၏၊ ဣတိ-အတ္ထော၊ [ထိုထို အမှုဌာန မှကောင်းအောင် လုပ်သောအားဖြင့် နာမကာယကို ညှဉ်းဆဲတတ်သည်—ဟူလို၊]တေန—ထိုသဘောတရားဖြင့်၊(သတ္တော—တို့သည်၊) သုပန္တိ-အိပ်ချင်တတ်ကုန်၏၊ (ငိုက်မျည်းတတ်ကုန်၏၊)ဣတိ-ကြောင့်၊ သောပွံ- မည်၏၊ [အိပ်ပျော်နေသောအခါဌာ မိဒ္ဓမဖြစ်၊ အိပ်ချင်၍ ငိုက်နေသောအခါဌာသာမိဒ္ဓဖြစ်သည်၊] အကို့ဒလာဒိနံ—အထက်အောက် မျက်လုံ အစ ရှိသည်တို့၏၊ (မျက်တောင် အစရှိသည်တို့၏၊) ပစလဘာဝံ-တလှုပ်လှုပ်တို့၏ အဖြစ်ကို၊ ကရောတိ—ပြုတတ်၏၊ ဣတိ—ကြောင့်၊ ပစလာယိကာ-မည်၏၊ သုပနာ သုပိတတ္တန္တိ—ဟူသော သဒ္ဒါတို့သည်၊ အာကာရဘာဝနိဒ္ဒေသာ—တို့တည်း၊ [ယံပန နေသံဟု ပါဠိရှိစေ၊] ပန - ဆက်၊ နေသံ- ထို သုပနာ, သုပိတတ္တံပုဒ်တို့၏၊ ပုရတော—ရှေ့၌၊ ယံ သောပွပဒံ—သည်၊ (အတ္ထိ)၊ တသ္မာ—ထိုသောပွပုဒ်ကို၊ ပန, ဝစနေန—ဟောတော်မူခြင်း၌၊ ကာရဏံ-ကို၊ ဝုတ္တမေဝ—ဆိုအပ်ပြီးသည်သာ။ [လောဘနိဒ္ဒေသ၌ ဇပွါ ၂ ထပ်ပါရာဝယ်အကြောင်းပြခဲ့သည်—ဟူလို။]

ဣဒံ ဝုစ္စတိ ထိနမိဒ္ဓ နိဝရဏန္တိ-ကား၊ ဣဒံ ထိနဥ္စ-ကိုငင်း၊ (ဣဒံ) မိဒ္ဓဉ္စ—ကိုငင်း၊ ကေတော-တပေါင်းတည်း၊ ကတ္ဝာ, အာဝရဏဋ္ဌေန—ကုသိုလ်တရားတို့ကို တားမြစ်တတ်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ ထိနမိဒ္ဓ နိဝရဏန္တိ-ဟူ၍၊ ဝုစ္စတိ—ဟောတော်မူအပ်၏၊ ယံ-အကြောင်ထိနမိဒ္ဓသည်၊ ယေဘုယျေန- အားဖြင့်၊ သေက္ခ ပုထုဇ္ဇနာနံ-သေက္ခပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့၏၊ နိဒ္ဒါယ-အိပ်ခြင်း၏၊ ပုဗ္ဗဘာဂ အပရဘာဂေသု - ရှေ့အဘို့ နောက်အဘို့တို့၌၊ဥပ္ပဇ္ဇတိ၊ (ရှေ့အဘို့၌ အိပ်ချင်သောအခါဖြစ်၏၊ နောက်အဘို့၌အိပ်ရေးမဝသောအခါဖြစ်၏၊) တံ-ထို ထိနမိဒ္ဓကို၊ အရဟတ္တမဂ္ဂေန-သာည်၊ သမုစ္ဆိဇ္ဇတိ—အကြွင်းမဲ့ဖြတ်အပ်၏၊[အရဟတ္တမဂ်ဖြင့်အကြွင်းမဲ့ဖြတ်လျှင် အတယ်ကြောင့်ရဟန္တာများအိပ်ချင်နေကြသနည်းဟု မေးဘွယ်ရှိရကား"ခီဏာသဝါနံ ပန"စသည်မိန့်၊] ပန—ထိုသို့ပင် ထိနမိဒ္ဓကို အကြွင်းမဲ့ဖြတ်အပ်ပြီးဖြစ်ပါသော်လည်း၊ ခီဏာသဝါနံ—တို့၏၊ကရဇကာယသ-ကရဇကာယ၏၊ ဒုဗ္ဗလဘာဝေန-အားမရှိညှိ၏အဖြစ်ကြောင့်၊(ပင်ပန်းသောအခါ၌ အားမရှိသည်၏အဖြစ်ကြောင့်၊)

ဘုဝင်္ဂါတရဏံ–ဘဝင်သို့ သက်ရောက်ခြင်းသည်၊ ဟောတိ၊ တသ္မိံ–ထိုဘဝင်သည်၊ အသပ္မိသေ-ဝီထိစိတ်တို့နှင့်မရောသည်ဖြစ်၍၊ ဝတ္တမာနေ-ဖြစ်လသော်၊ တေ–ထိုရဟန္တာပုဂ္ဂိုလ်တို့သည်၊ သုပန္တီ–အိပ်ချင်တော်မူကြကုန်၏၊ သာ–ထိုအိပ်ချင်ခြင်းသည်၊ နေသံ-ထို ရဟန္တာပုဂ္ဂိုလ်တို့၏၊ နိဒ္ဒါနာမ-နိဒ္ဒါမည်သည်၊ (ဝီထိစိတ်အစဉ်ကို ဖြတ်ခြင်းမည်သည်) ဟောတိ၊ တေန-ကြောင့်၊ ဘဂဝါ-သည်၊ အာဘိဇာနာမိ၊ပေ၊ သြက္ကမိတာတိ-ဟူ၍၊ အာဟ-ပြီ၊ [ဒုဂ္ဂိဝေဿန–အဂ္ဂိဝေဿန၊ အဟံ-ငါဘုရားသည်၊ ဂိမ္ဟာနံ-နွေလတို့၏၊ ပစ္ဆိမေ-နောက်ဆုံးဖြစ်သော၊ မာသေ-လ၌၊ စတုဂ္ဂုဏံ–၄ ထပ်ရှိသော၊ သံဃာဋိံ–ကို၊ပညပေတွာ–ခင်းတော်မူ၍၊ [နဂိုရိုက ၂ ထပ်သင်္ကန်းကြီးကို ၂ ထပ်ခေါက်လိုက်သော အခါ ၄ ထပ်ဖြစ်သွားသောကြောင့် "စတုဂ္ဂုဏံ" ဟု မိန့်သည်။] ဒက္ခိဏေန ပဿေန-လက်ယာနံပါးတော်ဖြင့်၊ သတော-အမှတ်ရတော်မူသည်၊သမ္ပဇာနော-ကောင်းစွာ အပြားအားဖြင့်သိတော်မူသည်၊ (ဟုတွာ)နိဒ္ဒံ-အိပ်ပျော်ခြင်းသို့၊ သြက္ကမိတာ-သက်ရောက်တော်မူဘူးသည်၊ (ဟုတွာ)၊ အာဘိဇာနာမိ–သိတော်မူ၏။ [မူလပံ, မဟာယမကဝဂ်, မဟာသစ္စကသုတ်။]

ပန–ဆက်၊ ဧဝရူပေါ-ဤသို့ သဘောရှိသော၊ကဲ့ရဲ့ကာယသာ-၏၊ အယံ ဒုဗ္ဘလဘာဝေါ-ဤ အားမရှိသည်၏အဖြစ်ကို၊ နမဂ္ဂဝဇ္ဈော-မင်္ဂလာသည် မပယ်အပ်,မပယ်နိုင်၊ ဥပါဒိန္နကေပိ ဥပါဒိန္နက ခန္ဓာကိုယ်၌ရှင်း၊ ("ငါ၏ကိုယ်"ဟု ယူအပ်သော သင်္ကန်းရှိခန္ဓာကိုယ်၌ရှင်း၊) အနုပါဒိန္နကေပိ-အနုပါဒိန္နကဝတ္ထု၌ရှင်း၊ (ဥပါဒိန္န မဟုတ်သော သစ်ပင်စသော သင်္ကန်းဝတ္ထု၌ရှင်း၊) လဇ္ဇတိ–ရအပ် ရနိုင်၏၊ ဥပါဒိန္နက-ဥပါဒိန္နကခန္ဓာကိုယ်၌၊ လဇ္ဇမာနော-ရအပ်သော်၊ (ဧဝရူပေ ကာလေ လဇ္ဇတိဒ္ဓံစပ်၊) ယဒါ-၌၊ ခီဏာသဝေါ-ရဟန္တာပုဂ္ဂိုလ်သည်၊ ဒီဃမဂ္ဂံ-ရှည်စွာသော ခရီးကို၊ ဂတော-ကြွတော်မူပြီးသည်၊ ဟောတိ၊ ဝါပနာ-သည်သာမကသေး၊ အညတရံ-အမှတ်မသား တပါးပါးသော၊ ကမ္မံ-အလုပ်ကို၊ ကတွာ-ပြုလုပ်၍၊ (ပြုလုပ်ခြင်းကြောင့်၊) ကိလန္တော-ပင်ပန်းတော်မူသည်၊ (ဟောတိ)၊ ဧဝရူပေ-သော၊ ကာလေ–အခါ၌၊ လဇ္ဇတိ–ရအပ်ရနိုင်၏၊ အနုပါဒိန္နကေ-အနုပါဒိန္နကဝတ္ထု၌၊ လဇ္ဇမာနော-သော်၊ ပဏ္ဏုပုပ္ဖေသု-အရွက် အပွင့်တို့၌၊ လဇ္ဇတိ-၏၊ ဟိ ခဲ့၊ ကေသစ်စာနံ-အချို့ကုန်သော၊ရုက္ခာနံ–ကုက္ကိုပင်စသော သစ်ပင်တို့၏၊ ပဏ္ဏာနိ-အရွက်တို့သည်၊ သူရိယာတပေန-နေရောင်ကြောင့်၊ ပသာရယန္တိ-ပြန့်ကုန်၏၊ ရတ္တိံ-၌၊ ပဒီဃဒ္ဓနွိ-တွန့်ကုန်၏၊ [ပပုဗ္ဗ-သရဓာတ် စုရာဒိဂဏယပစ္စည်း, ဝိတ္ထာရအနက်ဟော၊ ပသာရယန္တိဟု ပါဠိမှန်ရှိစေ၊] ပဒုမပုပ္ဖါဒီနိ – ပဒုမ္မာကြာပန်း အစရှိသော ပန်းတို့သည်၊ သူရိယာတပေန-ကြောင့်၊ ပုပ္ဖန္တိ-ပွင့်ကုန်၏၊ ရတ္တိံ-၌၊ ပုန–တဖန်၊ ပဒီဃဒ္ဓနွိ–တွန့်ကုန်၏၊ (ငုံကုန်၏၊) ဣဒံ ပန မိဒ္ဓံ–ဤမိဒ္ဓသည်ကား၊ အကုသလတ္တာ-

အကုသိုလ်၏အဖြစ်ကြောင့်၊ ခီဏာသဝါနံ—ရဟန္တာပုဂ္ဂိုလ်တို့၏ (သန္တာန်၌) နာ ဟောတိ-မဖြစ်၊ ဣတိ—ဤသို့မှတ်အပ်၏။

တတ္ထ—ထို အကုသလတ္တာခီဏာသဝါနံ နာ ဟောတိဟူသောစကားရပ်၌၊ ["တတ္ထ မိဒ္ဓါဓိကာရေ"ဟု ယောဇနာစဲ့သည်။] (ဌတ္ဝာ-၍၊စောဒကဿ-၏၊ ဤဒိသိ-သော၊ စောဒ့နာ-စောဒနာစကားသည်၊)သိယာ -ဖြစ်ရာ၏၊(ကိဒိသိ-သော၊ စောဒနာသည်၊ သိယာ-ဖြစ်ရာသနည်း၊) မိဒ္ဓံ-သည်၊ အကုသလံ—သည်၊ နာ-မဟုတ်၊ ကဿာ-နည်း၊ ရူပတ္တာ-ရုပ်၏အဖြစ်ကြောင့်တည်း၊ဟိ-မှန်၊ ရူပံ-သည်၊ဇရာဓမ္မတာ- အဖျက်တတတည်း၊ ဣဒဉ္စ - ဤမိဒ္ဓသည်လည်း၊ ရူပံ-ရုပ်တည်း၊ တေနေဝ - ထို့ကြောင့်ပင်၊ တတ္ထ – ဤ မိဒ္ဓနိဒ္ဒေသ၌၊ကာယဿ အကလ္လတာ အကမ္မညတာတို-ဟူ၍၊ ကာယဂ္ဂဟဏံ-ကာယသဒ္ဒါကို၊ ကတံ-ပြုတော်မူအပ်ပြီ၊ဣတိ(ဤဒိသိ-ဤကဲ့သို့ရှုအပ်သော၊စောဒနာ- သည်၊သိယာ-၏၊) ကာယဿာတိ-ဟူ၍၊ ဝုတ္တမတ္တန-ဆိုအပ်ခဲသော စကားမျှကြောင့်၊ တေံ-ဤမိဒ္ဓသည်၊ ရူပံ-သည်၊ ယဒိ (ဟောတိ)-အံ့၊ (ဧဝံသတိ)၊ ကာယပဿဒ္ဓါဒယောပိ—ကာယပဿဒ္ဓိ အစရှိသည်လည်းဖြစ်ကုန်သော၊ [အာဒိဖြင့် ကာယလဟုတာ ကာယမုဒုတာ စသည်တို့ကိုယူ၊] ဓမ္မာ-တို့သည်၊ ရူပဓမ္မာ—ရုပ်ချည်းသာ၊ ဘဂဝယံ့၂-ဖြစ်ကုန်ရာ၏၊သုခဉ္စ၊ပေ၊သစ္ဆိကရောတီတိ-ဟူသောဤပါဠိ၌၊ သုခ၊ ပ၊ သစ္ဆိကရဏာနိပ်—သုခဝေဒနာကို ခံစားခြင်း, ပရမတ္ထသစ္စာဖြစ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းတို့သည်လည်း၊ ရူပကာယေနဝ—ရူပကာယဖြင့်သာ၊ သိယုံ-ဖြစ်ကုန်ရာ၏၊ တသ္မာ-ကြောင့်၊(ထိုသို့ကာယသဒ္ဒါက ရုပ်အဖြစ်ကို မပြီးစေနိုင်သည်၏ အဖြစ်ကြောင့်၊) [ကာယဿာတိ ဝစနဿ ရူပတ္တာသာဓကတ္တာ၊] တေံမိဒ္ဓံ—ဤမိဒ္ဓသည်၊ ရူပံ-ရုပ်တည်း၊ ဣတိ-သို့၊ နဝတ္တာဗ္ဗံ-မဆိုထိုက်၊ ဣတိ-ဤကား အဖြေတည်း။

ဟိ-မှန်၊ တတ္ထ-ဤ ကာယဿ အကလ္လဘာဟူသော ပါဠိတော်ပါဠ်၌၊ နာမကာယော—နာမကာယသည်၊ ကာယောနာမ-ကာယ မည်သည်၊ (ဟောတိ)၊ နာမကာယော-သည်၊ (ကာယောနာမ-သည်၊) ယဒိ (ဟောတိ)၊ အထ-ထိုသို့

သုခပဋိသံ၊ပေ၊သိယုံ။ ။"ကာယဿ အကလ္လတာ" စသည်၌ ကာယသဒ္ဒါကို ဟောတော်မူကာမျှဖြင့် ဤမိဒ္ဓကို ရုပ်ဟုဆိုလိုလျှင် "သုခဉ္စကာယေန ပဋိသံဝေဒေတိ"စသည်၌ သုခဝေဒနာကို ရုပ်တည်းဟူသော ကိုယ်ကြီးဖြင့် ခံစားခြင်း,နိဗ္ဗာန်ကို ရုပ်တည်းဟူသော ကိုယ်ဖြင့် မျက်မှောက်ပြုခြင်းများ ဖြစ်ကုန်စရာရှိ၏၊ ထိုသို့ ဖြစ်ခြင်းကြောင့် သုခကို ခံစားသောတရား နိဗ္ဗာန်ကို မျက်မှောက်ပြုသောတရားသည် ရုပ်တရားပင်ဖြစ်စရာရှိသည်-ဟူလို။ [အမှန်ကား ရုပ်ဖြင့် မခံစားနိုင်၊ နာမ်ဖြင့်သာ ခံစားနိုင်၏၊ ရုပ်ဖြင့် မျက်မှောက်မပြုနိုင်၊ မဂ်,ဖိုလ်, ပစ္စဝေက္ခဏာဉာဏ် အာဘိညာဉ်တို့ဖြင့်သာ မျက်မှောက် ပြုနိုင်သည်။]

ဖြစ်လျှင်၊ ကသ္မာ, သေးပွံ ပစလားယိကာတိ - ဟူ၍၊ဝုတ္တံ - ဟောတော်မူအပ် သနည်း၊ ဟိ-မှန်၊ နာမကာယော-သည်၊ နာ သုဗတိ-မအိပ်ငိုက်၊ နစ ပစလာယတိ-မျက်တောင် တလှုပ်လှုပ်ကိုလည်းမပြုတတ်၊ ဣတိ-ဤကား စောဒနာတည်း၊ လိင်္ဂါဒိနိ - လိင် အစရှိသည်တို့သည်- (လိင်,နိမိတ္တ, ကုတ္တ,အာကပ္ပတို့သည်၊) ဣန္ဒြိယဿ-ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ၏၊ (ဖလာနိ-အကျိုးတို့သည်၊ ဟောန္တိ)ဝိယ-နိသကဲ့သို့၊ (တထာ) တဿ-ထိုမိဒ္ဓ၏၊ ဖလတ္တာ- အကျိုး၏ အဖြစ်ကြောင့်၊ (သောပွံ ပစလာယိကာတိ-ဟူ၍၊ ဝုတ္တံ-ပြီ၊) ဟိ-ခဲ့၊ ဣတ္ထိလိင်္ဂံ-မိန်းမတို့၏ ပုံသဏ္ဌာန်၎င်း၊ ဣတ္ထိနိမိတ္တံ - မိန်းမတို့၏ အမှတ်အသားဌင်း၊ ဣတ္ထိကုတ္တံ- မိန်းမတို့ပြုအပ်သောအပြုအမူဌင်း၊ ဣတ္ထာဂကပွါ-မိန်းမတို့၏ သွားခြင်းစသော အသွင်အပြင်ဌင်း၊ဣတိ-သို့၊ဣမာနိ လိင်္ဂါဒိနိ-ဤလိင်္ဂအစရှိသည်တို့ကို၊ ဣတ္ထိန္ဒြေ ယဿ-၏၊ ဖလတ္တာ-ကြောင့်၊ ဝုတ္တာနိယထာ-(ဣန္ဒြိယနိဒ္ဒေသ၌) ဟောတော် မူအပ်ကုန်သကဲ့သို့၊ ဧဝံ-တူ၊ နာမကာယဧကလည်သခ်ါတသ- နာမကာယ၏ မကျန်းမမာသည်၏အဖြစ်ဟု ဆိုအပ်သော၊ ဣမသ်ာပိ မိဒ္ဓဿ-၏လည်း၊ဖလတ္တာ-ကြောင့်၊သောပွါဒိနိ-တို့ကို၊ ဒုတ္တာနိ-နှံပြီ၊ ဟိ-မှန်၊ မိဒ္ဓေ-သည်၊ သတိ-သော်၊ တာနိ-ထို အိပ်ငိုက်ခြင်းစသော အကျိုးတို့သည်၊ ဟောန္တိ၊ ဣတိ-ကြောင့်၊ ဖလူပစာရေန- အားဖြင့်၊ (သောပွ စသော အကျိုး၏ အမည်ကို အကြောင်းမိဒ္ဓ၌ တင်စားသောအားဖြင့်၊) မိဒ္ဓံ-သည်- အရူပံ-သည်၊ သမာနံ ပိ-သော်လည်း၊ ဝါ-သော၊(မိဒ္ဓံ-ကို၊) သေးပွံ၊ပေ၊ သုပိတတ်တံ-ဟူ၍၊ဝုတ္တံ-ပြီ၊ အကို၊ပေ၊ ပစလာယိကာတိ၊ဟူသော၊ ဝစနတ္ထနှေပိ - အားဖြင့်လည်း၊အယံ အတ္ထော-"ဖလူပစာရအားဖြင့် ဆိုအပ်ပြီ"ဟူသောဤအနက်ကို၊ သာဓိတော ယေဝ-ပြီးစေအပ်သည်သာ၊ ဣတိ-ကြောင့်၊ မိဒ္ဓံ-သည်၊ နရူပံ-ရုပ်မဟုတ်၊ ဣတိ-ဤကား အဖြေတည်း။ [ပစလာယိကာကို ဝိဂြိုဟ်ပြုရာ၌"ပစလာယံ-မျက်လှောတို့၏ တလှုပ်လှုပ်ဖြစ်ခြင်းကို၊ ကရောတိ - ပြုတတ်၏" ဟုပြုရ၏။ ထို့ကြောင့် မိဒ္ဓသည် ပစလာယိကမဟုတ်၊ မိဒ္ဓပြုအပ်သော အကျိုးသည်သာ ပစလာယိက ဖြစ်၏၊ ထိုအကျိုးဖြင့် အကြောင်းမိဒ္ဓကို ဖလူပစာရအားဖြင့် ဟောတော်မူအပ်သည်-ဟူလို။]

နဟိ နာမကာယော သုပတိ။ ။အိပ်ပျော်နေသောအခါဘဝင်အစဉ်ဟူသော နာမကာယသာ ဖြစ်၏၊ ထို့ကြောင့် နာမကာယသည်အိပ်၏၊ သို့ပါလျက် အဘိဓံကို ရည်ရွယ်၍"နဟိနာမကာယောသုပတိ"ဟုစောဒကပုဂ္ဂိုလ်ဆိုပါသနည်းဟုမေးဘွယ်ရှိ၏၊အဖြေကား- ထိနမိဒ္ဓကြောင့်ဖြစ်သောစိတ္တဇရုပ်တို့ကြောင့်ရူပကာယ (ခန္ဓိာကိုယ်) တခုလုံးလေးလံသောအခါ ကိုယ်လက်အင်္ဂါများ ထိုထိုအမူကိုပြုလုပ်ခြင်းမှဆုတ်နစ်၍ အိပ်ငိုက်လာ၏၊ထိုအိပ်ငိုက်ခြင်းကို ရည်ရွယ်၍" နဟိ နာမကာယော သုပတိ = နာမကာယသည် မအိပ်ငိုက်"ဟုဆိုသည်၊ "ရူပကာယ သာ အိပ်ငိုက်သည်" ဟူလို။

မဇ္ဈေ—သေရည် အရက်သည်၊ ဥဒၛဂတေ-ဝမ်းတွင်းသို့ ရောက်လသော်၊ စိတ်ံ-သည်၊ သံကိလိဿတိ-ညစ်နွမ်း၏၊ ပညာ - သည်၊ ဒုဗ္ဗလာ—အားမရှိသည့်၊ ဟောတိ၊ တသ္မာ, မဇ္ဇံဝိယ-သေရည် အရက်ကဲ့သို့၊ မိဒ္ဓမိဒ်—သည်လည်း၊ စိတ်တ သံကိလေသောစေဝ—စိတ်ကို ညစ်နွမ်းစေတတ်သည်ဂုဏ်း၊ ပညာယ-၏၊ ဒုဗ္ဗလိ ကရဏဘဉ္ဇ-အားမရှိသည်၏ အဖြစ်ကို ပြုတတ်သည်ဂုဏ်း၊ သိယာ—ဖြစ်ရာသည် မဟုတ်လော၊ ဣတိ-ဤကား စောဒနာတည်း၊ န-မဖြစ်သင့်၊ (ကသ္မာ-နည်း၊) ပစ္စယနိဒ္ဒေသတော-အကြောင်းဌာ်အကျိုးကို ညွှန်ပြခြင်းကြောင့်တည်း။

ဟိ-ခဲ့၊ [ယောဇနာဌာ် "ဒဋ္ဌဲ" ဟုဆို၏။] မဇ္ဇံ-သည်၊သံကိလေသော-ညစ်နွမ်း ကြောင်းသည်၊ ယဒိဘဝေယျ၊ (ဝေံသတိ)၊သော—ထို—သေရည် အရက်သည်၊ (နိဒ္ဒေသံအာဂစ္ဆေယျာဌာ်စပ်၊) ဣမဉ္စပဉ္စ၊၊ပေ၊ ဥပက္ကိလေသေတိဝါ—ဟူ၍ဂုဏ်း၊ ဝေမေဝ၊ပေ၊ ဥပက္ကိလေသောတိဝါ—ဟူ၍ဂုဏ်း၊ ကတမေ၊ပေ၊ ဥပက္ကိလေသော တိဝါ-ဟူ၍ဂုဏ်း၊ ဝေမာဒီသု-အစရှိကုန်သော၊ ဥပက္ကိလေသနိဒ္ဒေသေသု—ဥပက္ကိလေသ၏ နိဒ္ဒေသတို့ဌာ်၊ နိဒ္ဒေသံ—အကျယ် ညွှန်ပြအပ်သည်၏အဖြစ်သို့၊ အာဂစ္ဆေယျ—ရောက်ရာ၏၊ [စေတသော-စိတ်၏၊ ဥပက္ကိလေသေ - ညစ်နွမ်း ကြောင်းဖြစ်ကုန်သော၊ ပဉ္စ-ကုန်သော၊ ဣမေ နိဝရဏေ-တို့ကို၊ ပဟာယ-ပယ်စွန့်၍၊ - (မဇ္ဈိမနိကာယ် မူလပံ, ဩပမ္မဝဂ်, စူဠဟတ္ထိပဒေါပမသုတ်၊) ဘိက္ခဝေ — တို့၊ ဝေမေဝခေါ-ဤ.အတူပင်၊ စိတ်တဿ - ၏၊ ဥပတ္တိလေသာ—ညစ်နွမ်းကြောင်းတို့သည်၊ ဣမေပဉ္စ-တို့တည်း၊ ယေဟိ ဥပက္ကိလေသေဟိ—ယင်းညစ်နွမ်းကြောင်းတို့သည်၊ ဥပက္ကိလိဋ္ဌ-ညစ်နွမ်းစေအပ်သော၊ စိတ်ံ-သည်၊ မုဒုဒေဝ-နူးညံ့သည်လည်း၊ နဟောတိ-မဖြစ်နိုင်၊ ကမ္မနိယံစ-အမှုဌ် ကောင်း

မဇ္ဈေ၊ပေ၊ဟောတိ။ ။စိတ်ံ သံကိလိဿတိအရ "စိတ်ညစ်" ဟူရာဌ် စိတ်မချမ်း မသာဖြစ်သောစိတ်ညစ်ခြင်းမဟုတ်၊တဏှာရာဂ လောဘစသည်ထက်ကြွ၍စိတ်ယုတ်မာ ဖြစ်ခြင်းတည်း၊ ပညာ ဒုဗ္ဗလာ ဟူရာဌ်လည်း ကုသိုလ်ရေးဆိုင်ရာပညာအစစ်အမှန်ကို ဆိုလိုသည်၊ အရက်သောက်ပြီးသောအခါ၊ ထိုအစစ်အမှန် ပညာမျိုးကား မဖြစ်နိုင်၊ လောကီရေးရာကိုကြံစည်သော ပညာအတု၏ သွက်လက်မှုကိုအကြောင်းပြု၍ "ပညာ ဒုဗ္ဗလာ ဟောတိ" ဟူသော ဤစကားကို မပယ်ရှားသင့်။

ပစ္စယနိဒ္ဒေသတော။ ။"ပစ္စယေ ဖလနိဒ္ဒေသတော" ဟု နောက်အကျယ်ဌ် ဋီကာဖွင့်၏၊ဆိုလိုရင်းကား-သေရည်အရက်သောက်မှုသည်အကြောင်း၊ဥပက္ကိလေသ ပညာယ ဒုဗ္ဗလိကရဏာ ဖြစ်ရခြင်းသည် အကျိုး၊ဤသို့ အကြောင်းအပေါ်ဌ် အကျိုးကို ညွှန်ပြသောဖလုပစာရစကားဖြစ်သောကြောင့်,နှ-မဇ္ဈကဲ့သို့မိဒ္ဓသည်စိတ္တ သံကိလေသ ပညာယဒုဗ္ဗလိကရဏာ မဖြစ်သင့်။ [ယောဇနာဌာ် "ပစ္စယနိဒ္ဒေသတောတိ ဥပက္ကိလေသ ပညာယ ဒုဗ္ဗလိကရဏာနံ (တို့၏) ပစ္စယဘာဝနိဒ္ဒေသတော (မဇ္ဈကအကြောင်းဖြစ်ပုံကို ညွှန်ပြခြင်းကြောင့်) မဇ္ဇံ သံကိလေသော နဟောတိ" ဟုဖွင့်၏၊စောဒကပုဂ္ဂိုလ်က မဇ္ဈကို ဥပမာပြု၍ မိဒ္ဓကို စောဒနာသောကြောင့် မိဒ္ဓတိုင်အောင် ဖြေမှုပြည့်စုံသည်။]

သောရစ္စနိဒ္ဒေသေ-၌၊ ကာယိဒ်းကာ အဝိဘိက္ကဒမာတိ-ကား၊ တိဝိဓံ-၃ပါး အပြားရှိသော၊ ကာယသုစရိတံ—ကာယသုစရိုက်တည်း၊ ဝါစသိကော အဝိတိက္ကမောတို့-ကား၊ စတုဗ္ဗိဓံ-သော၊ ဝစီသုစရိတံ- တည်း၊ ကာယိကဝါစသိကောတိ လူမိနာ—ဟူသော ဤပါဠိတော်ဖြင့်၊ ကာယဝစီဒွါရသမုဋ္ဌိတံ-ကာယဒွါရဝစီဒွါရ၌ ဖြစ်သော၊ အာဇီဝဋ္ဌမကသီလံ-အာဇီဝဋ္ဌမကသီလကို၊ ပရိယာဒိယတိ-ထက်ဝန်းကျင် ယူတော်မူ၏၊ (ကုန်အောင် ယူတော်မူ၏၊) လူဒံ ဝုစ္စတိ သောရစ္စန္တိ-ကား၊ လူဒံ-ဤမလှုန်ကျူးခြင်းကို၊ ပါပဘောဒ-မှ၊ သုဒ္ဓ-ကောင်းစွာ၊ သြရတတ္တာ—ဒရှာင်ကြဉ်သည့်၏ အဖြစ်ကြောင့်၊ သောရစ္စံ နာမ-သောရစ္စမည်၏ ဟူ၍၊ ဝုစ္စတိ-၏၊ သဒ္ဓေါ သိ သံဝရော တိ လူဒံ—ဟူသော ဤစကားကို၊ (ဝုတ္တံ ဋ္ဌစပ်)၊ ယသ္မာ, ကောဝလံ-မာဒနာဒွါရမဖက် သက်သက်၊ ကာယဝါစာဟေဝ-ကာယဒွါရ, ဝစီဒွါရဘို့ဖြင့်သာ၊ အနာစာရံ-မလျောက်ပတ်သော အကျင့်ကို၊ အာစရတိ-ကျင့်ဘတ်သည်ကား၊ နမ—မ ဘုတ်သော၊ မနသာပိ— မနောဒွါရဖြင့်လည်း၊ (အနာစာရံ-ကို၊) အာစရတိဧဝ-ကျင့်တတ်သည်သာ၊ တသ္မာ, မာနသိကသီလံ-မာနသိက သီလကို၊ ပရိယာဒါယ—သက်ဝန်းကျင် ယူတော်မူ၍၊) ဒသေတုံ—ပြတော်မူခြင်းငှါ၊ ဝုတ္တံ-ပြီ။]

သောဖောက်ပြန်သော စိတ်ဘည်း၊ ထို့ကြောင့် "အတ္တနော စိတ္တ ၊ပေ၊ အတ္တော"ဟု အဓိပ္ပါယတ္ထကို ဖွင့်ပြသည်၊ ["အတ္တမန"အရဟုဂ္ဂါလကိုအရကောက်ချဉ်"အတ္တမန-ဒိတိ သုခတို့ ယူအပ်သောစိတ်ရှိသူ"ဟု ဖွင့်သောနည်းလည်းရှိသေး၏၊ ပါရာဇိကဏ်, အဋ္ဌမ သိက္ခာဒဿိသေသ အဖွင့်မှာ ရှုပါ။]

အာဇီဝဋ္ဌမကသီလံ။ ။မိစ္ဆာဇီဝမှရှောင်ကြဉ်ခြင်းသည် (ကာယဒုစရိုက်၃ပါး မှငင်း, ဝစီဒုစရိုက်၄ပါးမှငင်းရှောင်ကြဉ်ခြင်းကိုထောက်၍) ရှစ်ခုမြောက်သီလဖြစ်၏၊ ထိုအာဇီဝလျှင်ရှစ်ခုမြောက်ရှိသော သီလကို "အာဇီဝဋ္ဌမကသီလ"ဟု ခေါ်သည်၊ အာဇီဝေါ+အဋ္ဌမော+ယသ္သာတိ အာဇီဝဋ္ဌမကံ၊ (သမာသန္တ ကပစ္စည်း၊) အာဇီဝဋ္ဌမကံစ+တံ+သီလံစာတိ အာဇီဝဋ္ဌမကသီလံ။

သောရစ္စံ။ ။သုဒ္ဓ၊ သြရတဟ္ဘာကို ကြည့်၍ "သြရမတိတိ သြရတော၊ သုဒ္ဓ+သြရတော သောရတော—မကောင်းမှုမှ ကောင်းစွာ ဒွေးကြဉ်သူ၊ သောရတသ+ဘာဝေါသောရစ္စံ"ဟု ပြု၊ မာတိကာအဖွင့်၌ကား "သုရတသ+ဘာဝေါသောရစ္စံ" ဟု ပြုခဲ့သည်။

မနသာဒိ။ ။မလျောက်ပတ်သော အကျင့်ကို ကျင့်သောရဟန်းသည် ကိုယ်နှုတ်တို့ဖြင့်သာ ကျင့်သည်မဟုတ်သေး၊ စိတ်ဖြင့်လည်း (ကိုယ်နှုတ်တို့ဖြင့်ပြုထိုက်သော အမှုကို မပြုပဲနေခြင်း, မသာယာထိုက်သော ရွေ့ ငွေ့ စသည်ကို သာယာခြင်းအားဖြင့်) ကျင့်သည်သာ၊ မာနသိကအနာစာရကြောင့်သီလပျက်သည်၊ ထို့ကြောင့်မပျက်သော မာနသိကသီလကို ကုန်အောင်ပယူခြင်းငှါ ၌ "သဒ္ဓေါသိလသံဝရော"ဟူသော စကားကို ဟောတော်မူသည်။

သာခလျနီဒွေသေ-၌၊ ကတ္လကာတိ-ကား၊သဒေါသေ-အပြစ်အနာရှိသော၊ ရဂက္ခ-သစ်ပင်၌၊ အတ္လကာနီ-အုန္ဒင့်တူသော အဖုကိုသည်၊ ဥဒ္ဒဟန္တိယထာ—ပေါ်ထုတ်လာကုန်သကဲ့သို့၊ဧဝံ-တူ၊ သဒေါသတာယ-အပြစ်နှင့်တကွ ဖြစ်သည်၏ အဖြစ်ကြောင့်၊ခုံသနဝမ္ဘနာဒိဝစနေဟိ-ဆဲခေးခြင်း ရွဲကဲ့ချခြင်း အစရှိသော စကားတို့ဖြင့်၊ အတ္လကာ-အမှုန်ခဲ, အဖုနှင့်တူသော စကားသည်၊ ဇာတာ-ဖြစ်ပြီ၊ [အတ္လကာအရ ၎ါစာရသောကြောင့်“ခုံသနဝမ္ဘနာဒိ ဝစနေဟိ”သည် အတ္လကာ၏ သရုပ်ပြဖြစ်သော သရူပကျွာ ဝိသေသနတည်း၊] ကကသာတိ—ကား၊ ပူတိကာ-ပုပ်သည်ဖြစ်၍ ကြမ်းတန်းသောစကားဘည်း၊ ယထာနာမ-ဥပမာမည်သည်ကား၊ သာ-ထိုပုပ်သည်ဖြစ်၍ ကြမ်းတန်းသော စကားသည်၊ ပူတိရုက္ခော-ပုပ်ဆွေးသော သစ်ပင်သည်၊ ကကၡဒသော-ကြမ်းတန်းသော အတွေ့ရှိသည်၊ ပဋ္ဌရိဘစုဏ္ဏော-ယိုစီးသော အမှုန်အဲ့ရှိသည်၊ ဟောတိယထာ-ဖြစ်သကဲ့သို့၊ ဧဝံ-တူ၊ ကကၡသာ—ကြမ်းတန်းသော အဆင့်ရှိသည်၊ ဟောတိ၊ သောတံ-နားကို၊ ဃံသယမာနာဝိယ-ပွတ်တိုက်သကဲ့သို့၊ ပဝိသတိ-ဝင်၏၊ ဘေန-ကြောင့်၊ ကကၡသာတိ-ဟူ၍၊(ဘဂဝတာ) ဝုတ္တံ။[ကြားရသော သောတဒွါရိကစိတ်အစဉ်၌ ဒေါသ ဒေါမနဿ ဖြစ်ခစသည်ကိုပင်“သောတံ ဃံသယမာနာဝိယ ပဝိသတိ”ဟု ဥပရိကျွာ စကားကို ဆိုသည်။]

ပရကဋ္ဌကာတိ-ကား၊ ပဧရသံ-တို့၏၊ ကဋ္ဌကာ-ခါးစပ်သော အရသာနှင့်တူသည်၊ အမှနာပါ-စိတ်ကို မတိုးပွားစေဘတ်သည်၊ ဒေါသဇနနီ-ဒေါသကို ဖြစ်စေဘတ်သည်၊ (ဟောတိ)၊ ပဏာဘိသင်္ခနိတိ-ကား၊ ကုဋ္ဌိလကကုကသာခါ-ကောက်သော ဆူးခက်သည်၊ စမွေသု-အခရတို့၌၊ (ဝိဇ္ဈိတ္ဝာ ဝိဇ္ဈိတ္ဝာ-ထိုးဆွ၍

အတ္လကာ။ ။အတ္လာနိဝိယာတိ အတ္လကာ၊ အတ္လာသဒ္ဒါသည်“အု”ဟူသော အနက်ကို ဟောဇ်၏၊ အကာဖြစ်၍ အနှစ်မရှိသောသစ်ပင်၏ ဆွေးသောအခါ ထွက်လာသော အမှုန်ခဲ, အဖု(အမျက်)တို့ကိုလည်း ထိုအကလေးများနှင့် တူသောကြောင့် “အတ္လက”ဟုခေါ်ရသည်၊ ထို့အတူ ဆဲရေးခြင်း သူတပါးကိုရွဲတ်ချ၍ ပြောဆိုခြင်းစသည်တို့ဖြင့် အပြစ်ရှိသောစကားကိုလည်း“အတ္လကာ”ဟုခေါ်ရသည်၊ထို့ကြောင့် ဒေါသဖြစ်၍ ဆဲဆိုသောအခါ “အမျက်ထွက်သည်”ဟု ခေါ်စမှတ် ပြုကြသည်။ [“အတ္လကာနိ ဝိယာတိ အတ္လကာ”ဟု ပြု။]

ကကၡသာ။ ။သက္ကဘဋ္ဌ“ကက္ခံ အဿဇ္ဈိတိကက္ကသာ”ဟုရှိ၏၊ ကြမ်းတန်းခြင်း အနက်ဟော ကက္ကသဒ္ဒါနောင် အဿဇ္ဈိအနက်၌ သ ပစ္စည်းသက်၊ ကက္ကသောကို “ပဋ္ဌရိတစုဏ္ဏော”ဟုအဓိပ္ပါယ်ဖွင့်သည်၊“သဘ်ပင်သည်အမှုန်အဲ့တွေထွက်နေသောကြောင့် ကြမ်းတန်းနေသည် ”ဟူလို၊ [“ကကု-လက်၌ + ကသာ—ခြစ်တတ်၏၊ ဇ္ဈတိ,ကက္ကသော”ဟု ထောမနိဝိဒ္ဓ တနည်းပြုသေး၏၊ “ကြမ်းတန်းသည့်အတွက် ကိုင်သောလက်ကို ခြစ်တတ်သောအချာဝတ္ထုကဲ့သို့ ကြမ်းတန်းသောစကားလည်း နားကို ပွတ်တိုက်သကဲ့သို့ ဝင်သွားသည်”ဟူလို။]

ထိုးဆွ၍၊ အဘိသင္ဇတိ) ဝိယ-လွန်စွာ ငြိကပ်သကဲ့သို့၊ (တဆာ-တူ၊) ဝိဇ္ဈာဘွာ ဝိဇ္ဈာဘွာ-ထိုးဆွ၍ ထိုးဆွ၍၊ ပဒရသံ-သူဘ၀ါးတို့၏ (စိတ်၌)၊ အဘိသင္ဇနီ-လွန်စွာ ငြိကပ်ခြင်းရှိသည်၊ ဂန္ဓ်ကာမာနမ်ဗို—သွားလိုသူတို့အား၊လည်း၊ (သူ့စကားတို့ မကြားချင်၍ သွားလိုသူအား၊လည်း၊) တို့ဂန္ဓ်-သွားခြင်း၌၊ ဝါ-သွားခွင့်ကို၊ အဒတ္တွာ-မပေးမူ၍၊ လဂနကာရီ-ဆွဲချိတ်မှုကို ပြုခြင်းရှိသည်၊) ဟောတိ)၊ [စာအုပ်တို့၌ "လဂ္ဂနကာရီ" ဟု (ဂ္ဂ၊ ဒွေဘော်ဖြင့် တွေ့ရ၏၊ ခာတ်ကျမ်းတို့၌ လဂခာတ်သာ ရှိခြင်းကြောင့် "လဂနကာရီ" ဟု ရှိလျှင် ကောင်း၏၊ အဘိသင္ဇနီ၏ အဖွင့်တည်း။]

ကောဓသာမန္တာတိ-ကား၊ကောဓဿ-ဒေါသ၏၊အာသန္နာ-အနီးဖြစ်သော စကားသည်၊ (ဟောတိ)၊အာသန္နာဓိသံဝတ္တနိကာတိ-ကား၊ အပ္ပနာသမာဓိဿ ဝါ-အပ္ပနာသမာဓိကိုဒဿဝ်ရှင်း၊ ဥပစာရသမာဓိဿဝါ-ကိုသော်ရှင်း၊ အာသံ ဝတ္တနိကာ-မဖြစ်စေဘဘ်သည်၊ (ဟောတိ)၊ ဣတိ-ဤသို့လျှင်၊ သဗ္ဗာနေဝ—လုံးစုံသာလျှင် ဖြစ်ကုန်သော၊ ဓမ္မာနိ—ဤအကွာ ကာ စသော ပုဒ်တို့သည်၊ သဒေါသဝါစာယ—အပြစ်နှင့်တကွဖြစ်သော စကား၏၊ ဓဝဝစနာနိ-ဓဝဝုစ်ပရိယာယ် စကားလှယ်တို့တည်း။

တထာရူပိ ဝါစံ ပဟာယာတိ ဣဒံ- ဟူသော ဤစကားကို၊ (ဝုတ်ဆို၌စပ်၊) ဖရုသဝါစံ-ဖရုသဝါစာကို၊ အပွဇဟိတ္ဝာ- မစွန့်မူ၍၊ ဌိတဿ- တည်သော ပုဂ္ဂိုလ်၏၊ အန္တရန္တရေ-အကြား အကြား၌၊ပဝတ္တာပိ-ဖြစ်သည်လည်း၊ ဖြစ်သော၊ သဏှဝါစာ-သိမ်းမွှေသောစကားသည်၊ အသဏှဝါစာဓဝနာမ-သိမ်မွေ့သော စကားမမည်ဘဝ့်သည်သာလျှင်၊ (ဟောတိ)၊ ဣတိ (ဤမဿ အတ္ထဿ)-ကို၊ ဒီပနတ္ထံ-ပြတော်မူခြင်းအကျိုးငှာ၊ (ဘဂဝတာ) ဝုတ်ဆို-ပြီ။

နဒ္ဒါတိ (ဇတ္ထ)-၌၊ ဒေါသော—အပြစ်ကို၊ ဒွေံ-ဒွေဟူ၍၊ ဝုစ္စတိ၊အာသာ-ထိုစကား၏၊ ဒွေံ-အပြစ်သည်၊ နု-မချီ၊ ဤဘိ-ကြောင့်၊ (သာ—ထိုစကားသည်၊) နဒ္ဒါ-မည်၏၊ နိဒ္ဒေါသာ—အပြစ်မရှိသော စကားတည်း၊ ဤတိအတ္ထော၊နဒ္ဒါသေတပစ္စာဒေါတိတ္ထေ-ဟူသော ဤပါဠိ၌၊ ဝုတ္တာသီလံဝိယ-ဟောတော်

နေလာ။ ။(ဒွေဂဒွေ-အရိုအရဲ့ယိုသော ခံတွင်းရှိသူ"ဟူရာ၌ အရိအရဲ့ အပြစ်ကို "ဒွေ" ဟု ဆိုသကဲ့သို့) "ဒွေသဒ္ဒါသည် အပြစ်ဟူသောအနက်ကို ဟောသော အနိပ္ပန္နပါဠိပဒိကတည်း"ဟု သိစေလိုရှိ "ဒွေံ ဝုစ္စတိ ဒေါသော"ဟု ဝုစ္စတိသဒ္ဒါဖြင့် ဖွင့်သည်။ [သီလက္ခန်ဒီကာသစ် မြဟွဇာလသုတ်အဖွင့်ဋီကာ "ဇလတိ စိတ္တံ ပုဂ္ဂလော ဝါ ကမ္မတိ ဇတေနာတိ ဇလံ"ဟုနိပ္ပန္နပါဠိပဒိကပုဒ်အဖြစ်ဖြင့် ဝိဂြိဟ်ပြုထား၏။] ဒေါသအရ"အပြစ်"ဟုသည် ဝါစာနှင့်ဆိုင်သော မုသားစသော အပြစ်များတည်း၊ ထိုအပြစ်မျိုး မရှိသောကြောင့် "နဝ+အဿာ ဒွေံတိ"ဟူသော ဝစနတ္ထအရ "နဒ္ဒါ"ဟု ဆိုရသည်။

မူအာပ်သော သီလကဲ့သို့တည်း၊ [နေဋ္ဌမင်္ဂါ-အပြစ်မရှိသော သီလတည်းဟူသော အင်္ဂါရှိသော၊ သေတပစ္ဆာဒေါ်—ဖြူစင်သန့်ရှင်းသော ရထား အခင်းရှိသော၊ (ရထော-သည်၊ ဇန္တု-လည်၍လော၏၊)] ကဏ္ဍသုခါတိ-ကား၊ ဗျဥ္ဇနမခုံရတာယ-သဒ္ဒါစကားလုံး၏ ချို့ပြိန်သည်၏ အဖြစ်ကြောင့်၊ကဏ္ဍာနံ နားတို့၏၊သုခါ-ချမ်းသာကြောင်းတည်း၊ သူစိဝိဇ္ဈနံဝိယ—အပ်ဖြင့် ထိုးဆွခြင်းသည်ကဲ့သို့၊ ကဏ္ဍသူလံ-နား၏ တံကျင်ကို၊ နဇနေတိ-မဖြစ်စေတတ်၊ အတ္တာမခုရတာယ-အနှက် အဓိပ္ပါယ်၏ ချို့မြိန်သည်၏အဖြစ်ကြောင့်၊ သရီရေ-ကိုယ်၌၊ ကောပံ—အမျက်ဒေါသကို၊ အဇနေတွာ—မဖြစ်စေမူ၍၊ ပေမံ-ချစ်ခြင်းကို၊ ဇနေတိ-ဖြစ်စေတတ်၏၊ ဣတိ, ပေမနိယာ— ပေမနိယာ မည်၏၊ ဟဒယံ—စိတ်နှလုံးသို့၊ ဂစ္ဆ်တိ-သွားတတ်၏၊ အပ္ပဋိဟညမာနာ-မထိခိုက်တတ်သည်၊ (ဟုဘွာ) သုခေန—ချမ်းသာသဖြင့်၊ စိတ္တာ-သို့၊ ပဝိသတိ—ဝင်သွားတတ်၏၊ ဣတိ, ဟဒယင်္ဂမာ—မည်၏။ [ဟိုထိ ဒီခိုက်မဖြစ်ပဲ စိတ်နှလုံးသို့ ဖြောင့်ဖြောင့်ဝင်သွားသည်-ဟူလို]

ဂုဏပရိပုဏ္ဏတာယ-ဂုဏ်ဖြင့် ပြည့်သည်း၏ အဖြစ်ကြောင့်၊ ပုရေ-မြို့၌၊ [ရှေးနိသယဝယ်"ပုရေ—ဂုဏ်ဖြင့် ပြည့်သည်၌"ဟု ပေး၏၊] ဘဝါ-ဖြစ်သော စကားတည်း၊ ဣတိ-ကြောင့်၊ ပေါရီ မည်၏၊ [ပေါရီ—မြို့၌ဖြစ်သောစကား၊]

နေဋ္ဌင်္ဂါ၊ပေ၊ဝုတ္တသီလံ ဝိယ။ ။"နေဋ္ဌင်္ဂါ သေတပစ္ဆာဒေါ"ကားဥဒါန်း—အပရဂုဏ်ကဘဒ္ဒိယထေရသုတ်ဂါထာတည်း၊ ထိုဂါထာ၌ အပြစ်ကင်းသောသီလကို"နေလံ"ဟုဘုရားမိန့်တော်မူသည်၊"ဝုတ္တသီလံဝိယ"နေရာဝယ်"ဝုတ္တနေလံဝိယ" ဟုတချို့စာအုပ်၌ ရှိ၏၊ ဝါစာ၏အနက်ကိုဥပမာပြသောကြောင့် "ဝုတ္တသီလံဝိယ"ဟု ရှိသောပါဠိက ကောင်းသည်၊ ဤ၌ ဝါစာကို "နေလာ"ဟု ဟောတော်မူခြင်းသည် ထို၌ သီလကို နေလံဟု ဟောတော်မူခြင်းနှင့်တူ၏-ဟူလို။ [သုပရိသုဒ္ဓသီလင်္ဂါတိ အတ္ထော၊သေတော+ပစ္ဆာဒေါ တေသောတိ သေတပစ္ဆာဒေါ၊ပစ္ဆာဒေါတိ ရထသဉ္ဉပရိ အတ္ထရိတဗ္ဗကမ္မလာဒိ၊ ဒုတိယပါဒဉ္စရှိသော "ရထော"၌စပ်၊ ထိုအဋ္ဌကထာ။]

ပေမနိယာ။ ။ပိဓာတ် မာန်ပစ္စည်းဖြင့် ကိတ်ပုဒ်ဖြစ်ပြီးသော ပေမသဒ္ဒါသည် ချစ်ခြင်းဟူသောအနက်ကိုဟော၏၊"ပေမံ ဇနေတိတံ ပေမနိယာ"ဟု ပြုသောအခါ ဇနေတိတဒ္ဓိတ်ပုဒ် ဖြစ်၍ ဣယပစ္စည်း သက်ရ၏၊ နကားအာဂုံတည်း၊ ဘချို့စာအုပ်၌ "ပေမနီယာ"ဟု အနီယပစ္စည်းကို တွေ့ရ၏၊ဓာတ်နောင် မဟုတ်သောကြောင့် အနီယပစ္စည်း မသက်နိုင်၊ကမနီယာစသည်၌သာ ဓာတ်နောင်ဖြစ်၍ အနီယသက်ရသည်။

ပုရေဘဝါ။ ။ဂုဏပရိပုဏ္ဏတာယ ဟူသော ဟိတ်ကိုထောက်၍ ပုရေကို "ဂုဏပရိပူရေ"ဟု သီလကွန်ဋီကာသစ်၏၊သို့သော် ဒီဃဖြင့်ရှိသော "ပူရ"သဒ္ဒါသည်သာ "ပြည့်ခြင်း"အနက်ကိုဟော၏၊ ဤ၌"ပူရေ"ဟု မရှိ၊ "ပုရေ"ဟု ရှိသောကြောင့် ထို အဖွင့်ကို စဉ်းစားသင့်၏၊ "ပုရေ-မြို့၌"ဟုသာ အနက်ဖြစ်သင့်သည်၊ မြို့၌ဖြစ်သော စကားသည် ယဉ်ကျေးမှု တည်းဟူသော လောကီဂုဏ်နှင့်ပြည့်စုံသောကြောင့် ပေါရိမြည်ရသည်—ဟူလို။

ပုရေ-မြို၌၊ သံဝဿနာရီဝိယ—ကြီးပွားရသော သတို့သမီးကဲ့သို့၊ သုကုမာရာ—အလွန် နုနယ်သော စကားတည်း၊ ဣတိပိ—ကြောင့်လည်း၊ ပေါရိ-မည်၏၊ သော—ဤစကား၊သည်၊ ပုရဿ-မြို့သူမြို့သား၏၊ (သန္တကာ- ဥစ္စာတည်း၊) ဣတိပိ, ပေါရိ-မည်၏၊ နဂရဝါသိနံ-မြို၌နေသူ လူတို့၏၊(မြို့သူ မြို့သားတို့၏၊) ကထာ-စကားတည်း၊ ဣဘိအတ္ထော၊ ဟိ-မှန်၊ (တနည်း)၊ ဟိ-ခဲ့၊နဂရဝါသိနော—မြို၌နေသူ လူတို့သည်၊ (မြို့သူမြို့သားတို့သည်၊) ယုတ္တကထာ-သင့်တော်လျောက်ပတ်သော စကားရှိကုန်သည်၊ ဟောန္တိ၊ ပိတိမတ္တံ—အဘလောက်ရှိသူကို၊ ပိတာတိ-အဘဟူ၍၊(ဝဒန္တိ-ခေါ်ဝေါ်ပြောဆိုကြကုန်၏၊) ဘာတိမတ္တံ-အစ်ကိုလောက်ရှိသူကို၊ ဘာတာတိ—အစ်ကိုဟူ၍၊ ဝဒန္တိ-နှင့်၏၊ ဧဝရူပီ-ဤသို့သဘောရှိသော၊ ကထာ-စကားသည်၊ ဗဟုနော-များစွာသော၊ ဇနဿ-လူအပေါင်း၏၊ ဝါ-သည်၊ ကန္တာ-နှစ်သက်အပ်သည်၊ ဟောတိ၊ ဣတိ—ကြောင့်၊ ဗဟုဇနကန္တာ-မည်၏၊ ကန္တဘာဝေနေဝ-နှစ်သက်အပ်သည်၏ အဖြစ်ကြောင့်ပင်၊ ဗဟုနော- သော၊ ဇနဿ-၏၊ မနာပါ—စိတ်ကို တိုးပွားစေတတ်သည်၊ စိတ္တဝုဏ္ဍိကရာ-စိတ်၏ တိုးပွားခြင်းကို ပြုတတ်သည်၊ (ဟောတိ)၊ ဣတိ,ဗဟုဇန မနာပါ—မည်၏။

ယာ တတ္ထာတိ—ကား၊ တသ္မိံ ပုဂ္ဂလေ—ထိုပုဂ္ဂိုလ်၌၊ ယာ(သဏ္ဌာ၀ါစတာ—အကြင်သိမ်းမွှေ့သော စကားရှိသူ၏ အဖြစ်သည်,စသည်၌စပ်၊) သဏ္ဌာ၀ါစတာတိ-ကား၊ မဒ္ဒ၀ါစတာ-ညှာက်ညောသော စကားရှိသူ၏အဖြစ်သည်၊သခိလ၀ါစတာတိ—ကား၊ မုဒု၀ါစတာ—နူးညံ့သော စကားရှိသူ၏ အဖြစ်သည်၊ အဖရုသ၀ါစတာတိ—ကား အကက္ခဋ၀ါစတာ-မကြမ်းတန်းသော စကားရှိသူ၏အဖြစ်သည်၊ (အတ္ထိ)။

ပုရေ သံဝဿနာရီဝိယ။ ။ပုရေ+သံဝဿာ ပေါရိ-မြို၌ကြီးပွားသော မြို့သူ၊[ဏာပစ္စည်း,ဏကိုဣောတက ဤပစ္စည်း၊] ပေါရိဝိယာတိ ပေါရိ—မြို့သူကဲ့သို့ နူးညံ့သော သိမ်မွေ့သောစကား။

ပုရဿ ဿ၀ါ။ ။ပုရဿ၌ ပုရဖြင့်ပုရ၌နေသော မြို့သူမြို့သားကို ဌာနူပစာရအားဖြင့် ယူ၊ သဟစရဏာနည်း,အဘေဒါပစာဟုသော်လည်း ကြံပါ၊ ထို့ကြောင့် ပုရဿကို“နဂရဝါသိနံ”ဟု ဖွင့်သည်။

မနာပါ။ ။”မနံ+အာပါ”ဟုခွဲ၊ အာပဒ္ဒအာပဓာတ်,ကာရိတ်ကြေ,ဏာပစ္စည်း၊ “မနံ+အာပယတိဝဍ္ဎေတိ-တိုးပွားစေတတ်၏၊ ဣတိမနာပါ”ဟုပြု၊ထို့ကြောင့် “စိတ္တဝုဍ္ဎိကရာ”ဟု ဖွင့်သည်၊ [သီလက္ခန်ဋီကာမျှား၊] အခြားနေရာ၌“မနေန အဓိယတေတိ မနာပါ-စိတ်ဖြင့်ရောက်အပ်သော စကား”ဟုလည်း ဖွင့်၏၊ “မြတ်နိုးအပ်”ဟု သော အနက်ကားဝေါဟာရတ္ထဘည်း။ [ဗဟုဇနဿ-များစွာသောလူအပေါင်း၏+မနာပါ၊ စိတ်ကို တိုးပွားစေတတ်သော စကားတည်း၊ ဗဟုဇနမနာပါ-ကား။]

ပဋိသန္ဓာဂရနိဒ္ဒေသေ—ဒ္ဒါ၊ အာမိသ ပဋိသန္ဓာဂရောတိ—ကားး၊ အာမိသ အလာဘေန-အာမိသကို မရခြင်းကြောင့်၊ အတ္တနာ-မိမိနှင့်၊ သဟ—တကွ၊ ပရေသံ—သူတပါးတို့၏၊ ဆိဒ္ဒံ-အပေါက်သည်၊ ယထာ-အကြင် အခြင်းအရာ အားဖြင့် ပိတ်ဆို့ ဖါထေးအပ်သော်၊ ပိဟိတံ။ ပိတ်ဆို့အပ်ပြီးသည်၊ ပဋိစ္ဆန်နံ-ဖုံးအပ် ဖါထေးအပ်ပြီးသည်၊ ဟောဘိ၊ ဧဝံ-ဤ အခြင်းအရာအားဖြင့်၊ အာမိသေန-အာမိသဖြင့်၊ ပဋိသန္ဓဂဏှံ- ပိဘ် ဆို့ခြင်း ဖါထေးခြင်းတည်း၊ ဓမ္မပဋိသန္ဓာရောဘိ—ကားး၊ ဓမ္မဿ-တရားကို၊ အပ္ပဋိလာဘေန- မရခြင်းကြောင့်၊ အတ္တနာ၊ ပေ၊ ပဋိစ္ဆန်နံ ဟောတိ၊ ဧဝံ-ဤ အခြင်းအရာ အားဖြင့်၊ ဓမ္မေန-တရားဖြင့်၊ ပဋိသန္ဓရဏံ-ပိတ်ဆို့ ဖါထေးခြင်းတည်း၊ ပဋိသန္ဓာရကော ဟောတီဘိ-ကားး၊ ဟိ-မှန်၊ [“အာမိသ အလာဘေန, ဓမ္မဿ အပ္ပဋိလာဘေန” စသော စကားကို ပြန်၍ ညွှန်းသည်၊ ထိုစကားသည် မှန်၏-ဟူလို] လောကသန္နိဝါသ-လောကဝယ် စုဝေး တည်နေခြင်းရှိသော လူ အပေါင်း၏၊ ဆိဒ္ဒါနိ—အပေါက်တို့သည်၊ ဒွေယေဝ-ဆိုအပ်ပြီးသော ၂ ပါးတို့သာတည်း၊ တေသံ-ထိုအပေါက်တို့ကို၊ ပဋိသန္ဓာရကော-ပိတ်ဆို့တတ် ဖါထေးတတ်သည်၊ ဟေးတိ၊ အာမိသပဋိသန္ဓာဒရန ဝါ ဓမ္မပဋိသန္ဓာမေန ဝါတိ-ကား၊ ဒုဝိဒဓန-သော၊ ဣမိနာ ပဋိသန္ဓဲဝေန-ဤအာမိသ ပဋိသန္ဓာရ, ဓမ္မ ပဋိသန္ဓာရဖြင့်၊ ပဋိသန္ဓာရကော-ပိတ်ဆို့ ဖါထေးတတ်သည်၊ ဟောတိ၊ ပဋိသန္ဓာရတိ-ပိတ်ဆို့ ဖါထေးတာ်၏၊ နိဂန္ထရံ-အကြားမရှိအောင်၊ ကဲရော်—ပြုတတ်၏။

တတြ— ထို ပဋိသန္ဓာရ နိဒ္ဒေသ၌၊ [တတြာတိ ပဋိသန္ဓာရ နိဒ္ဒေသေ၊-ယောဇနာ၊] အယံ-ကား၊ အာဒိတော-မှ၊ ပဋ္ဌာယ-၍၊ ကထာ-ပြောရိုးဆိုစဉ် စကားတည်း၊ ဟိ—ပါဒကမှ တပါး, ပါဒက ဝန်တို့ကို ဆိုဦးအံ့၊ (တနည်း) ဟိ—ခဲ့၊ ပဋိသန္ဓာရကေန-ပိတ်ဆို့ ဖါထေးတတ်သော၊ ဘိက္ခုနာ—သည်၊ အာဂန္တုကံ—ကို၊ အာဂစ္ဆန္တံ-လာသည်ကို၊ ဒိသွာဝ—မြင်၍ပင်၊ (မြင်လျှင်မြင်ခြင်းပင်၊) ပစ္စုဂ္ဂန္တွာ-ခရီးဦးကြိုဆို၍၊ ပတ္တစီဝရံ-ကို၊ ဂဟေတ္ဝါ-လှမ်းယူရာ၏၊ အာသနံ-

---

ပဋိသန္ဓာရောဟိ။ ။ပဋိ+သံပုဗ္ဗ ထရ (အစ္ဆာဒနေ—ဖုံးအုပ်ခြင်း) ဓာတ်, ဏ ပစ္စည်း၊ပေးနိုင်သူက အာမိသကို မပေးလျှင်၎င်း၊ ဟောပြောပို့ချနိုင်သူကမမှကိုမပို့ချ မဟောပြောလျှင်၎င်း မကျေမနပ်ဖြစ်၏၊ ထိုမကျေမနပ်မှုကြောင့် တယောက်နှင့် တယောက်ချစ်ခင်မှု အစေးမကပ်ဘဲ ၂ယောက်အကြား၌ အပေါက်အကြား ဖြစ်စရာရှိ၏၊ထိုအပေါက်အကြားကို အာမိသကို ပေးခြင်း၊ ဓမ္မကို ဟောပြော ပို့ချခြင်းအားဖြင့် ပိတ်ခြင်း ဖာထေးခြင်းကို“ပဋိသန္ဓာရ”ဟုခေါ်သည်။ရှေးက“စေ့စပ်ခြင်း”ဟုသုံးစဲ့၏၊ [ပဋိသန္ဓရဏံ-ခြင်း၊ ပဋိသန္ဓာရော-ခြင်း၊“ပဋိသန္ဓာရော”ဟု “ဓရ”ဓာတ်ဖြင့် မူကွဲရှိသေး၏၊ဓရဓာတ်က“ဓာရဏာ, ဌိတိ, အဝဓံသန”အနက်တို့ကိုဟောသောကြောင့် ပိတ်ဆို့ဖာထေးခြင်းအနက်ကို မပြုနိုင်။]

နေရာကို၊ ဒါတဗ္ဗံ-ပေးရာ၏၊ တာလဝဏ္ဏုန-ထန်းရွက် ယပ်ဝန်းဖြင့်၊ ဗီဇီတဗ္ဗံ-ယပ်ခတ်ပေးရာ၏၊ ပါဒါ–ခြေတို့ကို၊ ဓောဝိတ္ဝာ-ဆေး၍၊ မက္ခေတဗ္ဗာ-ဆီဖြင့်ံ သုတ်လိမ်းပေးထိုက်ကုန်၏၊ [အာဂန္တုက ပုဂ္ဂိုလ်က ကြိုးနေလျှင်သာ ဤအလုပ်မျှားကို လုပ်ပေးထိုက်သည်၊] သပ္ပိဖါဏိတေ–ထောပတ်တင်လဲသည်၊ သတိ-ရှိလသော်၊ ဘေသဇ္ဇံ-ဆေးကို၊ ဒါတဗ္ဗံ–ပေးထိုက်၏၊ ပါနီယေန–သောက်ရေဖြင့်၊ ပုစ္ဆိတဗ္ဗော-(အလိုရှိပါသလား ဟု) မေးထိုက်၏၊ အာဝါသော-နေရာအာဝါသကို၊ပဋိဇဂ္ဂိတဗ္ဗော-သုတ်သင် ရှင်းလင်းထိုက်၏၊ဝေံ-ဤသို့ပြုလသော်၊ (ခရီးဦးကြို့မူ အစရှိသည်ကို ပြုလသော်၊) ကေဒေသေန–တစိတ်တတို့အားဖြင့်၊ (တချို့တဝက်အားဖြင့်၊) အာမိသပဋိသန္ထာရော- အာမိသပဋိသန္ထာရသည်၊ ဝါ–ကို၊ ကတောနာမ–ပြုအပ်သည် မည်သည်၊ ဟောတိ။

ပန-ဆက်၊ သာယံ-ညချမ်းအခါ၌၊ နဝက တရေပိ-သီတင်းငယ် အာဂန္တုက သည်ပင်သော်လည်း၊(“သီတင်းငယ် အာဂန္တုကပင်ဖြစ်သော်လည်း”ဟု ဆိုလိုသည်၊ သီတင်းကြီးဖြစ်လျှင် ဧကန်ပင် မိမိက သွားရမည်သာ၊) အတ္တနော–အား၊ ဥပဋ္ဌာနံ–ဆည်းကပ်ဝတ် အရပ်သို့၊ အနာဂတေယေဝ-မလာသေးမီပင်၊ တဿ-ထိုသီတင်းငယ် အာဂန္တုက၏၊ သန္တိကံ-အထံသို့၊ ဂန္ဒွာ-သွား၍၊ နိသီဒိတ္ဝာ–ထိုင်၍၊ အဝိသယေ–အရာမဟုတ်သည်၌၊ အပုစ္ဆိတ္ဝာ-မမေးမူ၍၊ တဿ-ထို သီတင်းငယ် အာဂန္တုက၏၊ ဝိသယေ–ဖြစ္ဇမ်းနိုင်လောက်သော အရာ၌၊ ပဥ္ဉော–ပြဿနာကို၊ ပုစ္ဆိတဗ္ဗော–မေးထိုက်၏၊ တုဒမှ-သင်တို့သည်၊ ကတရဘာဏကာ-အဘယ်ဘာဏကတို့နည်း၊ ဣတိ-သို့၊ အပုစ္ဆိတွာ-တိုက်ရိုက် မမေးမူ၍၊ တုမှာကံ-သင်တို့၏၊ အာစရိယုပဇ္ဈာယာ-ဆရာဥပဇ္ဈာယ်တို့သည်၊ ကတရံ ဂန္ထံ–အဘယ်ကျမ်းစာကို၊ ဝဋ္ဋေန္တိ– သုံးစွဲကြကုန်သနည်း၊ ဣတိ–ဤသို့၊ ပုစ္ဆိတွာ–၍၊ [သူ၏ မည်သည့် ကျမ်းစာဆောင်သူဖြစ်ကြောင်းကို သူ့ဆရာ၏ အသုံးမျှားပုံထောက်၍ သိနိုင်သောကြောင့်သွယ်ဝိုက်သောအားဖြင့် မေးပြီး၍-ဟူလို၊) ပဟောနကဋ္ဌာနေ-ဖြစ္ဇမ်းနိုင်လောက်သော အရာ၌၊ ပဥ္ဉော ပုစ္ဆိတဗ္ဗော၊ကထေတုံ–ဖြေဆိုခြင်းငှါ၊သစေ သင်္ကော်တိ-အံ့၊ဣစ္ဆေတံ-ဤသို့စွမ်းနိုင်ခြင်းသည်၊ကုသလံ–ကောင်း၏၊ နော စေ သင်္ကော်တိ-အကယ်၍ မစွမ်းနိုင်အံ့၊ (ဝံသတိ)၊ သယံ-မိမိက၊ ကဒေထတ္ဝာ-ဖြေဆို၍၊ ဒါတဗ္ဗံ-ပေးရာ၏၊ ဝေံ-ဤသို့ပြုလသော်၊(“တဿ သန္တိကံ ဂန္ဒွာ”စသည်ကို ညွှန်းသည်၊)ကေဒေသေန-ဖြင့်၊ ဓမ္မပဋိသန္ထာရော ကတောနာမ ဟောတိ။

အဘ္ဘာနော–၏၊ သန္တိကေ-အထံ၌၊ သစေ ဝသတိ-အကယ်၍ နေအံ့၊ (ဝံသတိ)၊ တံ–ထို အာဂန္တုကရဟန်းကို၊ အာဒါယ-ခေါ်ယူ၍၊ နိဗဒ္ဓံ–မပြတ်၊ ပိဏ္ဍာယ–ဆွမ်းအလို့ငှါ၊ စရိတဗ္ဗံ- လှည့်လည်ရာ၏၊ ဂန္ဒုကာမော- အရပ်တပါးသို့ သွားလိုသည်၊ သစေ ဟောတိ၊(ဝံ သတိ)၊ပုနဒိဝသေ-နောက်တနေ့

ဒ္ဓ၌၊ ဂမနသဘာဒဂန-သွားမည့် ခရီး အားသဒဘာတူသော အရပ်ဖြင့်၊ (သွားမည့် ခရီးက အရွှေအရပ်ဖြစ်လျှင် အရွှေအရပ်သို့ ဆွမ်းခံသွားသော အားဖြင့်၊) [ဂမန သဘာဒဂနာတိ ဂမနမဂ္ဂသ အနစ္ဆဝိက ဒိသာဘာဒဂန၊–ဋီကာ။] တံ–ထို ထိုအာဂန္တုက ဂဟန်းကို၊ အာဒါယ–ခေါ်ယူ၍၊ ကေသိံ ဂါမေ–တခုသော ရွာ၌၊ ပိဏ္ဍာယ-ဌ၊ စရိတွာ-လှည့်လည်၍၊ ဥယျောဇေတမ္ဗော - လှတ်လိုက် ထိုက်၏၊ အညသ္မိံ–အခြားသော၊ (အာဂန္တုက ရဟန်း သွားမည့်အရပ်မှ အခြားသော၊) ဒိသုဘာဂေ–အရပ်အဘို၌၊ ဘိက္ခု-တို့သည်၊ ဝါ-တို့ကို၊ နိမန္တိတာ-ပင့်ဖိတ်အပ်ကုန်သည်၊ သစေ ဟောန္တိ၊ (ဧဝံ သတိ)၊ တံဘိက္ခု-ထို အာဂန္တုကရဟန်းကို၊ ဂဟစ္ဆမာနံ-လိုက်လိုလသော်၊ အာဒါယ-ခေါ်ယူ၍၊ ဂန္တ္ဗံ-သွား၍၊ သော ဒိသာ–ဤအရပ်သည်၊ မယှံ-တ၁ည့်ဧတော်၏၊ သဘာဂါ–သဒဘာတူသော အရပ်သည်၊) နှ-မဟုတ်ပါ၊ ဂူတိ-ဤသို့ လျှောက်၍၊ ဂန္တုံ-လိုက်ခြင်းငှာ၊ (ဆွမ်းစား ပင့်ရာသို့ လိုက်ခြင်းငှါ၊) အနိစ္ဆန္တေ- အလိုမရှိလသော်၊ သေသဘိက္ခု-မိမိနှင့် အာဂန္တုကမှကြွင်းသော ရဟန်းတို့ကို၊ ပေသေတွာ-စေလွှတ်၍၊ တံ-ထို အာဂန္တုက ရဟန်းကို၊ အာဒါယ-၍၊ ပိဏ္ဍာယ စရိတဗ္ဗံ၊ (သူသွားမည့် အရပ်နှင့် လျော်သော ရွာ၌ ဆွမ်းခံ လှည့်သည်ရမည်၊) အတ္တနော–မိမိသည်၊ လဒ္ဓါမိသံ-ရအပ်သော အာမိသကို၊ တဿ-ထိုအာဂန္တုက ရဟန်းအား၊ ဒါတဗ္ဗံ-ပေးရာ၏၊ ဧဝံ–ဤသို့ ပြုလသော်၊ အာမိသပဋိသန္ထာရော-သည်၊ ဝါ-ကို၊ ကတော နာမ-အပြည့်အစုံ ပြုအပ်ပြီး မည်တော့သည်၊ ဟောတိ၊ [ရှေ၌ တချို့ တဝက်သာ ပြုခဲ့ရသေး၏၊ ''ဤတိုင်အောင်ပြုမှ အာမိသပဋိသန္ထာရကို အပြည့်အစုံ ပြုရာရောက် သည်''-ဟူလို။]

ပန–ပရိဟာရပက္ခမှဘပါး စောဒကပက္ခကိုဆိုဦးအံ့၊ အာမိသပဋိသန္ထာရ ကေန–အာမိသဖြင့် စေ့စပ်တတ်သော ရဟန်းသည်၊ အတ္တနာ-သည်၊ လဒ္ဓံ–ရအပ်သော အာမိသကို၊ ကဿ–အဘယ်သူအား၊ ဒါတဗ္ဗံ-ပေးထိုက်သနည်း၊ ဂူတိ-ဤကား အမေးဘည်း၊ တာဝ-ဂိလာနစသည်တို့မှ ရွေးဦးစွာ၊(နိဒ္ဒိဋ္ဌသ) အာဂန္တုကဿ–အာဂန္တုကရဟန်းအား၊ ဒါတဗ္ဗ -ပေးလှူထိုက်၏၊ ဂိလာနော ဝါ-ဂိလာနုရဟန်းသည်သော်ငင်း၊ အဝဿိကော ဝါ-ဝါ မရှိသေးသော ရဟန်း သည်သော်ငင်း၊ (ဝါ မရသေးသောရဟန်းသည်သော်ငင်း၊) သစေ အတ္ထိ၊ (ဧဝံ သတိ–သော်၊) တေသမွိ-ထိုဂိလာန ရဟန်း အဝဿိက ရဟန်းတို့အား လည်း၊ ဒါတဗ္ဗံ-ပေးလှူထိုက်၏၊ [အဝဿိက ရဟန်းသည် ဝေစုဝေသောအခါ သံဃာ ကုန် မလောက်လျှင် မရပဲ ရှိတတ်သောကြောင့် အဝဿိက အားလည်း အာမိသကို ပေးလှူထိုက်၏ ဟု ဆိုသည်၊] အာစရိယုပဇ္ဈာယာနံ – ဆရာ ဥပဇ္ဈာယ်တို့အား၊ ဒါတဗ္ဗံ – ပေးလှူထိုက်၏၊ ဘဏ္ဍဂါဟကဿ – ဘဏ္ဍာကို

ကိုင်ယူသော ရဟန်းအား၊ (မိမိ၏ သပိတ်သင်္ကန်းကို ကိုင်ယူ၍ နောက်မှလိုက်လာသောရဟန်းအား၊) ဒါတပ္ပံ၊ ပန-ဆက်၊ သဲာရဏီယဓမ္မပူရကေန-သာရဏီယ ကျင့်ဝတ်ကို ဖြည့်ကျင့်သော ရဟန်းသည်၊ သတဝါရမ္မိ—အကြိမ်တရာထိုင်း၊ သဟဿဝါရမ္မိ-အကြိမ်တထောင်ထိုင်း၊ အာဂတာဂတာနံ-လာကုန် လာကုန်သော ရဟန်းတို့အား၊ ထေရာသနတော—ထေရ်ကြီး၏ နေရာမှ၊ ပဋ္ဌာယ—စ၍၊ ဒါတပ္ပံ၊ [သာရဏီယဝတ် ဖြည့်ကျင့်ပုံကို သုတ်မဟာဝ၊, မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ, ဘိက္ခုအပရိဟာနိယဓမ္မအဖွင့်၌ရှုပ၊။]

ပန-ကား၊ ပဋိသန္ထာရကေန— ပဋိသန္ထာရက ရဟန်းသည်၊ ယေန ယေန-အကြင်အကြင် ရဟန်းသည်၊ နလဒ္ဓံ-အာမိသကိုမရအပ်၊ တဿ တဿ—ထိုထို အာမိသကို မရသောရဟန်းအား၊ ဒါတပ္ပံ၊ [ထေရာသနမှ စ၍ပေးဘွယ်မလို၊ မရသောရဟန်းကို ရွေးချယ်၍ ပေးနိုင်သည်၊] ဗဟိဂါမံ-ရွာ၏ ပြင်ဘက်သို့၊ နီက္ခမိတ္ဝာ— ထွက်၍၊ ဇီဏ္ဏံ ဝါ — အိုမင်းသူမှုလည်း ဖြစ်သော၊ အနာထံ ဝါ— ကိုးကွယ်ရာမရှိသူမှုလည်းဖြစ်သော၊ ဘိက္ခံ ဝါ-ရဟန်းယောကျ်ားကိုသော်၎င်း၊ ဘိက္ခုနိံ ဝါ-ရဟန်းမကိုသော်၎င်း၊ ဒိသွာ-တွေ့၍၊ တေသမိံ - ထိုဇီဏ္ဏအနာထ ရဟန်းယောကျ်ား, ရဟန်းမတို့အား၊လည်း၊ ဒါတပ္ပံ။

တတြ-ထိုသို့ ဇီဏ္ဏအား ပေးဆာ၌၊ ကုဒံ-ဤဆိုအပ်လတံ့ကား၊ ဝတ္ထု-ဝတ္ထု တည်း၊ ကိရ-ခဲ့၏၊ စောရေဟိ - ခိုးသူတို့သည်၊ ဂုတ္တသာလဂါမေ- ဂုတ္တသာလရွာကို၊ ပဟဋ္ဌေ- ပုတ်ခတ် ဖျက်ဆီးအပ်သော်၊ တခ်ဏညေဝ— ထိုခဏ၌ပင်၊ ဧကော- တပါးသော၊ နိရောဓတော- နိရောဓသမာပတ်မှ၊ ဝုဋ္ဌိတာ-ထပြီးသော၊ ခီဏာသဝဝတ္ထုရီ-ရဟန္တာထေရီမသည်၊ ဒဟရဘိက္ခုနိယာ-ငယ်သောဘိက္ခုနီကို၊ ဘဏ္ဍာကံ-ဘဏ္ဍာကို၊ ဂါဟာပေတွာ-ယူစေပြီး၍၊ မဟာဇနေန— များစွာသောလူအပေါင်းနှင့်၊ သဒ္ဓိ—အတူ၊ မဂ္ဂံ - ခရီးကို၊ ပဋိပဇ္ဇိတွာ-သွား၍၊ ဌိတမဇ္ဈန္ဟိကေ-မွန်းတည့်တတ်ရာ အခါ၌၊ [“ဌိတမဇ္ဈန္ဟိကေ” ဟု စာအုပ်တို့၌ရှိ၏၊ မွန်းတည့်တတ်နေလျှင်၊နောက်လာလတံ့၌ ဘိက္ခု၏ ဆွမ်းခံဘို့ရန် အခါနှမ်းရ၊ ထို့ကြောင့် ပါဠိပျက်နေဟန် တူ၏၊ “အဲဌိတမဇ္ဈန္ဟိကေ”မွန်းတည့်တတ်မတည့်သေးမှီ အခါ၌”ဟုရှိမှ အဓိပ္ပါယ်ရသည်။] နကုလနဂရဂါမဒွါရံ-နကုလနဂရရွာတံခါးပေါက်သို့၊ ပတ္တာ-ရောက်၍၊ ရုက္ခမူလေ-သစ်ပင်၏ အနီးအောက်၌၊ နိသီဒိ-ထိုင်နေပြီ၊ တသ္မိံ သမယေ - ထိုအခါ၌၊ ကာဠဝလ္လိမက္ကဋပဝါသီ- ကာဠဝလ္လိမကျွဲမအဲရပ်၌ နေလေ့ရှိသော၊မဟာနာဂတ္ထေရော-မဟာနာဂထေရ်သည်၊ နကုလနဂရဂါမေ-နကုလနဂရရွာ၌၊ ပိဏ္ဍာယ-ငှါ၊ စရိတ္ဝာ-လှည့်လည်ပြီး၍၊ နိက္ခန္တော-ထွက်လာလေသော်၊ ထေရိ -ဇီဏ္ဏဖြစ်သောထေရီမကို၊ ဒိသွာ-တွေ့၍၊ ဘဲတ္တေန—ဆွမ်းဖြင့်၊ အာပုစ္ဆိ—ပန်ပြောပြီ၊ သာ—ထိုထေရီမသည်။ မေ—ဘပဉ်သို့ တော်အား၊ ပဒေတ္တာ—သပိတ်သည်၊ နတ္ထိ-မရှိပါ၊ ဣတိ—သို့၊ အာဟ- ပြောပြီ၊

[သူ၏ သပိတ်ကို ဒဟရဘိက္ခုနီကလေးက ယူသွားသောကြောင့် သပိတ်မရှိဟု ပြောသည်။] ထေရော–မဟာနာဂထေရ်သည်၊ ဣမိနာဝ- ဤသပိတ်ဖြင့်ပင်၊ ဘုဥ်္ဇထ–စားပါကုန်၊ ဣတိ-ဤသို့ပြော၍။ ပတ္တေန-နှင့်၊ သဟ, အဒါသိ-ပေးပြီ၊ ထေရီ-သည်၊ ဘတ္တကိစ္စံ-ဆွမ်းကိစ္စကို၊ ကတ္ဝာ-ပြုပြီး၍၊ ပတ္တံ-ကို၊ ဓောဝိတ္ဝာ–ဆေးပြီး၍၊ ထေရဿ-အား၊ ဒတ္ဝာ–ပေးပြီး၍၊ အာဟ - ပြောပြီ၊ (ကိံ)၊ တာတ–မောင်ကလေး၊ အဇ္ဇ–ယနေ့၊ ဘိက္ခာစာရေန–ဆွမ်းခံလှည့်လည်ရခြင်းကြောင့်၊ တာဝ ကိလမိဿထ-ပင်ပန်းရကုန်ဦးလတံ့၊ (ယနေ့ထပ်ဆွမ်းခံရသည့်အတွက်ပင်ပန်းရဦးလတံ့၊) ဣတော-ဤနေ့မှ၊ ပဋ္ဌာယပန- စ၍ကား၊ ဓော- အသင်မောင်ကလေးတို့၏၊ ဘိက္ခာစာရပရိတ္တာသောနာမ-ဆွမ်းခံရခြင်းကြောင့်ပင်ပန်းခြင်းမည်သည်၊ နဘဝိဿတိ- မဖြစ်တော့လတံ့၊ [နိဂုံးအသမာပတ်မှထပြီးခါစဖြစ်သော ဇိဏ္ဏဘိက္ခုနီကြီးအား အာမိသ ပဋိသန္ထာရပြုသည့်အတွက်နောက်နောက်နေ့များမှစ၍ ဆွမ်းကိစ္စလွယ်ကူခြင်း အကျိုးကိုရပါလိမ့်မည်-ဟူလို] တတော–ထိုနေ့မှ၊ ပဋ္ဌာယ-၍၊ သေရဿ–၏၊ ဦးနကဟာပဏာ ဂ္ဃနကော–တကျပ်တန်အောက် ယုတ်လျော့ ထိုက်တန်သော၊ ပိဏ္ဍပါတော နာမ–ဆွမ်းမည်သည်၊ နဥပ္ပန္နပုဗ္ဗော–မဖြစ်ဘူးတော့ချေ၊ (“ဣဒံ-ဤဆိုအပ်ပြီးကား၊ ဝတ္ထု-ဝတ္ထုတည်း”ဟုရှေ့စကားကိုပြန်အုပ်ပါ၊) အယံ-ဤဆိုအပ်ပြီးသောပဋိတန္ထာရသည် (အာဂန္တုကာကို ဝတ်ပြုခြင်းမှစ၍ ထေရီမအား ဆွမ်းလှူခြင်းတိုင်အောင်သော ပဋိသန္ထာရသည်၊) အာမိသ ပဋိသန္ထာရော နာမ–မည်၏။

ဣမံ ပဋိသန္ထာရံ–ဤအာမိသ ပဋိသန္ထာရကို၊ ကတ္ဝာ-ပြုပြီး၍၊ ဘိက္ခုနာ-ဓမ္မပဋိသန္ထာရကိုပြုလိုသောရဟန်းသည်၊ သင်္ဃဟပက္ခေ- သင်္ဃဟ်ချီးမြှောက်ခြင်းအဘို့၌၊ ဌာတဗ္ဗာ–ဘည်၍၊ (လာဘ်လာဘ်စသည်ကိုမငဲ့မူ၍–ဟူလို၊)တသာ ဘိက္ခုနော - အား(မိမိအဲ့သာမိသကိုရရှိသောရဟန်းအား၊) ကမ္မဋ္ဌာနံ-ကမ္မဋ္ဌာန်းကို၊ ကထေတဗ္ဗံ-ပြောဟောရာ၏၊ ဓမ္မော– ပါဠိအဋ္ဌကထာ ဓမ္မကို၊ ဝါ၊ ဓေတဗ္ဗော–ဆိုစေထိုက်၏၊ (ပို့ချထိုက်၏၊)ကုက္ကုစ္စံ-ကုက္ကစ္စသံသယကို၊ ဝိနောဒေတဗ္ဗံ-ပယ်ဖျောက်ထိုက်၏၊ဥပ္ပန္နံ-ဖြစ်ပေါ်လာသော၊ကိစ္စံ-မချဲတ်ပြုရမည့်ကိစ္စကိုဂုဏ်း၊ ကရဏီယံ–ပြုသင့် ပြုထိုက်သောအမှုကိုဂုဏ်း၊ ကာတဗ္ဗံ–ပြုထိုက်၏၊ အဇ္ဇာန၊ ပေ၊ ပရိဝါသာ- အဇ္ဇနက်မ်, အာပတ်မှ ထမြောက်ကြောင်းကမ်, မာနတ်ပရိဝါသိတို့ကို၊ ဒါတဗ္ဗံ-နှ၏၊ ပဗ္ဗဇ္ဇာဒေဟာ-ရှင့်အဖြစ်ကိုထိုက်သော် ရှင်လောင်းကို၊ ပဗ္ဗာဇေတဗ္ဗော-ရှင်ဖြစ်စေထိုက်၏၊ ဥပသမ္ပဒါရဟော - မြင့်မြတ်သောပဥ္စင်းအဖြစ်သို့ရောက်စေခြင်းကို ထိုက်သောပဥ္စင်းလောင်းကို၊ ဥပသမ္ပာဒေဘဗ္ဗော – မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်စေထိုက်၏၊ [မိမိအာမိသ ပဋိသန္ထာရ ပြုသားအာ်သူက ရှင်လောင်းဖြစ်လျှင် ရှင်ပြုပေးပါ၊

ရဟန်းလောင်းဖြစ်လျှင် ရဟန်းပြုပေးပါ-ဟူလို၊] ဘိက္ခုနိယာပိ-နီသည်လည်း၊ (အာမိသ ပဋိသန္ဓာရပြုသောပုဂ္ဂိုလ်ကဘိက္ခုနီဖြစ်လျှင်လည်း၊) အတ္တနော-၏၊ သန္တိကေ-၌၊ ဥပသမ္ပဒံ—မြင့်မြတ်သော ဘိက္ခုနီ၏အဖြစ်ကို၊ အာကင်္ခမာနာယ-အလိုရှိသော သိက္ခမာန်မ၏၊ အတွက် ကမ္မဝါစံ-ကမ္မဝါစာကို၊ ကာတုံ-ဌာ၊ ဝဋ္ဋတိ-သင့်၏၊ အယံ-ဤဆိုအပ်ပြီးသော ပဋိသန္ဓာရသည်၊ ဓမ္မပဋိသန္ဓာရော နာမ—မည်၏။

ဒ္ဝိဟိ — နှစ်သော၊ ကွမေဟိ ပဋိသန္ဓာရေဟိ — တို့ဖြင့်၊ ပဋိသန္ဓာရဂေါ-ပိတ်ဆို့ ဖါထေးတတ်သော၊ဘိက္ခု-သည်၊ အနူပ်ပဒ္ဒံ-မဖြစ်သေးသော၊ လာဘံ-ကို၊ ဥပ္ပါဒေတိ—ဖြစ်စေ၏၊ ဥပ္ပါဒိံ-ဖြစ်ပြီးသော၊ (လာဘံ-ကို၊)ထာဝရံ-ခိုင်မြဲအောင်၊ ကရောတိ—ပြုနိုင်၏၊ သာသက်ဌာနေ-ရှိရှားဘုယ်ရှိရာအရပ်၌၊ အတ္တနော-၏၊ ဇီဝိတံ-အသက်ကို၊ ရက္ခတိ-စောင့်ရှောက်နိုင်၏၊ (ကောဝိယ-အဘယ် ပုဂ္ဂိုလ်ကဲ့သို့နည်း၊) စောရနာဂရညော-သူပုန်ဖြစ်သော နာဂမင်းအား၊ ပတ္တ ဂ္ဂဟဏဟတ္ထေနေဝ—သပိတ်ကို ကိုင်ယူကြောင်း လက်ဖြင့်ပင်၊ အဂ္ဂံ — အဦး အဖျားကို၊ ဂဟေတ္ဝာ—ယူပြီး၍၊ ပတ္တေနေဝ—ဖြင့်ပင်၊ ဘတ္တံ - ဆွမ်းကို၊ အာကိရန္တော-လောင်းထည့်သော၊ သေရောဝိယ-ထေရ်ကဲ့သို့တည်း။

ပန-ကား၊ အလဒ္ဓလာဘုပ္ပါဒနေ-မရအပ်သေးသောလာဘ်ကိုဖြစ်စေခြင်း၌၊ ဣတော—ဤသီဟိုဠ်ကျွန်းမှ၊ ပလာယိတ္ဝာ-ထွက်ပြေး၍၊ ပရတီရံ-တဖက်ကမ်းသို့၊ ဂတေန—ရောက်သော၊ မဟာနာဂရညော—မဟာနာဂမင်းသည်၊ကေသ-သော၊ ထေရဿ-၏၊ သန္တိကေ-၌၊ သင်္ဃဿ—သံဃာ ချီမြှောက်ခြင်းကို၊ လဘိတ္ဝာ-၍၊ ပုန, အာဂန္တွာ-လာ၍၊ ရဇ္ဇေ—မင်းအဖြစ်၌၊ ပတိဋ္ဌတေန-တည်သည်သည်၊ (ဟုတ္ဝာ)၊ သေတမဉ္စ်ကော—သေတမဉ္စ်ကအရပ်၌၊ ယာဝဇီဝံ—အသက်အပိုင်း အခြားအတိုင်း၊ (အသက်ထက်ဆုံး၊) ပဝတ္တိတံ—ဖြစ်စေအပ်သော၊ မဟာဘေသဇ္ဇဒါနဝတ္ထု-မျှားစွာသောဆေးလှူခြင်းဝတ္ထုကို၊ကထေတွံ--ပြောဟောရာ၏၊ ဥပ္ပန္နလာဘ ထာဝရကရဏေ—ဖြစ်ပြီးသောလာဘ်ကို ခိုင်မြဲအောင်ပြုခြင်း၌၊ ဒီဃဘာဏကအဘယတ္ထေရဿ—ထေရ်၏၊ ဟတ္ထတော-မှ၊ ပဋိသန္ဓာရံ—ပဋိသန္ဓာရကို၊ လဘိတ္ဝာ-၍၊ စေတိယပဗ္ဗတေ-စေတိယတောင်၌၊ စောရေ

စောရနာဂ၊ပေ၊ဝိယ။ ။စောရနာဂဟူသည် သူပုန်မင်းတည်း၊ ထေရ်တပါးသည် သပိတ်ကိုကိုင်ယူသောလက်ဖြင့် ဆွမ်းဦးဆွမ်းဖျားကိုမသိမသာနှိုက်ယူလိုက်ပြီး၍ ထိုသပိတ်ဖြင့်ပင် ဆွမ်းကို စောရနာဂမင်းအားထည့်၍ပေးသည်၊ ဤသို့ပေးခြင်းသည် အာမိသပဋိသန္ဓာရတည်း၊ ဤအာမိသပဋိသန္ဓာရကြောင့် သူပုန်မင်းကမနှောက်ရှက်အောင်မိမိအသက်ကို စောင့်ရှောက်ရာရောက်သည်၊ အဦးအဖျားကို နှိုက်၍ယူလိုက်ခြင်းကားအနာဗဇ္ဇဝိဏ္ဍုပါတကိုလူတို့အားမပေးကောင်းဟုယူဆသောကြောင့်တည်း၊ သို့သော် စောရစသည်တို့အား ပေးကောင်းပါ၏ဟု အဋ္ဌကထာ၌ဆိုပါသည်။

ဟိ–ခိုးသူတို့သည်၊ ဘဏ္ဍကဃ-ဘဏ္ဍာ၏၊ ဝါ-ကို၊ အဝိလုတ္တဘာဝေ-မလုယူအပ်သည်၏အဖြစ်၌၊ ဝတ္ထု-ဝတ္ထုကို၊ ကထေတဗ္ဗံ–ပြောဟောရာ၏၊ (စာချသောပုဂ္ဂိုလ်က ပြောပြပါ–ဟူလို။) [ဤဒီဃဘာဏကက အာဘယထေရ်၏ ဝတ္ထုသည် တတိယပါရာဇိကအင္ဒကထာ ဝိနီတဝတ္ထုအဖွင့်၌ ပါ၏။]

ကုန္ဒြိယေသု အဂုဘ္ဘဒ္ဒါရတာနိဒ္ဒေသေ-၌၊ စက္ခုနာ ရူပံ ဒိဿတိ–ကား၊ ကာရဏဝသေန–အကြောင်းစက္ခု၏ အစွမ်းဖြင့်၊ (အကြောင်းစက္ခုနှင့် စပ်သဖြင့်၊) စက္ခုတိ-စက္ခုဟူ၍၊ လဒ္ဓဝေါဟာရေန-ရအပ်သော အခေါ်အဝေါ်ရှိသော၊ ရူပဒဿန သမတ္ထေန–ရူပါရုံကိုမြင်ခြင်း၌ စွမ်းနိုင်သော၊ စက္ခုဝိညာဏေန-စက္ခုဝိညာဏ်ဖြင့်၊ ရူပံ–ရူပါရုံကို၊ ဒိဿာ–မြင်၍၊ (“နိမိတ္တဂ္ဂါဟီဟောတိ” စသည်၌စပ်၊) ပန-ဝါဒန္တရကား၊ ပေါရာဏာ-ရှေးဆရာတို့သည်၊ အာဟု–ဆိုကြကုန်ပြီ၊ (ကိံ)၊ စက္ခု-စက္ခုပသာဒသည်၊ ရူပံ-ရူပါရုံကို၊ နပဿတိ-မမြင်နိုင်၊ (ကသ္မာ-နည်း၊) အစိတ္တကတ္တာ–စိတ်မဟုတ်သည်၏အဖြစ်ကြောင့်တည်း၊ စိတ္တံ-စိတ်သည်၊ (ရူပံ-ကို) နပဿတိ-နိုင်၊ (ကသ္မာ)၊ အစက္ခုကတ္တာ-စက္ခုမဟုတ်သည်၏ အဖြစ်ကြောင့်တည်း၊ ပန–အနျယကား၊ ဒွါရာရမဏသင်္သဋ္ဌနေန-စက္ခုဒွါရ ရူပါရုံတို့၏ ထိခိုက်ခြင်းကြောင့်၊ ပသာဒဝတ္ထုကေန–စက္ခုပသာဒဟူသော တည်ရာရှိသော၊ စိတ္တေန–စက္ခုဝိညာဉ်စိတ်ဖြင့်၊

ကာရဏဝသေန။ ။ဤပုဒ်ကို“လဒ္ဓဝေါဟာရေန”၌စပ်၊စက္ခုပသာဒနှင့်စက္ခုဝိညာဉ်၂မျိုးတွင် စက္ခုပသာဒရှိမှ စက္ခုဝိညာဉ်ဖြစ်နိုင်၏၊ ထို့ကြောင့် စက္ခုပသာဒသည်အကြောင်း, စက္ခုဝိညာဉ်ကား အကျိုးတည်း၊ ရူပါရုံကို စက္ခုပသာဒသည်မမြင်နိုင်,စက္ခုဝိညာဉ်ကသာ မြင်နိုင်၏၊ “စက္ခုနာ ရူပံ ဒိဿာ”၌ကား“စက္ခုနာ” အရ စက္ခုပသာဒကိုရနေသောကြောင့်အာဘယ်သို့မှတ်ရမည်နည်းဟုမေးဘွယ်ရှိ၍“ကာရဏာ၊ပေ၊စက္ခုဝိညာဏေန” ဟု မိန့်သည်၊ အကြောင်းစက္ခု၏အမည်ကို အကျိုးစက္ခုဝိညာဉ်၌ တင်စားသော ကာရဏူပစာရအားဖြင့် စက္ခုဝိညာဉ်ကိုပင်“စက္ခု”ဟုခေါ်ထားသည်–ဟူလို။

ဆက်ဦးအံ့ – “ကာရဏဝဓသန လဒ္ဓဝေါဟာရ-အကြောင်း၏. အစွမ်းဖြင့် (အကြောင်းနှင့်စပ်သဖြင့်) ရအပ်သောအမည်”ဟူသည် ကာရဏူပစာရပင်တည်း၊ “စက္ခုနာ”အရ မုချအားဖြင့် စက္ခုပသာဒဟူသော အကြောင်းကို ရသော်လည်း အကြောင်း စက္ခု၏အမည်ကို အကျိုး စက္ခုဝိညာဉ်၌ တင်စားသော ကာရဏူပစာရအားဖြင့် စက္ခုဝိညာဉ်ကိုသော်လည်း ရသည်–ဟူလို။ [ဝိသုဒ္ဓိမဂ်-မဟာဋီကာ ဇာန်နိယသံဝရ သီလအဖွင့်၌ကား တည်ရာ မှီရာဖြစ်သော စက္ခု၏အမည်ကို တည်တတ်မှီတတ်သောစက္ခုဝိညာဉ်၌တင်စားသောကြောင့်“ဒွာနူပစာရ”ဟုလည်းတနည်းဖွင့်သေး၏၊ ကာရဏဝသေနကိုလည်း“အသာဓာရဏာ ကာရဏာသဲ့-စက္ခုဝိညာဉ်မှ တပါးသော အခြားဝိညာဉ်တို့နှင့် မဆက်ဆံသောအကြောင်း၏+ဝသေန”ဟု ဖွင့်သည်၊“အသာဓာရဏာနည်း”ဟု ဆိုလိုသည်။]

ပဿတိ-မြင်နိုင်၏၊ ပန-ဆက်၊ ဤဒိသီ-ဤကဲ့သို့ရှုအပ်သော၊ သော-ဤကထာသည်၊ ဓနုနာ ဝိဇ္ဈတိတိအာဒီသုဝိယ-အစရှိဘော စကားရပ်တို့ဌိကဲ့သို့၊ သသမ္ဘာရကထာနာမ- သသမ္ဘာရကထာ မည်သည်၊ (အကြောင်းအဆောက်အဦးနှင့်တကွဖြစ်သော အကျိုးကို ဆိုကြောင်းစကားမည်သည်၊) ဟောတိ၊ (ဓနုနာ-လေးဖြင့်၊ (လက္ခဲ-မှတ်တိုင် စက်ခုက်ကို၊) ဝိဇ္ဈတိ-ပစ်ခွင်း၏၊] တသ္မာ' စက္ခုဝိညာဏော-ဖြင့်၊ ရူပံ-ကို၊ ဒိသွာ-မြင်၍၊ဤတိအဲ့ယံ-ဤဆိုအပ်ပြီးကား၊ ဇတ္ထ-ဤစက္ခုနာ ရူပံ ဒိသွာဟူသေးပါဌ်၌၊ အတ္ထော - တည်း၊ ဤတိ-သို့၊ (အာဟု - ကုန်ပြီ၊) [ဤပေါရာဏဝါဒသည် ရှေ့ဝါဒနှင့် အတူပင်၊ အကျယ်နှင့်အကျဉ်းသာကဲ့သည်။] နိမိတ္တဂ္ဂါဟိတိ-ကား၊ ဤတ်ပုရိသနိမိတ်ဆံဝါ-မိန်းမဟူ၍ သိကြောင်းအမှတ်အသား, ယေဂျားဟူ၍ သိကြောင်းအမှတ်အသား

သသမ္ဘာရကထာ။ ။သမ္ဘာဒိယတေ ဖလံ ဧတေနာတိ သမ္ဘာရော (အဝုတ္တကတ္တု သာဓန)၊ အကျိုးကိုကောင်းစွာဆောင်တတ်သောကြောင့် အကြောင်းကို ''သမ္ဘာရ'' ဟုခေါ်၏၊ သဟ+သမ္ဘာရေန ယာ ဝတ္တတိတိ သသမ္ဘာရာ(ကထာ)၊ စက္ခုပသာဒတည်းဟူသောအကြောင်း အဆောက်အဦးနှင့်တကွ စက္ခုဝိညာဉ်ရအောင် ဆိုအပ်သောကြောင့် ''စက္ခုနာ'' ဟူသော စကားသည် သသမ္ဘာရစကားဖြစ်သည်-ဟူလို၊ ဥပမာ-''ဓနုနာ ဝိဇ္ဈတိ-မှတ်တိုင်စက်ခွက်ကို လေးဖြင့် ပစ်ခွင်း၏'' ဟူရာ၌ လေးဖြင့် မပစ်ခွင်းနိုင်, မြားဖြင့်သာ ပစ်ခွင်းနိုင်သောကြောင့် ''ဓနုနာ'' ဟူသော စကားသည် အဆောက်အဦးလေးဖြင့် မြားဟူသောအနက်ကိုဆိုသော သသမ္ဘာရကထာ ဖြစ်သကဲ့သို့တည်း။ [သသမ္ဘာရကထာတိ-ဒဿနဿ ကာရဏာသဟိတာ၊ ပေါသသမ္ဘာရဿ ဝါ ဒဿနကထာ၊-ဋီကာ။]

တသ္မာ၊ပေ၊အတ္ထော။ ။ယသ္မာ ကေဝလေန စက္ခုနာ ကေဝလေနဝါ ဝိညာဏေန ရူပဒဿနံ နတ္ထိ၊တသ္မာ(မဟာဋီကာ)၊ ''တသ္မာ-ထိုသို့ စက္ခုသက်သက်ဖြင့် လည်းရူပါရုံကို မမြင်နိုင်, ဝိညာဉ်သက်သက်ဖြင့်လည်း ရူပါရုံကို မမြင်နိုင်သည်၏အဖြစ်ကြောင့်''ဟု အနက်ကျယ်ပေး၍''စက္ခုဝိညာဏေန-စက္ခုဥ်ဖွဲ့သော ဝိညဉ်ဖြင့်၊ ရူပံ-ကို၊ ဒိသွာ-၍''ဟုပေးပါ။

နိမိတ္တဂ္ဂါဟိ။ ။ဂဏှာတိတိ ဂါဟိ နိမိတ္တံ+ဂါဟိနိမိတ္တဂ္ဂါဟိ၊နိမိတ္တံကို''ဣတ္ထိပုရိသနိမိတ္တံ,သုဘနိမိတ္တာဒိကံ''ဟု ၂မျိုးဖွင့်၏၊''ကိလေသဝတ္ထုဘူတံ နိမိတ္တံ''ကား''သုဘနိမိတ္တာဒိကံ''၏ ဝိသေသသျှတည်း၊ ထိုတွင် ''ဣတ္ထိနိမိတ္တ''ဟူသည် မိန်းမသဏ္ဌာန်၌ သားမြီတ်ကြိုးခြင်း,မုတ်ဆိတ် မပေါက်သော မျက်နှာရှိခြင်း, ဆံထုံးဖွဲ့ပုံ, အဝတ်ဝတ်ပုံ, မရှင်းလင်းသောသွားပုံ,ရပ်ပုံ စသော (ယောဂျားနှင့်မတူသော) အလုံးစုံတည်း၊မှန်၏-ထိုအလုံးစုံသည်မိန်းမဟုသိရခြင်း၏အကြောင်းဖြစ်သောကြောင့် ''နိမိနာတိ သဉ္ဇာနာတိ ဧတေနာတိ''ဟူသော ဝိဂြိုဟ်အရ''နိမိတ္တ'' အမည်ရသည်၊ မိန်းမနှင့်မတူသော ပုံသဏ္ဌာန် စသည်၏ ပုရိသနိမိတ္တ အမည်ရပုံကိုလည်း ဤနည်းအတိုင်း သိပါ၊ ဝိသုဒ္ဓိမဂ် မဟာဋီကာကို မှီသည်။

ကိုဌင်း၊ သုဘနိမိတ္တာဒိကံ- သုဘနိမိတ် အစရှိသော၊ ကိလေသဝတ္ထုဘူတံ- ကိလေသာ၏ တည်ရာအကြောင်းဖြစ်၍ဖြစ်သော၊ နိမိတ္တံဝါ-အမှတ်အသားကိုဌင်း၊ ဆန္ဒရာဂဝသေန- ဆန္ဒရာဂ၏ အစွမ်းဖြင့်၊ ဂဏှာတိ- ယူ၏၊ ဒိဋ္ဌမတ္တေ ယေဝ-မြင်အပ်ကားမျှသာ၌လျှင်၊နသဏ္ဌာတိ-ကောင်းစွာမတည်၊(မတန့်ရပ်)။

သုဘနိမိတ္တာဒိကံ။ ။တင့်တယ်သော ဋ္ဌာနအခြင်းအရာကို "သုဘ"ဟု ဆို၏၊ ထိုသုဘအခြင်းအရာသည် ရာဂ(အဘိဇ္ဈာ)ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် နိမိတ်ကမည်၏၊အာဒိဖြင့် ပဋိဃနိမိတ္တ(ဒေါသဖြစ်ခြင်း၏အကြောင်းဖြစ်သော)အသုဘအခြင်းအရာကိုဌင်း, ဥပေက္ခာနိမိတ္တ (အညာဏုပေက္ခာ ဟူသော မောဟ၏တည်ရာအကြောင်းဖြစ်သောမညိမမျှကြည့်ခြင်း) တို့ကိုဌင်း ယူပါ၊ [အဘိဇ္ဈာသည်သုဘနိမိတ်ကို ယူခြင်းကြောင့်ဖြစ်၏၊ ဒေါမနဿဒေါသသည် ပဋိဃနိမိတ် အသုဘအခြင်းအရာကို ယူခြင်းကြောင့်ဖြစ်၏၊ ဒေါမနဿာဒယောဠှ အာဒိဖြင့်ယူရသော မောဟသည် ဥပေက္ခာနိမိတ်ကို မညိမမျှရှုခြင်းကြောင့် ဖြစ်၏၊ နားမလည်သော လူအနှင့် ကလေးစသူတို့၏ ယူခြင်းမျိုးဠှ ဥပေက္ခာနိမိတ်ကိုယူခြင်းသာ ဖြစ်တတ်သည်။]

ကိလေသဝတ္ထုဘူတံ။ ။"ကိလေသာ"ဟူရာ၌အဘိဇ္ဈာဟူသောတဏှာလောဘသာမက,ဒေါမနဿ (ဒေါသ)မောဟစသော ပါပကမ္မ တို့ကိုလည်း ယူရသည်၊ "သုဘာဒိနိမိတ္တာသည် ထို ကိလေသာတို့ဖြစ်ဖို့ရန် တည်ရာအကြောင်းများဖြစ်သည်" ဟူလို။...[ဝေံသခ်ေပတော ရာဂဒေါသမောဟာနံ ကာရဏံ သုဘနိမိတ္တာဒိကန္တိဝုတ္တံ၊ တေနာဟ ကိလေသဝတ္ထုဘူတံ နိမိတ္တံတိ၊-ဝိသုဒ္ဓိမဂ် မဟာဋီကာ၊] ဤစကားအရ သုဘနိမိတ္တာဒိကံနှင့် ကိလေသဝတ္ထုဘူတံနိမိတ္တံကို အရဟူဟု မှတ်ပါ။

ဆန္ဒ၊ ပေ၊ သဏ္ဌာတိ။ ။ဆန္ဒရာဂဝသေနသည် ဥပလက္ခဏ (ဆန္ဒရာဂကို မှတ်သားခြင်း) သာတည်း၊ ပဋိဃနိမိတ်,ဥပေက္ခာနိမိတ်ကို ယူရာ၌ ဒေါသဒေါမနဿ၏ အစွမ်း,မောဟ၏အစွမ်းဖြင့်လည်း ယူသံ့ရှိ၊ ထိုသို့ အဘိဇ္ဈာစသည်ဖြစ်လောက်သည့်တိုင်အောင် စက္ခုဒ္ဒါရိကဝီထိ, တဒနုဝတ္တိကဝီထိ စသော ဝီထိစိတ်အစဉ်ဖြင့် ထိုအာရုံကို ယူရကား"ဒိဋ္ဌမတ္တေယေဝ နသဏ္ဌာတိ"ဟု ဆိုသည်။

ဒိဋ္ဌေဒိဋ္ဌမတ္တံ။ ။"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ-မြင်အပ်သောရူပါရုံ၌စက္ခုဝိညာဏဝီထိဖြင့် မြင်ရုံမျှသည် ဖြစ်လတံ့"ဟု သဋ္ဌာယတနသံယုတ်-သဋ္ဌဝဂ်,မာလုက္ကျသုတ်၌ ဟောတော်မူအပ်သော နည်းအတိုင်း မြင်ရုံမျှဖြင့် ရပ်တန့်၍, စိတ်အစဉ်မနေပဲ စက္ခုဒ္ဒါရိကဝီထိ၏ နောက်လိုက်ဖြစ်သော ဝီထိအစဉ်တို့ဖြင့် ဇဝတ္ထိနိမိတ်, ပုရိသနိမိတ်,သုဘနိမိတ်စသော နိမိတ်များကိုယူသည်၊ [ဒိဋ္ဌမတ္တေယေဝ သဏ္ဌာတိတိ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိတိ သုတ္တေဝုတ္တနယေန ဝဏ္ဏာယတနေ စက္ခုဝိညာဏေနဝီထိစိတ္တေဟိစ (စက္ခုဒ္ဒါရိကဝီထိစိတ်,မကင်းစကောင်းသော အတိတဂ္ဂဟဏဝီထိစိတ်တို့ဖြင့်ဌင်း), ဂဟိတမတ္တေယေဝ သဏ္ဌာတိ။ (''ထို့ထက်ပို၍ တဒနုဝတ္တိကဝီထိတို့ဖြင့်ဇဝတ္ထိနိမိတ် စသည်ကို မယူ''ဟူလို။)-မဟာဋီကာ။]

အာဝုဇ္ဇနကာရဏာ။ ။"ရူပံ ပဌမစိတ္တေန, တီတံ ဒုတိယစေတသာ၊အတ္ထံ တတိယစိတ္တေန,နာမံ စတုတ္ထစေတသာ"ဟူသော စက္ခုဒ္ဒါရိကဝီထိ,တဒနုဝတ္တိကမနောဒ္ဒါရဝီထိ ဘို့တွင် ရူပါရုံကိုယူသော ပဌမရူပဂ္ဂဟဏဝီထိ, အာဂတ်ရူပါရုံကိုယူသော ဒုတိယ

အနုဗျဉ္ဇနဂ္ဂါဟီတိ-ကား၊ ကိလေသာနံ-ကိလေသာတို့ကို၊ အနုဗျဉ္ဇနတော-နောက်နောက်၌ ထင်စွာပြုတတ်သည်၏ အဖြစ်ကြောင့်၊ ပါကဋီဘာဝကရဏတော-ထင်ရှားသည်၏ အဖြစ်ကို ပြုတတ်သည်၏ အဖြစ်ကြောင့်၊ အနုဗျဉ္ဇနန္တိ-အနိုဗျဉ္ဇနဟူ၍၊ လဒ္ဓဝေါဟာရံ-ရအပ်သောအခေါ်အဝေါ်ရှိသော၊ ဟတ္ထာ၊ပေ၊ ဘေဒံ-လက်သဏ္ဌာန်, ခြေသဏ္ဌာန်, ပြုံးဟန်, ရယ်ဟန်, စကားပြောဟန်, ရှုးရှုကြည့်ဟန်, စောင်းမြဲ ကြည့်ဟန် အစရှိသော အပြားရှိသော၊ အာကာရံ-ပုံသဏ္ဌာန်အခြင်းအရာကို၊ ဂဏှာတိ-ယူ၏၊ ယတ္ထာဓိကရဏံမနံတိ အာဒိမ္ပိ-အစရှိသောစကားရပ်၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊)ယံကာရဏာ-အကြောင်းကြောင့်၊ ယဿ စက္ခုန္ဒြိယာသံဝရဿ-အကြောင်စက္ခုန္ဒြေကိုမစောင့်

အတိတဂ္ဂဟဏ ဝိထိမျှဖြင့် စိတ်အစဉ်ပြတ်သွားလျှင် ''ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ'' နှင့် ညီ၏၊ 'စိတ်အစဉ်မပြတ်ပဲ အနက်ဖြစ်ပုံသဏ္ဌာန် အမည်နာမ စသည်ကိုယူလျှင်နိမိတ္တဂ္ဂါဟီ, အနုဗျဉ္ဇနဂ္ဂါဟီ ဖြစ်လေပြီ'' ဟုမှတ်ပါ၊ ထိုသို့ဒိဋ္ဌေဒိဋ္ဌမတ္တံဖြင့် စိတ်အစဉ်ရပ်တည်နိုင်မှကား ပင်ကိုယ်ကပင် အာရုံကောင်းတခုခုဖြင့် စွဲမြဲနေသူမှသာဖြစ်နိုင်ပေလိမ့်မည်။ **အနုဗျဉ္ဇနဂ္ဂါဟီ**။ ။ ဗျဉ္ဇန၌ ဝိ+အဉ္ဇတ်သည် ဗျက္တိ (ထင်ရှားပြခြင်း) အနက်ကို ဟော၏၊ အနုသဒ္ဒါသည် နောက်နောက် (အပရာပရ) အနက်ဟောတည်း၊ ဣတ္ထိပုရိသ သုဘစသော နိမိတ္တကို ယူပြီးနောက်၌ ဟတ္ထပါဒ စသော အခြင်းအရာကိုယူ၏၊ ထို လက်ခြေသဏ္ဌာန် ပြုံးဟန် ရယ်ဟန် စကားပြောဟန်ကြည့်ဟန်တို့သည် နောက်ထပ်တဖန် ကိလေသာကို ထင်ရှားဖြစ်အောင်ပြုတတ်သောကြောင့် ''အနု-နောက်နောက်၌ ဗျဉ္ဇယတိ- ကိလေသာတို့ကို ထင်ရှားပြတတ်၏'' ဟူသော၀စနတ္ထအရ ''အနု ဗျဉ္ဇန'' အမည်ရသည်၊ [ဝိသုဒ္ဓိမဂ်-မဟာဋီတာ။]

မုတ်ချက်။ ။ ဘုရားရှင်၏ လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ်တို့တွင် လက်ကျွဏာတော်ငယ်များကို ''အနုဗျဉ္ဇန'' ဟုခေါ်သကဲ့သို့, ဤဥစ္ဆုဏ္ဍိနိမိတ္တပုရိသနိမိတ္တ သုဘဒိနိမိတ္တတို့ကို ''နိမိတ္တ'' ဟုခေါ်၍, ထိုနိမိတ္တတို့ကို သာ၍ သာယာအောင်ပြုတတ်, သာ၍ ရှုမှုန်းအောင် ပြုတတ်သော လက်ခြေစသည်တို့၏ လှပခြင်းမလှပခြင်း, စကားပြောပုံစသည်၏ ချစ်စရာကောင်းခြင်းမုန်းစရာကောင်းခြင်းများကို (ထမင်းစားရာ၌ ဗျဉ္ဇန-ဟင်းလျာနှင့်တူသောကြောင့်) ''အနုဗျဉ္ဇ'' ဟုခေါ်ထားသည်။

ယ တွာဓိကရဏံ။ ။ ယတော်၌ တောပစ္စည်းသည် ပဌမာဝိဘတ်၏ အနက်၌ သကိသည်ဟုသိစေလို၍ ''ယံ'' ဟုဋ္ဌင်, အဓိကရဏသဒ္ဒါသည် အကြောင်း ဟူသော အနက်ဟော, ပဌမာဝိဘတ်လည်း ဟိတ်အနက်၌ သက်၏ဟုသိစေလို၍ ''ကာရဏာ'' ဟုဋ္ဌင်းဖွင့်သည်။ ''အဓိကရောတိ ဧတေနာတိ အဓိကရဏံ -စွဲ၍ ပြုကြောင်းဖြစ်သော အကြောင်း၊ [ကြွင်းသော မှတ်ဘွယ်ကိုနိဒါနကထာ၌ပြခဲ့သော ''ယတောနိဒါနံ'' ပုဒ်အတိုင်းသိပါ။]

ယ သ၊ပေ၊ ဟေတု။ ။ယံကာရဏာကို ''ယဿ စက္ခုန္ဒြိယာသံဝရဿ ဟေတု'' ဟု ထပ်ဖွင့်သည်၊ ဤ၌ ''ယဿ၊ ပေ၊ သံဝရဿ'' ဟုဆဋ္ဌီဝိဘတ်ဖြင့် ဖွင့်သော်လည်း ''ဆဋ္ဌီ ဟေတ္ထတ္ထေ ဟိ'' ဟူသော မောဂ္ဂလ္လာန် ၂ကက္ကာ, ၂၂သုတ် အရသာ ဆဋ္ဌီသက်

စည်းခြင်း၏၊ ဟေတု—အကြောင်းကြောင့်၊ (အန္ဓာသဃေဝယျုံဌ်စပ်၊)သတိက ဝါဠေန—သတိတည်းဟူသော တံခါးရွက်ဖြင့်၊ စက္ခုန္ဒြိယ်-ကို၊ အသံဝုတံ—စောင့်ရှောက်ခြင်းမရှိသည်၊ အပိဟိတစက္ခုဒ္ဒါရံ—ပိတ်ဆို့အပ်သောစက္ခုဒ္ဒါရမရှိသည်၊ ဟုတ္ဝာ, ဝိဟရန္တံ-နေသော၊ တေ ပုဂ္ဂလံ-ဤပုဂ္ဂိုလ်ကို၊ အာဘိဇ္ဈာဒေယာ—အဘိဇ္ဈာအစရှိကုန်သော၊ တေဒေမွာ—ဤတရားတို့သည်၊ အန္ဓာသဃေဝယျုံ-အစဉ်တစိုက်လိုက်ကုန်ရာ၏၊ အနုပဗန္ဓေယျုံ—အစဉ်တစိုက် လိုက်ကုန်ရာ၏၊ အဇ္ဈောတ္ထရေယျုံ—လွှမ်းမိုးကုန်ရာ၏၊ တဿသံဝရာယ နပဋိပဇ္ဇတိတိ-ကား၊ တဿစက္ခုန္ဒြိယဿ-ကို၊ သတိကဝါဠေန-ဖြင့်၊ ပိဒဟနတ္ထာယ—ပိတ်ခြင်းအကျိုးငှါ၊ နပဋိပဇ္ဇတိ-မကျင့်၊စ-ဆက်၊ ဧဝံ ဘူတောယေဝ—ဤသို့ဖြစ်၍ဖြစ်သည်သာလျှင် ဖြစ်သော ပုဂ္ဂိုလ်ကို၊ (စက္ခုန္ဒြေကို စောင့်ရှောက်ခြင်းငှါ

ထားသည်၊ အနက်မှာမူ ဟေတုနှင့် အရတူ တုလျာမိကရဏာပင်တည်း၊ [ထိုသုတ်၏ အဓိပ္ပါယ်ကို အဘရာယာမ ဆရာတော်၏ မောဂ္ဂလ္လာန် နိသျှဉ် ရှုပါ၊] "စက္ခုန္ဒြေကို မစောင့်စည်းခြင်းသည်ပင် အဘိဇ္ဈာ စသည်တို့ဖြစ်ခြင်း၏အကြောင်းဖြစ်သည်"ဟူလို၊ ၍ အဖွင့် အလိုအားဖြင့် "ယတ္ထာဓိကရဏံ—အကြင် စက္ခုန္ဒြေကို မစောင့်စည်းခြင်း ဟူသောအကြောင်းကြောင့်"ဟု ပေးရမည်ဖြစ်သော်လည်း, ဋီကာကော [ချက်ချထား သည့်အတိုင်း "အကြင် မစောင့်စည်းအပ်သော စက္ခုန္ဒြေ ဟူသော အကြောင်းကြောင့် ဟု ပေးပါ။

ဧတံ၊ပေ၊အသံဝုတံ။ ။မေနံမှ ဧနံကို"ဧတံ ပုဂ္ဂလံ"ဟုဖွင့်၏၊ စက္ခုန္ဒြိယ် အသံဝုတံကို"အဓိဟိတစက္ခုဒ္ဒါရံဟုတ္ထာ"ဟုဖွင့်သည်၊"သံဝရိယတေ သံဝုတံ၊နံတ္တိ+သံဝုတံ ယဿာတိအသံဝုတော"ဟုပြု၊ [ရှေးနိဿယဉ်"အသံဝုတံ-မပိတ်ဆို့အပ်သည်ဖြစ်၍" ဟုစက္ခုန္ဒြေနှင့် အရတူကမ္မရုပ်ကြီထားသည်ကို စဉ်းစားပါ။] ဟုတ္ထာကား ဝိဟရန်၏ ကြိယာဝိသေသနအဖြစ်ဖြင့်စပ်ဘို့ရန်ဆည့်ပါဠိတည်း၊၍ဟုတ္ထာမျိုးသည်အခြားနေရာ၌ ကတ္ထားပုဒ်နှင့်သာ စပ်ရိုးဖြစ်၏၊ ၍ဤ ဒုတိယန္တကံပုဒ်နှင့် စပ်နေသည်မှာ ထူးခြားပေ သည်၊ မောဂ္ဂလ္လာန်အလို တထာပစ္စက္ခန္တံပုဒ်က ဘောဟောဖြစ်သောကြောင့် စပ်နိုင်သည် ဟုလည်း မှတ်ပါ၊ စက္ခုတံခါးပေါက်ကို စောင့်ရှောက် ပိတ်ဆို့ရာ၌ ဤန္ဒြိယသံဝရသီလ က သတိပြဋ္ဌာန်းသောကြောင့်"သတိကဝါဠေန"ဟုထည့်သည်။

အန္ဓာသဃေဝယျုံ။ ။အန္ဓာသဃေဝယျုံ၌ အနိ+အာ+ဘူဝါဒိ သုဓာတ်တည်း၊ ဂတိအနက်ဟောဖြစ်၍ "အနုပဗန္ဓေယျုံ-အစဉ်လိုက်ကုန်ရာ၏"ဟု သဒ္ဒတ္ထဖွင့်သည်၊ နောက်မှ တကောက်ကောက် လိုက်ခြင်းကို ယူမည်စိုး၍"အဇ္ဈောတ္ထရေယျုံ—အဘိဇ္ဈာ စသော အကုသိလ်တရားတွေ များစွာဖြစ်၍ ထိုပုဂ္ဂိုလ်ကို လွှမ်းမိုးနေကုန်ရာ၏" ဟု အဓိပ္ပါယ်ဖွင့်သည်။

တဿ၊ပေ၊နပဋိပဇ္ဇတိ။ ။ယတ္ထာဓိကရဏံ ဟူသောအနိယမဝါကျ၏ အဖွင့်၌ "ယဿ စက္ခုန္ဒြိယာသံဝရဿံ" ဟု အသံဝရဿပုဒ်ကို ထည့်ခဲ့၍ ဤနိယမဝါကျ၌ အသံဝရဿဒ္ဓါမပါဝဲ "တဿ စက္ခုန္ဒြိယဿ" ဟုဖွင့်ထားရာ၌ နိယမ အနိယမ စွဲရိုး ထုံးစံမကျ၊ ထိုသို့ စွဲရခြင်း၏ အကြောင်းကို ဋီကာ၌ ဖွင့်ပြထားသည်။

မကျင့်သည်ဖြစ်၍ဖြစ်သော ပုဂ္ဂိုလ်ကို၊) နရက္ခတိ၊ ပေ၊ အာပဇ္ဇတိတိ-ဟု၍၊ ဝုစ္စတိ-ဟောတော်မူအပ်၏။

တတ္ထ-ထို နစက္ခုန္ဒြိယေ သံဝရံ၊ အာပဇ္ဇတိဘူသော စကားရင်၌၊(စောဒနာသောဓနာ နယော ဇဝံ ဝေဒိတဗ္ဗော)၊ စက္ခုန္ဒြိယေ-စက္ခုန္ဒြေ၌၊ သံဝရောဝါ-စောင့်ရှောက်ခြင်းသည်၎င်း၊ အသံဝရောဝါ- မစောင့်ရှောက်ခြင်း သည်၎င်း၊ ကိုဆိုပြီ နတ္တိ—အကယ်၍ကား မရှိပါပေ၊ဟိ-မှန်၊ (တနည်း) ဟိ—ခဲ့၊ စက္ခုပသာဒံ-စက္ခုပသာဒကို၊ (စက္ခုပသာဒတည်းဟူသော စက္ခုန္ဒြေကို၊)နိဿာယ-မှီ၍၊ သတိ-သတိသည်၎င်း၊ (သတိတည်းဟူသောသံဝရသည်၎င်း၊) မုဋ္ဌဿစ္စံ ဝါ— ပျောက်ကင်းသော သတိရှိသူ၏ အဖြစ်သည်၎င်း၊ (သတိ ကင်းသော အကုသိုလ်စိတ်ဟူသော အသံဝရသည်၎င်း၊) နဥပ္ပဇ္ဇတိ၊ [စက္ခုပသာဒကိုမှီ၍ ဖြစ်သော စက္ခုဝိညာဉ် အခိုက်အတန့်၌ သတိယှဉ်လျက် မပါ၊ မုဋ္ဌဿစ္စ အကုသိုလ်လည်း မဖြစ်နိုင်၊] အပိစ—စင်စစ်ကား။ ယဒါ—၌၊ ရူပါရမ္မဏံ-သည်၊ စက္ခုဿ—စက္ခုပသာဒ၏၊ အာပါထံ- ရှေးရှုကျခြင်းသို့၊အာဂစ္ဆတိ-ရောက်၏၊ တဒါ-ထိုအခါ၌၊ ဘဝင်္ဂေ-သည်၊ ဒွိက္ခတ္တုံ- ၂ ကြိမ်၊ ဥပ္ပဇ္ဇိတ္ဝာ - ဖြစ်ပြီး၍ နိရုဇ္ဈေ - ချုပ်ပြီးလသော်၊ ကိရိယမနောဓာတု-ကြိယာမနောဓာတ်သည်၊(ပဉ္စဒ္ဒါရာဝဇ္ဇန်းသည်၊) အာဝဇ္ဇနကိစ္စံ—အာဝဇ္ဇန်းကိစ္စကို၊ သာဓယမာနာ-ပြီးစေလျက်၊ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ၊ တတော-ထိုမှနောက်၌၊ စက္ခုဝိညာဏံ— သည်၊ ဒဿနကိစ္စံ-မြင်ခြင်းကိစ္စကို။ (သာဓယာမာနံ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ)၊ တဇ္ဇာ, ဝိပါကမနောဓာတု-သည်၊ (သပ္ပဋိဘဏ်းသည်၊) သမ္ပဋိစ္ဆနကိစ္စံ-သမ္ပဋိစ္ဆဏ်းကိစ္စကို၊ (သာဓယမာနာ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ)၊ တဇ္ဇာ,ဝိပါကာ၊ပေ၊ဓာတု-ဝိပါက် အဟိတ်မနောဝိညာဏဓာတ်သည်၊ သန္တီရဏကိစ္စံ - သန္တီရဏကိစ္စကို၊ (သာဓယမာနာ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ၊) တတော,ကြိယာ၊ ပေ၊ဓာတု—ကြိယာအဟိတ် နောဝိညာဏဓာတ်သည်၊ ဝေါဋ္ဌပနကိစ္စံ-ဝုဋ္ဌောကိစ္စကို၊ ပေ၊ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ၊ တဒနန္တရံ—ထိုဝုဋ္ဌော၏ အခြားမဲ့၌၊ ဇဝနံ-သည်၊ ဇဝတိ-စော၏။

တတြာပိ— ထိုဘဝင်အစရှိသည်တို့တွင်လည်း၊ ဘဝင်္ဂသမယေ— ဘဝင်၏ ဖြစ်ရာအခါ၌၊ (သံဝရောဝါ-သည်ဆင်း၊ အသံဝရောဝါ—သည်ဆင်း၊ ကိုဆိုပြီ) နေဝ (အတ္ထိ)-အကယ်၍ကား မရှိပါပေ၊ အာဝဇ္ဇနာဒီနံ-အာဝဇ္ဇန်းအစရှိသည်တို့တွင်၊အညတြသမယေ— တပါးပါး၏ဖြစ်ရာအခါ၌၊ သံဝရောဝါ အသံဝရောဝါ,(ကိုဆိုပြီ)နှ အတ္ထိ၊ ပန—ထိုသို့ပင် မရှိသော်လည်း၊ ဇဝနက္ခဏေ-ဇော

ဇဝန၊ပေ၊ဒုဿီလျံ။ ။"ဒုဿီလျ" ဟူသည် သီလမရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ကာယဒုစရိုက်, ဝစီဒုစရိုက်တည်း၊ ထိုဒုစရိုက်အမှုသည်ကာယဝိညတ် ဝစီဝိညတ်နှင့် မကင်းနိုင်၊ ထိုဝိညတ်ကိုလည်း ပဉ္စဒ္ဒါရိကဇောတို့က မဖြစ်စေနိုင်၊ [ဤဥစ္စာဒုက္ခဒ္ဒါရိက

ခဏဋ္ဌိ၊ဒုဿီလျ ံဝါ-သီလမရှိသူ၏ အဖြစ်သည်၎င်း၊ မုဋ္ဌဿစ္စံဝါ-ပျော်က်ကင်း သောသတ္တိရှိသူ၏ အဖြစ်သည်၎င်း၊ အညာဏံဝါ — ဉာဏ်၏ ဆန့်ကျင်ဘက် မောဟရှင်း၊ အက္ခန္တိဝါ-သည်းခံခြင်း၏ဆန့်ကျင်ဘက် ဒေါသ ဒေါမနဿ သည်၎င်း၊ ကောသဇ္ဇံဝါ—ပျင်းရိသူ၏ အဲဖြစ်သည်၎င်း၊ ဥပ္ပဇ္ဇတိ၊ အသံဝရော အသံဝရသည်၊ ဟော်တိ၊ (ထိုဒုဿီလျ၊သည်ဘို့၏ဖြစ်ခြင်းကိုပင် "အသံဝရ" ဟုခေါ်ရသည် -ဟူလို။)

ပန—ဆက်၊ ဧဝံ-သို့၊ ဟောန္တော—ဖြစ်သော၊ သော—ထိုအသံဝရကို၊စက္ခု နြိယေ အသံဝရောတိ—ဟူ၍၊ ဝုစ္စတိ၊ကသ္မာ—အဘယ်ကြောင့်၊ (ဧဝံဟောန္တော ဤသို့ဖြစ်သော၊ သော -ထိုအသံဝရကို၊ စက္ခုနြိယေ အသံဝရောတိ—ဟူ၍ ဝုစ္စတိ—ဆိုအပ်သနည်း၊) ယသ္မာ—ကြောင့်၊ တသ္မိ အသံဝရေ—ထို အသံဝရ သည်၊ သတိ-ရှိလသော်၊ဒ္ဝါရမ္ပိ—စက္ခုဒ္ဝါရသည်လည်း၊ ဝါ—ကိုလည်း-အဂုတ္တိ-မစောင့်ရှောက်အပ်သည်၊ (မလုံခြုံသည်၊) ဟောတိ၊ ဘဝင်္ဂံပိ—သည်၎င်း၊အာ ဝဇ္ဇနာဒီနိ—အာဝဇ္ဇန်း အစရှိကုန်သော၊ ဝီထိစိတ္တာနိပိ—ဝီထိစိတ်တို့ သည်၎င်း၊ အဂုတ္တာနိ—မစောင့်ရှောက်အပ်ကုန်သည်၊ ဝါ-မလုံခြုံကုန်သည်၊ ဟောန္တိ၊) ယထာ ကိံ—အဘယ်ကဲ့သို့နည်း၊နဂရေ—မြို့၌၊စတူသု-၄ဘက်ကုန်သော၊ဒ္ဝါရေ သု-တံခါးတို့ကို၊ အသံဝုတေသု-မစောင့်ရှောက်အပ်ကုန်လသော်၊ အန္တော-မြို့အတွင်း၌၊ ဃရဒ္ဝါရကောဋ္ဌက ဂုတ္တါဒယော-အိမ်, တံခါးမုခ်, အခန်း အစ ရှိသည်တို့သည်၊ သုသံဝုတာ-ကောင်းစွာစောင့်ရှောက်အပ်ကုန်သည်၊ ကိဉ္စာပိ (ဟောန္တိ)-အကယ်၍မူလည်း ဖြစ်စေကုန်ဦးတော့၊ တဆာပိ-ထိုသို့ပင် ဖြစ်ပါ ကုန်သော်လည်း၊ အန္တောနဂရေ-မြို့၏အတွင်း၌၊ သဗ္ဗံ - အလုံးစုံသော၊ ဘဏ္ဍံ—

ဇောခဏကို ဆိုနေရာဌနတည်း။] ထို့ကြောင့်ဒုဿီလျစေတနာကို ဤစက္ခုဒ္ဝါရဇော ခဏ၌ မဖြစ်စေနိုင်ပါသော်လည်း မနောဒ္ဝါရအတွက်အထူးဆိုတော့မည် မဟုတ်သော ကြောင့်ဤစက္ခုဒ္ဝါရ၌ ပေါင်း၍ပြခြင်းငှါ"ဒုဿီလျံဝါ"ဟုထည့်၍ဆိုသည်၊အဓိပ္ပါယ် ယူသောအခါ ဖြစ်သင့်သလို ယူရမည်၊ ပဋ္ဌဒ္ဝါရ၌ ဒုဿီလျကိုမယူဘဲ မနောဒ္ဝါရကျမှ ဒုဿီလျကို အသံဝရအဖြစ်ဖြင့် ယူပါ၊ မုဋ္ဌဿစ္စသည်ကား ၆ ဒ္ဝါရလုံး၌ပင်ဖြစ်နိုင်ပါ သည်။ [ယထာသမ္ဘဝန္တိ—ဒုဿီလျာသံဝရော မနော ဒ္ဝါရဝသေန, သေသာသံဝရာ ဆဒ္ဝါရဝသေန ယောဇေတဗ္ဗာ၊ —အနု။]

ယ ထာ ကိံ။ ။ယေန ပကာရေန— အကြင်သို့သော အပြားအားဖြင့်၊ ဇာနေ-ဇောဏ္ဍ၌၊ ဥပ္ပဇ္ဇမာနော-သော၊ အသံဝရော—ကိုစက္ခုနြိယေ အသံဝရောတိ—ဟူ၍ ဝုစ္စတိ—၏၊ တံနိဒဿနံ—ထိုအပြားကို ညွှန်ပြကြောင်းဖြစ်သော ဥပမာသည်၊ ကိံ-အဘယ်နည်း၊ ဤသို့လည်း အနက်ကျယ်ပေးနိုင်၏။ [ယေန ပကာရေန ဇဝနေ ဥပ္ပဇ္ဇ မာနော အသံဝရော "စက္ခုနြိယေ အသံဝရောတိ" ဝုစ္စတိ၊ တံ နိဒဿနံ ကိန္တိ အတ္ထော၊ —အနု၊]

ဘဏ္ဍာသည်၊ အရက္ခိတံ(၉၀)-မစောင့်ရှောက်အပ်သည်သာလျှင်၊အဂေါပိတ
မေဝ—မလုံခြုံစေအပ်သည်သာလျှင်၊ ဟောတိယထာ—ဖြစ်သကဲ့သို့၊ ဟိ—မှန်၊
နဂရဒ္ဓါရေန မြို့တံခါးဖြင့်၊ပဝိသိတ္ဝာ-ဝင်၍၊စေ ရာ-ခိုးသူတို့သည်၊ ယထိစ္ဆကံ-
အလိုရှိတိုင်း၊ ကရေယျုံ ယထာ—ပြုကုန်ရာသကဲ့သို့၊ ဧဝမေဝ-တူပင်၊ ဇာဝနေ—
ဇောခဏ၌၊ ဒုဿီလျာဒီသု-ဒုဿီလျ အစရှိသည်တို့သည်၊ ဥပပဇ္ဇေသု-ဖြစ်ကုန်
လသော်၊ တသ္မိံ အသံဝရေ—ဆို အသံ ရသည်၊ (ဒုဿီလျ အစရှိသော
အသံဝရသည်၊)သတိ-သော်၊ ဒ္ဝါရံပိ—စက္ခုဒ္ဝါရသည်လည်း၊အဂုတ္တံ-မစောင့်
ရှောက်အပ်သည်၊ ဟောတိ၊ ဘဝင်္ဂမ္ပိ-သည်ဌင်း၊ အာဝဇ္ဇနာဒီနိ-နှံသော၊ ဝိထိ
စိတ္တာနိပိ-တို့သည်ဌင်း၊ (အဂုတ္တာနိ—ကုန်သည်၊ ဟောန္တိ)၊ ဣ .ကြောင့်၊
(ဧဝံ ဟောန္တော—ဤသို့ဖြစ်သော၊ သော-ထို အသံဝရကို၊ ကဒ္ဒုန္တိယေ
အသံဝရောတိ—ဟူ၍၊ ဝုစ္စတိ-၏။)

သောတေန သဒ္ဒံ သုဘ္ဘာတိ အာဒီသုပိ—အစရှိသော ပါဠိရပ်တို့၌လည်း၊
သေဝနယော၊ ယာ ဣဓမသန္တိ-ကား၊ ဧဝံ-သို့၊ သံဝရံ-စောင့်စည်းခြင်းသို့၊
အနာပဇ္ဇန္တသ-မရောက်သောပုဂ္ဂိုလ်၏၊ဆန္နံ-နှံသော၊ ဣမေသံဣန္ဒြိယာနံ-ဤ
ဣန္ဒြေတို့ကို၊ ယာ အဂုတ္တိ—အကြောင် မလုံခြုံစေခြင်းသည်၊ ယာ အဂေါပနာ—
အကြောင်မလုံခြုံစေခြင်းသည်၊ ယော အနာရက္ခော-အကြောင် မ စောင့်ရှောက်ခြင်း
သည်၊ ယော အသံဝရော-အကြောင် မစောင့်စည်း ခြင်းသည်၊ အထကနံ—မပိတ်
ခြင်းသည်၊ အပိဒဟနံ-မပိတ်ခြင်းသည်၊ (အတ္ထိ)၊ ဣဘိ အတ္ထော။ [အထကနံ
ကား အဂုတ္တိစသည်တို့၏ အနက်ဖွင့်တည်း၊ အထကနံကို "အပိဒဟနံ" ဟု
ထပ်ဖွင့်သည်။]

ဘောဇနေအမတ္တညုဘာနိဒ္ဒေသေ-၌၊ ဣဓေကစ္စော-ကား၊ ဣမသ္မိံ သတ္ထု
လောကေ-၌၊ ဧကစ္စော-အချို့ သောပုဂ္ဂိုလ်သည်၊ အပဋိသင်္ခါတိ-ကား၊ ပဋိ
သင်္ခါနပညာယ-စဉ်းစားဆင်ခြင်တတ်သောပညာဖြင့်၊ အဇာနိတွာ-မသိမူ၍၊

ယထာ၊ပေ၊ဧဝမေဝ။ ။ဥပမာနှင့် မြို့တံခါးသည် ရှုးဦးစွာတွေ့ရသော ဌာန
ဖြစ်၏၊ အပြင်လည်းကျ၏၊ ဥပမေယျိ၌ ဇောသည် ဒိထိဘခု၌ ရှေးဦးစွာ တွေ့ရသော
တရားမဟုတ်၊ အတွင်းရောက်နေ၏၊ သို့ပါလျက် အဘယ်နည်းဖြင့် တူသည့်အဖြစ်ကို
ပြရပါသနည်းဟု မေးဘွယ်ရှိ၏၊ အဖြေကား-ဇောခဏ၌ အသံဝရဖြစ်လျှင် ထိုဇောနှင့်
ဆက်သွယ်နေကုန်သော တရားတို့၏ အသံဝရဖြစ်ပုံကိုဌင်း, ဇောခဏ၌ သံဝရဖြစ်လျှင်
လည်းထိုတရားတို့၏ သံဝရဖြစ်ပုံကိုဌင်း, မြို့တံခါးကို မစောင့်လျှင်အတွင်း၌အိမ်တံခါး
မှန်စသည်တို့၏ မလုံခြုံပုံနှင့်ဌင်း,စောင့်လျှင်လုံခြုံပုံနှင့်ဌင်း, တူကြောင်းကိုဥပမာပြခြင်း
ဖြစ်ပါသည်၊ ရှေ့နောက်အားဖြင့် တူပုံ, အတွင်းကျပုံ, အပြင်ကျပုံကို ဥပမာပြလိုရင်း
မဟုတ်ပါ။ [ယထာကိ ံတိ အာဒိနာ၊ပေ၊အန္ဓောဗဟိသာမညံဝါ၊—ဋီကာ။] ဋီကာ၌
အခြားနည်းများကိုလည်း ပြထားသေး၏။

အနုပဓာရေတွာ-မစ္ဆုးစမ်းမဆင်ခြင်မှု၍၊ (“အာဟာရေတိ”ဋ္ဌစပ်၊)အယောနိသောတိ-ကား၊ အနုပါယေန-သင့်လျော်သောအကြောင်း၏ ဆန့်ကျင်ဘက်အားဖြင့်၊ ဝါ-မသင့်လျော်သော အကြောင်းအားဖြင့်၊ [“ခန္ဓကောဋ္ဌာသပဿာဝ, မဂ္ဂဟေတုသုယောနိသာ”ဟူသော အဘိဓာန်(၁၄၁) ဂါထာလာယောနိသဒ္ဒါ၏ အနက်တို့ဘင် ဟေတု အနက်ဟောတည်း၊ ဟေတုနှင့် ဥပါယလည်းအနက်တူပင်။] အာဟာရန္တိ-ကား၊ အသိဘပိဘာဒိ အဇ္ဈောဟရဏီယံ-စားဘွယ် သောက်ဘွယ် အစရှိသော မျိုထိုက်သောအာဟာရကို၊ အာဟာရေတီတိ-ကား၊ ပရိဘုဥ္ဇတိ – သုံးဆောင်၏၊ အဇ္ဈောဟရတိ – ခံတွင်းသို့ရှေးရှုဆောင်၏၊ ဝါ-စားမျိ၏၊ဒဝါယဘာတိ အာဒိ-ဒဝါယအစရှိသော စကားရပ်ကို၊ အနုပါယဒဿနတ္ထံ-သင့်လျော်သောအကြောင်း၏ ဆန့်ကျင်ဘက်ကို ပြခြင်းအကျိုးငှါ၊ ဝါ-မသင့်လျော်သောအကြောင်းကိုပြခြင်းအကျိုးငှါ၊ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ဟိ–မှန်၊ အနုပါယေန-သင့်လျော်သောအကြောင်း၏ဆန့်ကျင်ဘက်အားဖြင့်၊ ဝါ-မသင့်လျော်သောအကြောင်းအားဖြင့်၊ အာဟာရေန္တော-အာဟာရကိုပြုသော ပုဂ္ဂိုလ်သည်၊ ဝါ–စားမျိုသောပုဂ္ဂိုလ်သည်၊ ဒဝတ္ထာယ-ရွှင်လန်းခြင်းအကျိုးငှါသော်၎င်း၊ မဒတ္ထာယ– မာနမဒ ပုရိသမဒအကျိုးငှါသော်၎င်း၊မဏ္ဍနတ္ထာယ–ခပြုပြစ်ပြည့်ဝင်းအဆင်းလှခြင်း အကျိုးငှာသော်၎င်း၊ ဝိဘူသနတ္ထာယဝါ–အသားပြည့်ဖြိုးပွားတိုးခြင်းအကျိုးငှာသော်၎င်း၊ အာဟာရေတိ-အာဟာရကိုပြု၏၊ ဝါ–စားမျိ၏။ [ဒဝတ္ထာယ-စသည်ဘို့၏ အနက်ကို ဘောဇနေ မတ္တညုတာနိဒ္ဒေသအဖွင့် ကြည့်ပါ။] ဣဒမတ္ထိတံ-ဤအာဟာရဖြင့် သံသရာဝဋ်မှ ထွက်မြောက်ခြင်းအကျိုး ရှိသူ၏အဖြစ်ကို၊ ပဋိစ္စ–စဲ၍၊ နော(အာဟာရေတိ)-အာဟာရကိုမပြု၊ ဝါ–မစား။

အာဟာရေတိ ။ ။ စားမျိုခြင်းအနက်ကို ဟောသော အာပုဗ္ဗ ဟရဓာတ်သည် ဘူဝါဒိဂိဏ်းတည်း၊ ထို့ကြောင့်“အာဟာရေတိ”ဟု မရှိနိုင်၊ “အာဟရတိ”ဟုသာ ရှိနိုင်၏၊ စာအုပ်တို့၌“အာဟာရေတိ”ဟု တညီတညွတ်တည်း ရှိနေသောကြောင့် အာဟာရံဟူသော နာမ်ပုဒ်နောင် ကရဓာတ်၏အနက်၌ဋုပစ္စည်းသက်၍“အာဟာရေတိ-အာဟာရကို ပြု၏”ဟု သဒ္ဒတ္ထဖြစ်၏၊ ပရိဘုဥ္ဇတိစသည်ကား အဓိပ္ပါယတ္ထတည်း၊ “အာဟာရံအာဟရတိ”ဟု ရှိလျှင်ကား“စားမျိ၏”ဟု တိုက်ရိုက်ပင်ကြံနိုင်ပါသည်။

ဣဒမတ္ထိတံ။ ။အတ္ထော ယသ အတ္ထိတိ အတ္ထိ၊ ဣမိနာ+အတ္ထိ ဣဒမတ္ထိ–၌ အာဟာရဖြင့် သံသရာဝဋ်မှ ထွက်မြောက်ခြင်းအကျိုးရှိသူ၊ “ဣဒမတ္ထိနော+ဘာဝေါ ဣဒမတ္ထိတာ၊ ဋိကာ၌“ဣဒမတ္ထိကတာ” ဟုဣကပစ္စည်းဖြင့် ပါဠိ၌ရှိ၏၊ သင့်သည်ချည်း၊ အာဟာရကိုစားခဲ့ဒဝ မဒ စသည်အကျိုးငှါစားလျှင်“အယောနိသောအာဟာရေတိ”ဖြစ်၏၊ ဤအာဟာရဖြင့် သံသရာဝဋ်မှ ထွက်မြောက်ဘို့ရန် စာပေကျမ်းဂန် သင်အံ့လေ့လာနိုင်ခြင်း, သီလ သမာဓိ ဝိပဿနာ ရဟန်းတရားကိုပွားများ အားထုတ်နိုင်ခြင်း အကျိုးငှါ စားလျှင် “ယောနိသော အာဟာရေတိ”ဖြစ်၏။

ယာယတ္ထ အသန္တုဋ္ဌိတာတိ-ကား၊အယောနိသေ၊-သင့်သော အကြောင်း၏ ဆန့်ကျင်ဘက်အားဖြင့်၊) မသင့်သော အကြောင်းအားဖြင့်၊)တသ္မိ အာဟာရ ပရိဘောဂေ-ထိုအာဟာရကို သုံးဆောင်ခြင်းဌ်၊ ယာ အသန္တုဿနာ-အကြင် မတင်းတိမ် မရောင့်ရဲခြင်းဟူသော လောဘသည်၊ ယော အသန္တုဋ္ဌိဘာဝေါ-အကြင် တင်းတိမ်ရောင့်ရဲခြင်းမရှိသူ၏ အဖြစ်ဟူသော လောဘသည်၊(အတ္ထိ)၊ အမတ္တညုတာတိ-ကား၊ အမတ္တညုဘာဝေါ—အတိုင်းအရှည်းကို မသိသူ၏ ဖြစ်၊ကြောင်းဖြစ်ရာ မောဟဲသည်၊ပမာဏာသခ်္ခါတာယ-ပမာဏဟုဆိုအပ်သော၊ မတ္တာယ — အတိုင်းအရှည်ကို၊ အဇာနနံ — မသိခြင်းဟူသော မောဟသည်၊ (အတ္ထိ)၊ အယံ ဝုစ္စတိတိ—ကား၊အပစ္စဝေက္ခိတ ပရိဘောဂဝသေန-မဆင်ခြင်အပ်ပဲ အာဟာရကို သုံးဆောင်ခြင်း၏ အစ္ဓမ်းဖြင့်၊(မဆင်မခြင် သုံးဆောင်ခြင်းနှင့် စပ်သဖြင့်၊)ပဝတ္တာ-ဖြစ်သော၊ အယံ-ဤလောဘမောဟကို၊ ဘောဇနေ အမတ္တညုဘာနာမ-ဘောဇနေ အမတ္တညုဘာမည်၏ဟူ၍၊ဝုစ္စတိ-၏။

ကုန္ဒြိယသု ဂုတ္တဒ္ဒါရတာနေဒ္ဒေသ - ကုန္ဒြိယသု ဂုတ္တဒ္ဒါရတာနိဒ္ဒေသဌ်၊ စက္ခုနာတိ အာဒိ-အစရှိသော စကားရပ်ကို၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ (ကုန္ဒြိယသုအ့ဂုတ္တဒ္ဒါရတာနိဒ္ဒေသဌ် ဆိုအပ်ပြီးသော နည်းဖြင့်သာ၊) ဝေဒိတဗ္ဗံ၊ နနိမိတ္တဂ္ဂါဟီ ဟောတိတိ—ကား၊ ဆန္ဒရာဂဝသေန-ဖြင့်၊ ဝုတ္တပ္ပကာရံ-ဆိုအပ်ပြီးသော အပြားရှိသော၊(“ကုတ္ထိပုရိသနိမိတ္တံဝါ” စသည်ဖြင့် ဆိုအပ်ပြီးသော အပြားရှိသော၊)နိမိတ္တံ—နိမိတ်ကို၊ နဂဏှာတိ-မယူ၊ ဇဝံ-တူ၊ သေသပဒါနိပိ-ကြွဲးသော ပုဒ်တို့ကိုလည်း၊ ဝုတ္တပဋိပက္ခ နယေနနဝ — ကုန္ဒြိယသု အဂုတ္တဒ္ဒါရဘာ နိဒ္ဒဋ္ဌသဌ် ဆိုအပ်ပြီးသောနည်း၏ ဆန့်ကျင်ဘက်နည်းအားဖြင့်သာလျှင်၊ ဝဒိဘဗ္ဘာနိ-နှ၏၊ စ-ဆက်၊ ပေဋ္ဌာ-ဌ်၊ (ကုန္ဒြိယသု အဂုတ္တဒ္ဒါရတာနိဒ္ဒေသဌ်၊) ဇဝနေ-ဇောဌ်၊ ဒုဿီလျာဒီသု—ဒုဿီလျ အစရှိသည်တို့သည်၊ ဥပပဇ္ဇန္တေသု—နှ်လသော်။ တသ္မိံ အသံဝရေ · သည်၊ သတိ-သော်၊ ဒွါရံပိ—ဒွါရသည်လည်း၊ အဂုတ္တံ—မစောင့်ရှောက်အပ်သည်၊ (မသုံခြုံသည်၊) ဟောတိ၊ ဘဝင်ံပိ—သည်ရင်း၊ အာဝဇ္ဇနာဒီနိ-နှ်သော၊ ဝီထိစိတ္တာနိပိ— ဗဟိသည်ရင်း၊ (အဂုတ္တာနိဟောန္တိ)၊ ဣတိ-သို့၊ ဝုတ္တံယထာ-ကဲ့သို့၊ ဇဝံ-တူ၊ ဥဒ်—ဤဇောဌ်သော ဒုဿီလျသဒ္ဒါရတာနိဒ္ဒေသဌ်၊ တသ္မိံ-ထိုဇောဌ်၊ သိလာဒီသု - သိလ အစရှိသည်တို့သည်၊ ဥပပဇ္ဇန္တေသု-နှ်လသော်။ [“သိလာဒီသုပိ” ဟု ပိပါသည်ကား အပို၊ ဇဝံဖြင့်ပင်ညွှန်ပြပြီးဖြစ်သည်။]ဒွါရံပိ-သည်လည်း၊ ဂုတ္တံ-သည်၊ ဟောတိ၊ ဘဝင်ံပိ-ရင်း၊ အာဝဇ္ဇနာဒီနိ—နှ်သော၊ဝီထိစိတ္တာနိပိ—ရင်း၊(ဂုတ္တာနိဟောန္တိ။)

ယထာကိံ-ဥပမာ အဘယ်ကဲ့သို့နည်း၊ [ရှေးနည်းအတိုင်း အကျယ်လည်းပေးနိုင်သည်၊]နဂရဒ္ဒါရေ-မြို့တံခါးကို၊သုသံဝုတေ-ပေါင်းစွာ ဖောင့်ရှောက်အပ်သော်၊ ဘန္တော မြို့တွင်း၌၊ ဃရာဒယော-အိမ်အစရှိသည်တို့သည်၊ အသံဝုတေ

တာ-မစောင့်ရှောက်အပ်ကုန်သည်၊ (မပိတ်ဆို့အပ်ကုန်သည်၊) ကိဉ္စာပိ ဟောန္တိ-အကယ်၍မူလည်း ဖြစ်ဧကုန်ဦးတော့၊ တထာပိ - ထိုသို့ပင် ဖြစ်ပါကုန်သော်လည်း၊ အန္တောနဂရေ-၌၊ သဗ္ဗံ-သော၊ ဘဏ္ဍံ-သည်၊ သုရကွိတံ (၉၀)-ကောင်းစွာ၊ စောင့်ရှောက်အပ်ပြီးသည် သာလျှင်၊ သုဂဂါပိတမေဝ-ကောင်းစွာ လုံခြုံစေအပ်ပြီးသည်လျှင်၊ ဟောတိ-ဖြစ်တော့၏။ နဂရဒ္ဒါရေသု-တို့ကို၊ ပိဟိတေသု-ပိတ်အပ်ပြီးကုန်လသော်၊ စောရာနံ-တို့၏၊ပဝေသော-ဝင်ခြင်းသည်၊နတ္ထိယထာ၊ ဧဝမေဝ - တူပင်။ ဇဝနေ-၌၊ သီလာဒီသု-တို့သည်၊ ဥပ္ပန္နေသု-န်လသော်၊ဒွါရံပိဂုတ္ထံဟောတိ၊ ပေါဝိထိစိတ္တာနိ၊ (ဂုတ္တာနိဟောန္တိ၊) တသ္မာ,ဇဝနကွဏေ-၌၊ ဥပ္ပဇ္ဇမာနောပိ - ဖြစ်ပါသော်လည်း၊ ဝါ - ဖြစ်သည်လည်းဖြစ်သော၊(သံဝရော-ကို၊)စက္ခုန္ဒြိယေ သံဝရောတိ-ဟူ၍၊ ဝုတ္တော—ပြီ၊ သောတေန သဒ္ဒံ သုတ္ဝာတိ အာဒီသုပိ-တို့၌လည်း၊ ဧသေဝနယော။

ဘောဇနေ မတ္တညုတာနိဒ္ဒေသေ-၌၊ ပဋိသင်္ခါ၊ပေါအာဟာရေတိတိ-ကား၊ ပဋိသင်္ခါနပညာယ- စဉ်းစား ဆင်ခြင်တတ်သော ပညာဖြင့်၊ ဇာနိတ္ဝာ- သိ၍၊ ဥပါယေန-သင့်လျော်သော အကြောင်းအားဖြင့်၊ အာဟာရံ- အာဟာရကို၊ ပရိဘုဉ္ဇတိ-သုံးဆောင်၏။ ဣဒါနိ—၌၊ တံဥပါယံ- ထိုသင့်လျော်သောအကြောင်းကို၊ ဗဿေတုံ-၌၊ ဧနဝ ဒဝါယ၊တိဒုဒါဒိ-အစရှိသော စကားရပ်ကို၊(ဘဂဝတာ၊)ဝုတ္တံ၊တတ္ထ· ထိုနေဝဒဝါယ အစရှိသော စကားရပ်၌၊ နေဝဒဝါယာတိ-ကား၊ဒဝတ္ထာယ-ရှင်လန်းခြင်းအကျိုး၌၊ နအာဟာရေတိ- အာဟာရကို ပြုသည်မဟုတ်၊ဝါ-စား၊မျိုသည်မဟုတ်၊တတ္ထ-ထိုနေဝဒဝါယဟူသော ပါဌ်၌၊ နဋ္ဌလဿကာဒယော- ကခေျသည် ဂျမ်းသမား အစရှိသည်တို့သည်၊ ဒဝတ္ထာယ-ရှင်လန်းခြင်းအကျိုး၌၊ အာဟာရေန္တိနာမ-အာဟာရကို ပြုသူတို့မည်၏။ ဝါ-စား၊မျိုသူတို့ မည်၏၊ ဟိ-မှန်၊ ယံဘောဇနံ - အကြင်ဘောဇဉ်ကို၊ ဘုတ္တာသ-စား၊ပြီးသော ပုဂ္ဂိုလ်အား၊နစ္ဘ ဂိဘကဗျသိလောက သဒ်္ဒါတော-ကခြင်း,သီဆိုခြင်း,ကဗျာဖွဲ့ခြင်း,ဂါထာဖွဲ့ခြင်းဟု ဆိုအပ်သော၊ဒဝေါ=ရှင်လန်းခြင်းသည်၊ အတိရေကတရေန -ရှေးကထက် ပိုလွန်သော အားဖြင့်၊ ပဋိဘာတိ — ရှေးရှု

ယံ ဟိ၊ ပေါပဋိဘာတိ။ ။မိမိကြိုက်သောအစာကို (အရက်ကြိုက်သူကအရက်ကလေးကို) စားသောက်ရလျှင် က,ပြုရ, သီဆိုရသည်မှာ ရှေးတုန်းကထက်ဉာဏ်ရှင်လာ၏၊ ကဗျာဖွဲ့ခြင်း,ဂါထာဖွဲ့ခြင်းဟူသော စာရေးရခြင်းမှာလည်း ရှေးတုန်းကထက် ဉာဏ်ရှင်လာ၏။ ထို့ကြောင့် ဤနေရာ၌ ရှာသူ သားငယ်တို့ကဲ့သို့ မြူးတူးပျော်ပါးကစားခြင်းကို "ဒဝ" မယူရပဲ နစ္ဘ ဂိတစသော ရှင်ပြမှုကို "ဒဝ" ဟု ယူရသည်။

ကဗျသိလောက။ ။ကဝိနော-ကဗျာတတ်သိ ပညာရှိ၏+ဏ္ဍံကဗျံ၊ဏျပစ္စည်းဝုဒ္ဓိရောက်ပြီးမှ ရသ ပြု၍"ကဗျ"ဟု ဖြစ်၏၊ [သက္ကတဘဋ္ဋကား ကာဋ္ဌရသ မပြုပဲ "ကာဗျံ"ဟု ရှိသည်။] သိလောကဓာတ်သည် "ပဇ္ဇရစန (ဂါထာစိခြင်း) ထုတ်

ထင်လာ၏၊ (ဉာဏ်ရှင်လာ၏၊) တံဘောဇနံ-ကို၊ အဓမ္မေန - မတရားသဖြင့်၊ ဝိသမေန - မညီညွတ်သဖြင့်၊ ပရိယေသိတ္ဝာ-ရှာမှီး၍၊ တေ-ထိုကဲ့ခြသည့်, ဂျမ်းသမားစသူတို့သည်၊ အာဟာရေန္တိ-အာဟာရကို ပြုကုန်၏၊ ဝါ-စားမျိုကုန်၏၊ အယံ ပနဘိက္ခု-သည်ကား၊ ဝေံ-ဤသို့၊ နအာဟာရေတိ။

နမဒါယာတိ-ကား၊ မာနမဒပုရိသမဒါနံ-ယစ်မူးခြင်းဖြစ်သော မာန် မာန, ငါယောကျ်ားဟု ဆောင်လွှားတတ်သော မာန်မာန (ရာဂ)တို့၏၊ ဝမုန္ထာယ-တိုးပွားခြင်း အကျိုးငှါ၊ နဒါဟာရေတိ၊ တတ္ထ-ထိုနမဒါယဟူသော ပါဠိ၌၊ ရာဇဆာဇမဟာမတ္တာ-မင်း, မင်း၏ အုမတ်ကြီးတို့သည်၊ မဒတ္ထာယ-မာနမဒ, ပုရိသမဒအကျိုးငှါ၊ အာဟာရေန္တိနာမ၊ ဟိ-မှန်၊ တေ - ထို မင်း, မင်း၏ အမတ်ကြီးတို့သည်၊ အတ္တာနော-၏၊ မာနမဒပုရိသမဒါနံ-တို့၏၊ ဝမုန္ထာယ-ငှါ၊ ပိဏ္ဍရသဘောဇနာဒီနိ-သကြား, ထောပတ်, နွားနို့ စသည်တို့ကို ပေါင်း၍ ကောင်းသော အရသာရှိသော အာဟာရတို့နှင့် ရောစပ်အပ်သော

(ချီးမွမ်းခြင်း)"စသောအနက်ကိုဟော၏၊ကဝိနာ သိလောကိယတော-ကဝိသည်ဖွဲ့စီအပ်၏၊ဇုတိသိလောကော၊ (တနည်း) သိလောကိယတိ ပသံသိယတိ ဇေတနာတိ သိလောကော-မင်းစသူကို ချီးမွမ်းကြောင်း ဖြစ်သော ဘုန်းတော်ဘွဲ့ ဂီတ။

မာနမဒပုရိသမဒါနံ။ ။မဒမှာတ်သည်"ယစ်မူးခြင်းအနက်'(၇၅၅)ထောင်လွှားမှာန်မူခြင်းအနက်" စသည်ကိုဟော၏၊ "သေယျောဟမသ္မိ-ငါမြတ်သည်, ငါတတ်သည်"စသည်ဖြင့် မာန်မူခြင်းသည်မာနမဒမည်၏၊ မဒတိ ဇေတနာတိ မဒေါ၊ မာနောယေဝ+မဒေါ မာနမဒေါ-ထောင်လွှားတက်ကြွကြောင်းမာန်၊ ငပထုန်ပိဂဲခြင်း၌ အားကောင်းသောကြောင့် ထောင်လွှားတက်ကြွသော မာနသည်, (တနည်း) ရာဂသည် ပုရိသမဒမည်၏၊ ပုရိသသ-၏+မဒေါ-ထောင်လွှားတက်ကြွသော သဘောတည်း၊ ပုရိသမဒေါ၊ [သေယျောဟမသ္မိတိ၊ပေ၊ပုရိသမ့ဒေါ၊-ဋီကာ၊] သောဇနာ၌"ပုရိသော တိ-ငါယောကျ်ားကွဟူ၍+ပဝတ္တော၊ မဒေါ ပုရိသမဒေါ" ဟုပြု၏။

ပိဏ္ဍရသဘောဇနာဒီနိ။ ။သကြား ထောပတ် နွားနို့ စသည်ဟိုးကိုပေါင်းစပ်၍ ဆန်ကို ချက်အပ်သောကြောင့် "ပိဏ္ဍိယတေတိ ပိဏ္ဍော" ဘဂုလိုအပေါင်းကိုရ၏၊ ပိဒိုဓာတ်သည် "ရာသိကရဏ" အနက်ဟော်တည်း၊ အလွန်အရသာရှိသောကြောင့် "ရသော တေသအတ္ထိတိရသော" ဟုပြု၊ (တနည်း) ဂဏ္ဌိပဒစာပြု၍ အရသာရှိသော ဘောဇဉ်ကို "ရသ" ဟုခေါ်ပါ၊ [အရသာဂုဏ်၏အမည်ကို ဂုဏ်ဘောဇဉ်၌ တင်စားထားသည်ကို "ဂုဏ္ဌပစာရ" ဟုဆိုသည်၊] ထိုပိဏ္ဍရသနှင့် ရောစပ်အပ်သောဘောဇဉ်ဖြစ်သောကြောင့် "ပိဏ္ဍရသေန+သုံသဋ္ဌံ၊ ဘောဇနံ" အရ ပိဏ္ဍရသ ဘောဇဉ်မည်၏၊ (တနည်း)ခတ်ပြစ်ပြစ်ချက်အပ်သော အသားရည်စသည် ရောစပ်ဖော်သော ဘောဇဉ်ကို "ပိဏ္ဍရသဘောဇန" ဟုခေါ်ပါ၊ [သဏ္ဌရ၊ပေ၊ဘောဇနံ-ဋီကာ၊] ရာဇဆာဇမဟာမတ္တစသူတို့သည် မာနမဒ ပုရိသမဒ တိုးပွားဘို့ရာ ဤကဲ့သို့ ပိဏ္ဍရသဘောဇဉ်စသည်ကို စားကြကုန်၏၊ ယခုကာလ ကာမအာသတိုးဆေးအစာတို့ကို စားခြင်းမျိုးကဲ့သို့တည်း။

ဘောဇဉ်အစရှိကုန်သော၊ ပဏီဘဘောဇနာနိ-မွန်မြတ်ဆသော ဘောဇဉ်တို့ကို၊ (မွန်မြတ်သော အာဟာရနှင့် ရောစပ်အပ်သော ဘောဇဉ်တို့ကို၊) ဘုဥ္ဇန္တိ၊အယံ ပန ဘက္ခု ဧဝံ နာမ အာဟာဒရတိ။

နာမဏ္ဍနာယဘာတိ-ကား၊ သရီရမဏ္ဍနတ္ထာယ-ကိုယ်ကို တန်ဆာဆင်ခြင်း အကျိုးငှာ၊ နအာဟာရေတိ၊ တတ္ထ-ထို နမဏ္ဍနာယဟူသော ပါဠိ၌၊ ရူပူပဇီဝိနိယော-အဆင်းကို မှီ၍ အာယက်မှေးတာဘ်ကုန်သော၊ မာတုဂါမာ-မိန်းမတို့သည်ရင်း၊ (ပြည်တန်းဆာမတို့သည်ရင်း၊) အဒန္ဓပုရိကာဒယောစ-နန်းတွင်းသူမ အစရှိသူတို့သည်ရင်း၊ သပ္ပိ ဖာဏိဘံနာဒ-ဆထာပတ်, တင်လဲမည်သည်ကို၊ ပိဝန္တိ-သောက်ကြကုန်၏၊ တေ-ထိုပြည်တန်းဆာမ, နန်းတွင်းသူမ အစရှိသူတို့သည်၊ သိနိဒ္ဓံ-အဆီအနှစ်ရှိသော၊ မုဒုံ-နူးညံ့သော၊ မန္ဒံ-အနည်းငယ်သော၊ဘောဇနံ-ကို၊အာဟာရဏ္ဍိ၊(ကိံ-အဘယ်သို့ရည်ရွယ်၍စား၊ကြသနည်း) ဧဝံ-ဤသို့ အဆီအနှစ်ပြည့်၍ နူးညံ့သော အာဟာရကို နဲနဲစားသည်ရှိသော်၊ နော-ငါတို့၏၊ အင်္ဂါလဋ္ဌိ-လက်ဆစ်ခြဆစ်သည်၊ သုသဏ္ဌိဘံ-ကောင်းသော သဏ္ဌာနရှိသည်၊ ဘဝိဿတိ၊ သရီရေ-၌၊ ဆဝဝဏ္ဏော-အရေအဆင်းသည်၊ ပသန္နော-ကြည်လင်သည်၊ ဘဝိဿတိ၊ ဣတိ-ဤသို့ရည်ရွယ်၍၊ အာဟာရေန္တိ။ [ဝလွန်းလျှင် ကြည့်မကောင်း၍ အစာကိုလျှော့စားကြသည်၊ ထိုသို့လျှော့လျှင် အားနည်းမည် စိုးသောကြောင့် အားမနည်းအောင် အဆီအနှစ် ရှိသော အာဟာရကို စားကြ ပေသည်၊] အယံ ပန ဘိက္ခု ဧဝံ နာမ အာဟာရေတိ။

နဝိဘူသနာယဘာတိ-ကား၊ သရီရေ-ကိုယ်၌၊ မံသဝိဘူသနတ္ထာယ-အသားတို့ တိုးပွားခြင်းအကျိုးငှာ၊ နအာဟာရေတိ၊ ဘတ္ထ-ထို နဝိဘူသနာယဟူသော ပါဠိ၌၊ (အဋ္ဌကထာ-ဓမ္မဓမ္မိကာဖဗ္ဗော၊) နိဒ္ဒုန္ဒုလ္လ မဋ္ဌကဒလ္လာဒယော-နပမ်းလုံးသော လက်ဝှေ့သတ်သားကဲ့, လက်သီးထိုးသော လက်ဝှေ့သမားကဲ့သို့သော အစရှိသူတို့သည်၊ သုသိနိဒ္ဓေဟိ-အလွန် အဆီအနှစ်ရှိကုန်သော၊ မစ္ဆမံသာဒီဟိ-ငါးအသား အစရှိသည်တို့ဖြင့်၊ သရီရမံသံ-ကိုယ်၏ အသားကို၊ ပံဏေန္တိ-တိုးပွားစေကြကုန်၏၊ (ကိံ-အဘယ်သို့ ရည်ရွယ်၍ တိုးပွားစေကြကုန်သနည်း၊) ဧဝံ-ဤသို့

နိဒ္ဒုန္ဒုလ္လ၊ပေါဒယော။ ။သဏ္ဍာဘဋ္ဌ ''နိယုဒ္ဓ''သည် ပါဠိဋ္ဌ ယကို ဝပြု, ဝကို ဗပြု၍ ''နိဗ္ဗုဒ္ဓ''ဟုဖြစ်၏၊စာအုပ်တို့၌ ဒွေဘော်လာ,ဗ္ဗပြု၍''နိဗ္ဗုဒ္ဓ''ဟုဒွေဘော်ဖြင့်တွေ့ရ၏၊ နိဂ္ဂယှ-နှိမ်၍(တနည်း) နိရတံ-အဖြိမပြတ်+ယုဒ္ဓေါ-ပုတ်ခတ်သူ၊ နိဗ္ဗုဒ္ဓေါ-သူ၊ မထစာတ်သည် လုံးထွေးခြင်းအနက်ကိုဟော၏၊ ထကိုလပြု,လပစ္ဆည်း၊ [ပစ္ဆည်းအမျိုးမျိုးသက်ကြ၏၊] မထတိ ဝိလောဠေတိဟိ မလ္လော၊ နိဒုဒ္ဓေါစ+သော+မလ္လော စာတိနိဗုဒ္ဓမလ္လော-နပမ်းလုံးသော (တချို့က တောင်ကျော်ကိုင်သောဟု ခေါ်သော) လက်ဝှေ့သမား၊ မုဋ္ဌိနာ-လက်သီးဖြင့်+ပဟရတိတိမုဋ္ဌိကော၊ မုဋ္ဌိကောစ+သော+မလ္လောစာတိမုဋ္ဌိကမလ္လော-လက်သီးထိုးသော နပမ်းသမား။

အဆီအနှစ်ရှိသော ငါးအသား အစရှိသည်တို့ကို စားရသည်ရှိသော်၊ ပဟာရသဟုနတ္ထာယ-တဖက်ရန်သူ၏ ထိုးပုတ်ခြင်းကို ခံနိုင်ခြင်းအကျိုးငှါ၊ နော—ငါ့တို့၏၊ မံသံ—အသားသည်၊ ဥဿဒံ—မျှားသည်၊ ဘဝိဿဘိ-လတ္တံ၊ ဣတိ-ဤသို့ရည်ရွယ်၍၊ (ပိဏ္ဍောန္တိ)၊ အယံ ပန ဘိက္ခု—သည်ကား၊ ဧဝံ—သို့၊ သရီရေ—၌၊ မံသဝိဘူသနတ္ထာယ—အသား၏ တိုးပွားခြင်းအကျိုးငှါ၊ န အာဟာရေတိ။

